
www.burmeseclassic.com

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

# နိုင်းဓလာ

သစ္စာမွန် တာဓပ

## အမှောင်ညခွင်းသော်




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးမှု ညီညွတ်ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးမြင့်မားရေး

သစ္စာမွန်စာပေတိုက်

ရဲ့

စင်တင်ကလောင်ရှင်

# နိုင်းမဟာ

---

# အမှောင်ညခွင်းသော်

(လျှို့ဝှက်စွန့်စားခန်းလုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေခြင်း | - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ် |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)<br>အမှတ်(၆၃)၊ ဩဘာလမ်း၊<br>ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - ဒေါ်အိမွန်သက်လှိုင် (မြ-၀၀၀၄၂)<br>သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊<br>တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - Lလင်း |
| ကွန်ပျူတာ | - ပန်းအိစံ |
| မြန်နှိုးရေး | - တူးတူး (သစ္စာမွန်) |
| အတွင်းပလင် | - ကိုအောင်ကျော် |
| စာအုပ်ချုပ် | - သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

> ၈၉၅.၈၃
>
> နိုင်းမဟာ
>
> အမှောင်ညှမှင်းသော်/နိုင်းမဟာ။ - ရန်ကုန်
>
> သိန်းမင်းစာပေ၊ ၂၀၁၃၊
>
> ၂၁၈ - စာ၊ ၁၂ × ၁၈ စင်တီ၊
>
> (၁)အမှောင်ညှင်းသော်


## အမှင့်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့(× × ×)လေယာဉ်ကြီး ထိုးဆိုက်လာသည်နှင့်...

လေဆိပ်အဆောက်အဦထဲမှ အရေးပေါ်လွှနာတင်ယာဉ်တစ်စီးမောင်းထွက်လာခဲ့သည်။ ထိုကားနောက်တွင် အထူးထောက်လှမ်းရေးတပ်ဖွဲ့ဝင်များလိုက်ပါသော ကားတစ်စီးပါလိုက်လာ၏။

အထူးထောက်လှမ်းရေးကားပေါ်တွင် ထောက်လှမ်းရေးအရာရှိရဲရင့်ဒီပါနှင့်တပ်ဖွဲ့ဝင်များလိုက်ပါလျက်...

"ဆရာ...လေယာဉ်ခရီးသည်တွေကိုတစ်ခါတည်း ဆင်းခိုင်း

---

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမလား"

"ဆင်းနိုင်းပြီးလေဆိပ်နားနေခန်းမမှာ နေနိုင်းထားလိုက်ပါ၊ ဗြော်... ဆရာမြင့်မောင်"

"ဟုတ်ကဲ့ ပြောပါ"

"ခရီးသည်တွေကို နားလည်အောင်တော့ ရှင်းပြလိုက်နော်၊ ပြီးရင် နိုင်ငံခြားသားစာရင်းပါ တစ်ခါတည်း ကောက်ယူထားလိုက်ပါ"

"ဟုတ်ကဲ့"

"ဆရာမြင့်မောင်...ပြည့်စုံပါစေဗျာ"

"စိတ်ချပါဆရာ"

လေယာဉ်ပေါ်မှ ခရီးသည်တွေကို ကားဖြင့်ခေါ်ဆောင်သွားပြီး ရဲရင့်ဒီပါနှင့် တာဝန်ရှိသူများ လေယာဉ်ပေါ်သို့တက်ခဲ့ကြသည်။

လေယာဉ်ထိုင်ခုံ ဒုတိယတန်း စကြံလမ်းနံဘေးခုံပေါ်တွင် ခေါင်းကျိုးကျပြီး သေဆုံးနေသော နိုင်ငံခြားသားတစ်ဦးကို တွေ့လိုက်ရသည်။

ရဲရင့်ဒီပါ အခြေအနေကို အသေးစိတ်စစ်ဆေးပြီး လေယာဉ်မှူးကိုမေးလိုက်သည်။





"သူသေဆုံးတာ ဘယ်အချိန်မှ သိခဲ့တာလဲ"

"လေယာဉ်ဆိုက်ခါနီးမှ လေယာဉ်မယ်က သတိပြုမိပြီး သတင်းလာပို့လို့ သိရတာပါ"

"သူ့ဘေးမှာ လူမရှိဘူးလား"

"ရှိပါတယ်၊ အဘွားအိုတစ်ဦးပါ၊ စကားပူကနေ မျက်လုံးခွဲပြီး ပြန်လာတာပါ၊ အဘွားအိုကတော့ သတိမပြုမိဘူး"

"စပြီးတွေ့ခဲ့လေယာဉ်မယ်ကိုတွေ့ချင်တယ်"

"ဟုတ်ကဲ့...ခေါ်ပေးပါ့မယ်"

ရဲရင့်ဒီပါ အလောင်း၏ ဘေးဘက်တွေကို ကြည့်ရှုပြီး လေယာဉ်မယ်နှင့် ထိုင်ပြီးစကားပြောလေသည်။

"ကျွန်မနာမည် မေရီလို့ခေါ်ပါတယ်"

"ကိုယ်က ရဲရင့်ဒီပါပါ၊ မင်း.... သူသေတာကို ဘယ်လိုစပြီး တွေ့ခဲ့သလဲဆိုတာ ပြောပြပါလား"

"ဟုတ်ကဲ့... ကျွန်မ လေယာဉ် ဆင်းသက်ချိန်မှာ ခရီးသည်တွေကို သွားပြီးကြည့်ရှုကူညီရတဲ့ တာဝန်ကျသူပါ၊ ကျွန်မ ခရီးသည်တွေကို လိုက်ပြီးကြည့်တော့ ခု သေဆုံးနေတဲ့သူဟာ ခေါင်းငြိုးအောက်စိုက်နေလို့ သူ့အနီးကိုသွားပြီး ပခုံးကိုပုတ်ပြီးခေါ်တော့ ပြန်

www.burmeseclassic.com



ပြီးမထူးတာနဲ့ ခေါင်းကိုမကြည့်တော့ သေနေတာကို တွေ့ခဲ့ရတာပါ၊ သိသိချင်းလေယာဉ်မှူးကို အသိပေးပြီး လေဆိပ်ကိုအကြောင်းကြား ခဲ့တာပါ"

"သူမသေခင် မမေရီနဲ့ စကားပြောတာမျိုးရှိခဲ့သေးလား"

"ရှိခဲ့ပါတယ်၊ ကျွန်မတို့လေယာဉ်ဘန်ကောက်က ထွက်ပြီး သိပ်မကြာဘူး၊ သူက ကော်ဖီတစ်ခွက်သောက်ချင်တယ်ဆိုလို့ ပေးခဲ့ ဘူးပါတယ်"

"ဒီတုန်းက သူ့မျက်နှာအခြေအနေ ဘယ်လိုရှိသလဲ"

"ကောင်းကောင်းမွန်မွန် လန်းလန်းဆန်းဆန်းပါပဲဆရာ"

"လေယာဉ်ပေါ်မှာ ထူးခြားတာမျိုးရှိခဲ့သလား"

"မရှိပါဘူးဆရာ"

"သေဆုံးသူနဲ့ပတ်သက်ပြီး ထူးခြားမှုတွေရော သတိပြုမိလား"

"အင်း ... ထူးခြားမှုဆိုလို့..."

မေရီ တစ်ခုခုကိုပြန်ပြီးစဉ်းစားကာ...

"သတိရပြီဆရာ၊ သူ့ဆီမှာ ပါလာတဲ့ ရွှေရောင်ဖောင်တိန် လေးကို ခဏခဏ ထုတ်ကြည့်တယ်၊ ပြီးတော့ ဘေးဘက်ကို မျက်လုံး အရမ်းကစားတယ်၊ တစ်ခုခုကို စိုးရိမ်နေပုံမျိုးပဲ"





"ကျေးဇူးတင်ပါတယ်"

မေရီဘေးမှ ချက်ချင်းထပြီး သေဆုံးသူအလောင်းဆီသို့ သွားလိုက်သည်။

"ဆရာ...အလောင်းကို သယ်ရတော့မလား"

"ခဏလေး စခန်းမှူးကြီးရေ..."

ရဲရင့်ဒီပါ သေဆုံးသူ အိတ်တွေထဲကို လိုက်လံစမ်းကြည့်ပြီး ဖောင်တိန်ကိုရှာဖွေပေမယ့် ဘာမှမတွေ့သောကြောင့်

"သေဆုံးသူဆီက ဘာတွေသိမ်းဆည်းထားသေးလဲ စခန်းမှူး"

"ပိုက်ဆံအိတ်နဲ့ပတ်စပို့ လက်ပတ်နာရီသိမ်းထားတယ်ဆရာ"

"ရွှေရောင်ဖောင်တိန်တစ်လက်ရော မတွေ့မိဘူးလား"

"ဟင့်အင်း...မတွေ့မိဘူး"

ရဲရင့်ဒီပါ စိတ်ကျေနပ်အောင် ရှာဖွေပြီးမှ

"သယ်သွားလို့ရပါပြီ"

မေရီပြောသည့် ရွှေရောင်ဖောင်တိန် ဘယ်ကိုရောက်သွား သလဲ မသိ၊ ထူးဆန်းစွာ ပျောက်ဆုံးနေလေပြီ။

အလောင်းကို သယ်ယူရန် လူနာတင်ယာဉ်ပေါ်သို့တင်စဉ်

www.burmeseclassic.com



"နေဦး...နေဦး..."

ရဲရင့်ဒီပါ ရှူးဖိနပ်ကို သတိပြုမိလိုက်ပြီး ဆွဲချွတ်ကာ သေသေချာချာကြည့်တော့မှ ရှူးဖိနပ်အောက်ခံရာဘာခုံထဲတွင် ဖောင်တိန်တစ်ချောင်း စာအံဝှက်လေးကိုတွေ့လိုက်ရလေသည်။ အံဝှက်ထဲမှ ဖောင်တိန်လေးကိုထုတ်ယူပြီး သေသေချာချာကြည့်ပြီး ဖောင်တိန်ထဲမှ စိမ်းရွှေရွှေအနံ့တစ်မျိုးကို ရှူရှိုက်မိလိုက်သည်။

"ဟာ..."

ရဲရင့်ဒီပါမှာ ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်သွားသည်။

အနံ့အသက်မှာ ရိုးရိုးအနံ့မဟုတ်၊ အဆိပ်တစ်မျိုး၏အနံ့မျိုး ဖြစ်နေသည်။

လေယာဉ်ပေါ်မှအောက်သို့ပြန်ပြီးဆင်းချိန်တွင် မှူးခင်း ဆရာဝန်ကြီးနှင့်အတူ ဆင်းခဲ့သည်။

"ဒေါက်တာ ဘယ်လိုမြင်လဲ"

"သေဆုံးသူရဲ့လက္ခဏာက အဆိပ်ကြောင့်ဖြစ်နိုင်တယ်။"

"ဟင်..."

ရဲရင့်ဒီပါမှာ သတ်သည့်လက်နက်ကိုရလိုက်ပြီး သတ်သည့် တရားခံ ဘယ်သူဆိုတာ မသိ၊ လေဆိပ်အဆောက်အဦထဲသို့ရောက်





တော့

"ဆရာ ခရီးသည်အားလုံးကို စာရင်းကောက်ယူပြီးသွားပြီ၊ ဘာဆက်လုပ်မလဲ"

"လိုအပ်မှခေါ်မယ်လို့ပြောလိုက်ပါဗျာ၊ အားလုံးကို သွားခွင့်ပြုလိုက်ပါ"

"ဆရာ မေးမြန်းတာ မလုပ်တော့ဘူးလား"

"မလိုတော့ဘူး ဆရာမြင့်မောင်၊ လူသတ်ခဲ့တဲ့လက်နက်ကို ရပြီ"

"သတ်တဲ့သူကိုရော ဆရာ"

"သတ်တဲ့သူကိုတော့ မသိသေးဘူး၊ အဖြစ်နိုင်ဆုံးက သူ့ကိုယ်သူပြန်ပြီး သတ်သေသလိုဖြစ်သွားတဲ့ပုံပဲဗျာ"

"ဟင်...ဘယ်လိုလဲဆရာ၊ သူ့ကိုယ်သူ သတ်သေတာ"

"သူ့ကိုယ်သူသတ်သေတာ မဟုတ်ပေမယ့် သူမသိလိုက်တဲ့ လုပ်ကြံမှုတစ်ခုက သူ့ကိုယ်သူ သတ်သေသလိုဖြစ်သွားတာ"

"လုပ်ကြံတဲ့သူတော့ ရှိမှာပေါ့ဆရာ"

"လုပ်ကြံတဲ့ သူရှိတယ်၊ ဒီလေယာဉ်နဲ့ ပါလာနိုင်တယ်၊ သူ့ကိုယ်တိုင်သတ်တာတော့မဟုတ်ဘူး၊ အကွက်ဆင်ပြီးသတ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ပြောမှပဲ ရှင်းမရအောင်ဖြစ်သွားပြီ"

"နောက်တော့ သိရမှာပေါ့ဗျာ၊ ဒီဖောင်တိန်ကို ဓာတ်ခွဲခန်းပို့ပြီး စစ်ဆေးရင် ပိုပြီးတိကျသွားမှာပါ"

◇◈◈◈◈◈

ရဲချုပ်ကြီးအခန်းထဲတွင် ရဲရင့်ဒီပါ အပါအဝင် တာဝန်ရှိသူတွေအားလုံး စုံညီစွာရောက်ရှိနေသည်။ ရဲချုပ်ကြီးထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်နေကြသည်။

"သေဆုံးသွားတဲ့ ပြင်သစ်လူမျိုးနဲ့ပတ်သက်ပြီး နောက်ဆုံးတွေ့ရှိချက်ကို တင်ပြပါ"

ရဲမှူးကြီးက ရဲရင့်ဒီပါ ဘက်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး တာဝန်ယူထားရသူက ရဲရင့်ဒီပါဖြစ်သောကြောင့် ရဲချုပ်ကြီးကို တင်ပြရမှာဖြစ်၏။

"လေယာဉ်ပေါ်မှာ သေဆုံးသွားတဲ့ ပြင်သစ်လူမျိုးအမည်က မစ္စတာ ဒီဖန်းဖြစ်ပါတယ်၊ သူဟာ မြန်မာပြည်ကို တိုးရစ်ဗီဇာနဲ့လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူပါ၊ အလုပ်အကိုင်က သိပ္ပံပညာရှင်တစ်ဦးပါ"

"မစ္စတာဒီဇန်း ဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်ကြေးပေးထားတယ်၊ ဒါကို အတည်ပြုပေးနိုင်ပြီလား"

"မစ္စတာဒီဇန်းဟာ သူ့ကိုယ်သူ သတ်သေခဲ့တာ မဟုတ်ပါဘူး၊ လုပ်ကြံခံခဲ့ရတာပါ"

"သေချာရဲ့လား ရဲရင့်ဒီပါ"

"သေချာပါတယ် ရဲချုပ်ကြီး"

"ဘယ်လိုအသတ်ခံခဲ့ရတယ်ဆိုတာကို သက်သေပြနိုင်လား"

"ပြနိုင်ပါတယ်၊ မစ္စတာဒီဇန်း အသတ်ခံခဲ့ရတဲ့လက်နက်ဟာ ဒီဖောင်တိန်လေးဖြစ်ပါတယ်"

"ဟင်..."

ရဲရင့်ဒီပါ..... ရွှေရောင်ဖောင်တိန်လေးကို ရဲချုပ်ကြီးထံကို တင်ပြလိုက်သည်။ ရဲချုပ်ကြီး ရွှေရောင်ဖောင်တိန်လေးကို သေချာစွာ ကြည့်ပြီး

"ဘာမှ ထူးခြားတာ မတွေ့ပါလား"

"ဒီဖောင်တိန်ဟာ အရမ်းကို သေသေသပ်သပ်လုပ်ထားတဲ့ အဆိပ်ငွေ့ဖောင်တိန်လေးပါ၊ ဖောင်တိန်နစ်ဟာ အဆိပ်ငွေ့ကို တိုက်





ရိုက်ထွက်စေတဲ့အရာပါ၊ အဆိပ်နဲ့ပတ်သက်ပြီး တွေ့ရှိချက်အရ ဖောင်တိန်မှာ အသုံးပြုခဲ့တဲ့အဆိပ်ဟာ ( × × × ) အမျိုးအစား အဆိပ်တစ်မျိုးဖြစ်ပြီး ဒီအဆိပ်မျိုးကို အာဖရိကတိုက်ထဲက လူရိုင်းတွေသား ကောင်လိုက်တဲ့အခါ အသုံးပြုပါတယ်...."

"ရဲရင့်ဒီပါ ပြောဆိုချက်က လွှဲနေပြီထင်တယ်၊ ဖောင်တိန်ကို မစ္စတာဒီဇန်း ရှူးဖိနပ်အံ့ဝှက်ထဲက ရခဲ့တာမဟုတ်လား၊ ဘယ်လိုလုပ်ပြီး အဆိပ်က အပြင်ကိုထွက်မှာလဲ"

"မစ္စတာဒီဇန်း သေစေခဲ့ရတဲ့အဆိပ်နဲ့ပတ်သက်ပြီး အဆိပ် ကျွမ်းကျင်တဲ့ ဒေါက်တာ ဦးဘဦးဆီက သိရှိခဲ့တဲ့ အချက်ပေါ်မှာ ကောက်ချက်ချပြီး သုံးသပ်ခဲ့တာပါ"

"မင်းတွေ့ရှိချက်၊ သုံးသပ်ချက်ကို ဆက်ပြီးပြောပါဦး"

"အဆိပ်ပါရဂူ ဒေါက်တာဘဦးဆီက ပထမဦးဆုံး သိခဲ့ရတာက အဆိပ်ရည်ကို ဓာတုဗေဒဆေးတွေနဲ့ အငွေ့ဖြစ်အောင် ပြုလုပ်ပြီး ဖောင်တိန်ထဲမှာ ထည့်ထားခဲ့တာပါ၊ ပြီးတော့ ဒီအဆိပ်ဟာ ရှူပြီးပြီး ချင်း သေစေတာ မဟုတ်ပါဘူး၊ မိနစ်ပိုင်းလောက်ထိ ခံပြီးမှ အဆိပ် သင့်စေခဲ့တာပါ၊ လေယာဉ်မယ် မေရီဆီက မစ္စတာဒီဇန်း မသေခင် မိနစ်ပိုင်းလောက်က ဖောင်တိန်ကို ဖွင့်ပြီး နမ်းရှိုက်သလို လုပ်ခဲ့တာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့တယ်လို့ ဆိုတာကြောင့် မစ္စတာဒီဇန်း ဖောင်တိန်ထဲက အဆိပ်ငွေ့ကို ရှူရှိုက်ပြီး ဖောင်တိန်ကို ရှူးဖိနပ်ထဲမှာ ပြန်ပြီး သိမ်းခဲ့တာ ဖြစ်နိုင်ပါတယ်"

"ဒီဖောင်တိန်ကို သူဘာလို့ပြန်ပြီးသိမ်းရတယ်ဆိုတဲ့ပေါ်မှာ ရော ဘယ်လိုမြင်ထားလဲ"

"အဆိပ်ငွေ့ထည့်ထားတဲ့ဖောင်တိန် အဖြစ်နဲ့ သိမ်းဆည်းတာ မဖြစ်နိုင်ပါဘူး၊ တခြားသော လျှို့ဝှက်ချက်ပါတဲ့ဖောင်တိန် အဖြစ်နဲ့ သိမ်းဆည်းထားတာ ဖြစ်နိုင်တယ်လို့ ယူဆပါတယ်"

"ဖောင်တိန်ကို စစ်ဆေးပြီးပြီလား"

"ပြီးပါပြီ ရဲချုပ်ကြီး၊ ဖောင်တိန်ဟာ အဆိပ်ငွေ့အတွက် အထူး လုပ်ထားတဲ့ဖောင်တိန်ကလေးပါ"

"မင်းပြောသလိုဆို မစ္စတာဒီဇန်းဆီက ရတဲ့ဖောင်တိန်ဟာ အဆိပ်ငွေ့ထည့်ထားတဲ့ဖောင်တိန်လို့ ဆိုရမှာပေါ့"

"ဒီလိုပဲ ယူဆမိပါတယ် ရဲချုပ်ကြီး"

"အမှုကတော့ အရမ်းကို ရှုပ်ထွေးနေပြီ၊ ကိုယ့်တိုင်းပြည်ထဲမှာ ဖြစ်တဲ့အမှုဆိုတော့ ကိုယ့်တာဝန် ဖြစ်နေပြီ၊ လူသတ်တရားခံကို မဖြစ်မနေ ဖော်ထုတ်ပေးရလိမ့်မယ်၊ မောင်ရဲရင့်ဒီပါ"





"အမိန့်ရှိပါ ရဲချုပ်ကြီး"

"မင်း မစ္စတာဒီဇန်း အသတ်ခံရမှုနဲ့ ပတ်သက်ပြီး အထူး တာဝန်ယူပြီး ဖော်ထုတ်ပေးပါ"

"ဟုတ်ကဲ့ ကြိုးစားပါ့မယ်"

"ထူးခြားမှုရှိရင် ချက်ချင်းတင်ပြပါ၊ လိုအပ်တဲ့ ဆောင်ရွက်မှု တွေအတွက် ရဲမှူးကြီးနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပါ"

"ဟုတ်ကဲ့"

ရဲချုပ်ကြီးသည် အစည်းအဝေးကို ရပ်လိုက်ပြီး အခန်းထဲမှ ပြန်ထွက်သွားသည်။

ရဲရင့်ဒီပါ ရဲမှူးကြီးနှင့်အတူ ထွက်ခဲ့ရင်း

"ရဲရင့်ဒီပါရေ..မင်းတော့ တကယ့်အမှုကြီးတစ်မှုကို လက်ခံ လိုက်ရပြီ"

"ဟုတ်ကဲ့ ရဲမှူးကြီး... ပြည်တွင်းမှာတော့ ဆက်ပြီးဖော် ထုတ်ဖို့ဆိုတာ မလွယ်ဘူး"

"ပြည်တွင်းမှာမလွယ်တော့ မင်းက ဘယ်မှာသွားပြီး ဖော် ထုတ်မှာလဲ"

"မစ္စတာဒီဇန်း နေထိုင်တဲ့နိုင်ငံကို လိုက်သွားရမယ့်အခြေ



www.burmeseclassic.com

www.burmeseclassic.com



အခနေမျိုးရှိတယ်..."

"ဒါဆိုရင်တော့ မဖြစ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ရဲမှူးကြီး"

"မစ္စတာဒီဇန်းက ပြင်သစ်လူမျိုးသာဆိုတယ်၊ သူနေထိုင်တဲ့နေရာက တိတိကျကျမရှိဘူး။ အင်္ဂလန်မှာလိုလို၊ အီတလီမှာလိုလိုနဲ့ကွ"

"သူနေထိုင်တဲ့ နေရာကို သေသေချာချာတော့ ရအောင် စုံစမ်းပေးပါ ရဲမှူးကြီး"

"အင်းလေ...ငါ ပြင်သစ်သံရုံးတာဝန်ရှိသူတွေနဲ့ ထပ်ပြီးတွေ့လိုက်ပါ့မယ်....၊ မင်းဘက်က ခုလောလောဆယ် ဘာလုပ်ဖို့ရှိလဲ"

"မစ္စတာဒီဇန်းနဲ့အတူ လေယာဉ်တစ်စီးထဲမှာ ပါလာတဲ့ သူတွေထဲက အီတလီနိုင်ငံသား (၂)ဦးကို စိတ်ထဲမှာ သိပ်ပြီးမသင်္ကာဘူး၊ သူတို့ကို အနီးကပ်လေ့လာချင်တယ်"

"မြန်မာပြည်ကို တိုးရစ်ဗီဇာမဟုတ်ဘဲ ဖက်စပ်ကုမ္ပဏီကိစ္စနဲ့ လာတဲ့ အီတလီနိုင်ငံသား (၂)ဦးလား"

"ဟုတ်ပါတယ် ရဲမှူးကြီး"

"သူတို့ မြန်မာပြည်မှာ တစ်လလောက်တော့ ကြာမယ်ကွ၊





သူတို့ ကုမ္ပဏီက ခုမှစတင်ပြီး အခြေတည်မှာဆိုတော့ ဒီမှာ အချိန်ယူပြီး ပြင်ဆင်လုပ်ဆောင်မှာ၊ ရဲရင့်ဒီပါက ဘာကြောင့် သံသယဖြစ်ရတာလဲ"

"ဒီဓာတ်ပုံကြောင့်ပါ ရဲမှူးကြီး"

ရဲရင့်ဒီပါ ဓာတ်ပုံတစ်ပုံကို မိမိအိတ်ကပ်ထဲမှ ထုတ်၍ ရဲမှူးကြီးကို ပြလိုက်သည်။

"မစ္စတာဒီဇန်းနဲ့အတူ တွဲပြီးရိုက်ထားတဲ့ သူတို့ နှစ်ဦးထဲက တစ်ဦးဟာ ဒေးဗစ်ဆီးလ်ဆိုတဲ့လူရဲ့ပုံပါပဲ၊ သူတို့ဟာ အင်မတန် ရင်းနှီးတဲ့မိတ်ဆွေတွေဖြစ်ပေမယ့် ယခု လေယာဉ်ပေါ်မှာ ဘာမှ မသိသလို လိုက်ပါလာတာ တွေ့ခဲ့ရတယ်၊ မစ္စတာဒီဇန်းဟာ ဒုတိယတန်းခုံမှာ ထိုင်ပြီး ဒေးဗစ်ဆီးလ်ဟာ နောက်ဆုံးခုံမှာ လိုက်ပါလာတယ်၊ ဒါဟာ ကွဲပြားပြီး မသင်္ကာစရာအချက်တွေပါ"

"ရဲရင့်ဒီပါ... တစ်ခုတော့ သတိထားရမှာက ခု သံသယ ပစ်မှတ်ဖြစ်နေတဲ့သူဟာ နိုင်ငံခြားသားဖြစ်တဲ့အပြင် ပြည်တွင်းမှာ စီးပွားရေးလုပ်ငန်းလာပြီးလုပ်ကိုင်တဲ့သူဖြစ်နေတာဆိုတော့ ကိုယ့်ဘက်က ချဉ်းကပ်စုံစမ်းတဲ့နေရာမှာ ပိရိသေသပ်ဖို့လိုတယ်၊ မှားယွင်းသွားတာနဲ့ ပြဿနာက ပိုပြီးကြီးထွားသွားနိုင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ရဲမှူးကြီး၊ ကျွန်တော့်ဘက်က ပိပိရိရိ လှုပ်ရှားမှာပါ"

"ကြိုးစားပေါ့ကွာ"

ရဲမှူးကြီးကို လိုက်လံပို့ပေးပြီး နားနေဆောင်သို့ ပြန်လာခဲ့သည်။

"ဒီပါ"

"လာကွာ မျိုးလေး"

မျိုးလေးနှင့် ရဲရင့်ဒီပါတို့က ထောက်လှမ်းရေးဌာနချုပ်မရောက်ခင်ကတည်းက ကျောင်းနေဘက်တွေဖြစ်ကြသည်။ ဝါသနာတူ သူငယ်ချင်းနှစ်ဦးပင်။

"မင်းသတင်း ငါကြားပြီးပြီ၊ ရဲချုပ်ကြီးက အထူးတာဝန်ပေးသွားတယ်ဆို"

"ဟုတ်တယ် မျိုးလေး"

"ဒီပါအခုအမှုက ကိုယ့်ပြည်တွင်းက အမှုမဟုတ်ဘူးနော်"

"မတတ်နိုင်ဘူး မျိုးလေးရေ၊ တာဝန်ပေးမှတော့ ငြင်းလို့မှ မရတာ၊ ကိုယ့်ဘက်က ဖော်ထုတ်ပေးဖို့တာဝန်ရှိတယ်"

"မင်းဘယ်ကစပြီး ခြေရာခံမလဲ"





"ခြေရာခံဖို့တော့ သဲလွန်စ ရထားပြီးပါပြီ"

"ဟေ... သဲလွန်စရပြီဟုတ်လား"

"ဟုတ်တယ်၊ ညနေကျရင်မင်းငါနဲ့တစ်နေရာကိုလိုက်ခဲ့ရမယ်"

"ဒီပါ"

"ဘာလဲကွ"

"မင်း ငါ့ကို သိပ်ပြီး ခေါင်းစားတဲ့ကိစ္စတွေကို မတွဲပါနဲ့ကွာ၊ ခုတလော ငါ့အိပ်မက်တွေ မကောင်းဘူး"

"အံမာ မင်းက ဘာတွေ အိပ်မက်မက်လို့လဲ"

"ငါ့ခေါင်းကို ဆင်နင်းလို့တဲ့..."

"ခွေးကောင်"

"ဟား...ဟား...ဟား..."

◇◈◈◈◈◈



www.burmeseclassic.com

www.burmeseclassic.com

# သံသယပစ်မှတ်

ဒေးဗစ်ဆီးလ်တည်းခိုသော ဟိုတယ်သို့သွားပြီး အရိပ်အခြည်ကိုစောင့်ကြည့်နေမိသည်။

"ဒီပါ"

"ဘာလဲ မျိုးလေး"

"စောင့်ကြည့်လို့ဘာထူးခြားမှာလဲ၊ ဝင်ပြီးတွေ့လိုက်ရင် မကောင်းဘူးလား"

"ဝင်ပြီးတွေ့လို့မဖြစ်သေးဘူးမျိုးလေး၊ ကိုယ့်ဘက်က ချဉ်းကပ်ဝဘက်ကို သိတာနဲ့ ဒီကောင်တွေက အရှမ်းပါးနပ်တယ်၊ ပြန်ပြီး တပ်ခေါက်သွားရင် ခက်မယ်"

"ကိုမှာ ဆင်းလာတဲ့လူ(၂)ယောက်မဟုတ်လား၊ သူတို့ဘော ကလူကြီးကိုရော သိလား"





"အေး...သိတယ်၊ ဒီကောင်တွေ ကုမ္ပဏီနဲ့ပတ်သက်ပြီး မြန်မာပြည်မှာ တာဝန်ခံလုပ်မယ့် ဦးမြတ်ထက်အောင်တဲ့၊ အရင်က ဆေးပါရဂူတစ်ဦးပဲကွ၊ နောက်ပိုင်း အလုပ်ထွက်ပြီး နိုင်ငံခြားမှာ သွားပြီး နေထိုင်ခဲ့တယ်၊ မြန်မာပြည်ကို ပြန်ရောက်လာတာ (၃)နှစ် လောက်ပဲရှိသေးတာလေ"

"သူတို့ကုမ္ပဏီက ဘာကိုအဓိကထားတာလဲ"

"စက်ပစ္စည်းတွေ ရောင်းချမှာလို့တော့ သိထားတယ်၊ ဘယ်လိုပစ္စည်းတွေရောင်းချမလဲဆိုတာတော့ သူတို့ဘက်က မပြော သေးဘူး၊ မြန်မာပြည်အနေအထားပေါ်မှာ လေ့လာပြီးမှ ဆုံးဖြတ်ချက် ချမှာလို့ပြောတာပဲကွ"

"မင်းဒီအတိုင်းပဲ ထိုင်ကြည့်နေမှာလား"

"သူတို့နဲ့ပတ်သက်ပြီး ဦးမြတ်ထက်အောင်ကို ပစ်မှတ် ပြောင်းလဲရမယ်"

"ဟင်...ဘယ်လိုဖြစ်လို့လဲဒီပါ"

"ဦးမြတ်ထက်အောင်ဟာ သူတို့နဲ့ ဘယ်လောက်ထိ ကျွမ်းဝင်မှုရှိတယ်ဆိုတာကို အရင်စုံစမ်းပြီး ဆက်လုပ်ရမယ့်ကိစ္စကို စဉ်းစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခု…သူတို့နောက်ကို လိုက်မှာလား"

"မလိုက်တော့ဘူး၊ လူတစ်ယောက်ဆီကို သွားမယ်"

နှစ်ယောက်သားဟိုတယ်ထဲမှ ပြန်ပြီးထွက်လာခဲ့ကြတော့သည်။ မျိုးလေးက ကားမောင်းနေရင်း

"ငါက ဘယ်ကိုမောင်းရမှာလဲ"

"ဗဟန်းဘက်ကို မောင်းကွာ"

"ဒီပါရေ…အမှုကတော့ ဘယ်ထောက်ထိ ခေါင်းစားမလဲမသိဘူးနော်"

"ငါ့အထင်တော့ ခုအမှုဟာ သာမန်လူသတ်မှုတစ်ခု မဟုတ်ဘူး မျိုးလေး၊ အရမ်းကိုကြီးကျယ်ခမ်းနားတဲ့ အမှုတစ်ခုပဲ၊ အသတ်ခံလိုက်ရတဲ့ မစ္စတာဒီဇန်းနောက်ကြောင်းကို သိရပြီဆိုရင် အမှုအတွက် တော်တော်ကို အဆင်ပြေသွားမှာပါ"

ကားလေးမှာ ဝွတ္တလစ်ဘက်သို့ရောက်ရှိလာပြီး ဆရာစံလမ်း သို့ဆက်ပြီးမောင်းခဲ့လေသည်။

"ရှေ့က ခြံနားမှာ ရပ်လိုက်"

ကားက ခြံရှေ့တွင် ထိုးရပ်လိုက်သည်။ ရဲရင့်ဒီပါ ကားပေါ်မှ ဆင်းပြီး လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။





သိပ်မကြာ ခြံစောင့်အမျိုးသားတစ်ဦးထွက်လာပြီး

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ဆရာ"

"ခင်ရိုစီ ရှိလား"

"ဟုတ်ကဲ့……ရှိပါတယ်"

"ဒီပါလို့ ပြောလိုက်ပါ"

"ဟုတ်ကဲ့…ခဏလေးစောင့်ပါ"

ခြံစောင့်လေးမှာ အိမ်ဘက်သို့ပြန်ပြီးထွက်သွားကာ ခဏအကြာတွင် ပြန်ထွက်လာပြီး တံခါးကိုဖွင့်ပေးလိုက်သည်။

ရဲရင့်ဒီပါ ကားလေးကို ခြံထဲသို့ မောင်းဝင်ပြီး အိမ်ရှေ့သို့ ရောက်သည်နှင့် အမျိုးသမီးတစ်ဦးအိမ်ဝတွင် ဆီးပြီးကြိုနေလေသည်။

"ဆရာဒီပါ…လာပါ…အလည်သက်သက်ပဲလား"

"ကိစ္စလေးလည်းရှိတယ် ရိုစီ၊ အချိန်ပေးနိုင်တယ် မဟုတ်လား"

"ပေးနိုင်ပါတယ်၊ ဒီနေ့က ရိုစီ နားရက်ပါ"

ဧည့်ခန်းတွင် ထိုင်ကြပြီး

"ရိုစီ……တစ်ခုခု စီစဉ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးလုပ်မနေနဲ့ ရှီစီ၊ ကော်ဖီလောက်ပဲလုပ်"

ရှီစီ အိမ်ဖော်ကောင်မလေးကို ကော်ဖီဖျော်ခိုင်းလိုက်ပြီး

"ဆရာဒီပါ ကိစ္စကိုပြောလေ"

"ရှီစီ ဦးမြတ်ထက်အောင်ရဲ့အတွင်းရေးမှူးလုပ်နေတယ်ဆို"

"ဟုတ်တယ်၊ (၁) နှစ်လောက်ရှိပြီ၊ အတွင်းရေးမှူးသာ ဆိုရပါတယ်၊ အလုပ်ဆိုလို့ မည်မည်ရရ လုပ်ရတာ တစ်ခုမှမရှိဘူး"

"ဦးမြတ်ထက်အောင်ကုမ္ပဏီက အလုပ်မရှိတာလား ရှီစီ"

"ကုမ္ပဏီက အမည်သာခံထားတာပါ… တကယ်တော့ ပွဲစား ပုံစံမျိုးပါ"

"ရှီစီပြောတာ သိပ်ပြီး မရှင်းဘူး"

"ဒီလို ဆရာ ဒီပါ၊ ဦးမြတ်ထက်အောင်က တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့ကို အီတလီ၊ အင်္ဂလန်တို့ဘက်က လာတဲ့ကုန်ပစ္စည်း တွေကိုကြားခံကိုယ်စားလှယ်လုပ်ပေးနေတာလေ၊ မြန်မာပြည်မှာက ဘာမှ ရောင်းဝယ်မှု မရှိဘူး တစ်ခါတလေ အိန္ဒိယကို ပဲနဲ့ဆန် တင်ပို့ ပေးတာရှိတယ်"

"ရှီစီ…သူကိုယ်စားလှယ်လုပ်ပေးတဲ့ပစ္စည်းတွေကို သိလား"

"မသိဘူးဆရာ…သူကိုယ်တိုင်ကတစ်ခါမှ မပြောပြဘူး"





"ဒါဆို ရှီစီက သူ့ဆီမှာ ဘာလုပ်ပေးရတာလဲ"

"နိုင်ငံခြားသားတွေနဲ့ သွားပြီးတွေ့တဲ့အခါ စာရွက်စာတမ်း လောက်ပဲ ကိုင်တွယ်သိမ်းဆည်းပေးရတယ်၊ ကုမ္ပဏီဝန်ထမ်းတွေရဲ့ လစာကိစ္စလောက်ပဲ ဆောင်ရွက်ပေးရတာပါ"

"ဦးမြတ်ထက်အောင်နဲ့ ပတ်သက်ပြီး ဘယ်လောက်ထိ သိထားတာရှိလဲ"

"ရှီစီ သိသလောက်ကတော့ ဦးမြတ်ထက်အောင်က အီတလီ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ခဲ့တယ်၊ သူလုပ်တဲ့ ဆေး ကုမ္ပဏီဟာ အရမ်းကိုအောင်မြင်ခဲ့တယ်လို့သိရတယ်၊ ဒီနောက်တော့ မြန်မာပြည်ကိုပြန်လာပြီး ကုမ္ပဏီတစ်ခုထောင်ထားရင်း ခုအီတလီက စက်ပစ္စည်းတွေကို မြန်မာပြည်မှာ ရောင်းချဖို့ပြင်ဆင်နေတယ်၊ ပထမ ထောင်ထားတဲ့ကုမ္ပဏီကို နာမည်ပြောင်းပြီးလုပ်မှာပါ"

"ဦးမြတ်ထက်အောင်ရဲ့ မိသားစုအခြေအနေကရော"

"သူ့မိသားစုက အီတလီ ရောမမှာနေတယ်လို့ သိရတယ်၊ တစ်နှစ်တစ်ခါတော့ သူပြန်တယ်"

"မြန်မာပြည်မှာ သူတစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်၊ ဆရာဒီပါ၊ အင်းယားလမ်း နောက်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ နေတယ်၊ တစ်ခေါက် နှစ်ခေါက်လောက်ရောက်ဖူးတယ်"

"ရှိစီ... ဦးမြတ်ထက်အောင်နဲ့ပတ်သက်ပြီး ထူးခြားတဲ့ကိစ္စတွေကိုတွေ့ဘူးလား"

"အင်း....."

ရှိစီ ခဏမျှ စဉ်းစားပြီး

"သတိရပြီ ဆရာဒီပါ၊ သူ့အသက် (၅၀)ပြည့်မွေးနေ့တုန်းက ရှိစီ့ကို သူ့အိမ်ကိုခေါ်သွားခဲ့တယ်၊ မွေးနေ့ဆိုပေမယ့် သူများတွေလို ဧည့်ခံပွဲလုပ်တာတော့မဟုတ်ဘူး၊ ကုမ္ပဏီက မိန်းကလေး (၅)ဦး၊ အမျိုးသား (၃) ဦးလောက်ပဲ သူက ကျွေးမွေးတဲ့သဘောပါ၊ ဒီတုန်းက ရှိစီ့ကို ဦးမြတ်ထက်အောင် စကားတစ်ခွန်းပြောဘူးတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သူဟာ ကမ္ဘာ့အချမ်းသာဆုံး စာရင်းဝင်တစ်ဦးဖြစ်ရမယ်တဲ့၊ ဘာရည်ရွယ်ချက်နဲ့ပြောသလဲတော့မသိပါဘူး၊ သူပြောနေပုံက တကယ်ဖြစ်တော့မယ့်ပုံစံမျိုးပဲ ဆရာဒီပါ"

"ရှိစီရေ... ကျေးဇူးပဲကွာ၊ ခုရက်ပိုင်းအတွင်းမှာရော အီတလီကုမ္ပဏီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေ သိထားသေးလဲ"

"ဟိုတလောက ဦးမြတ်ထက်အောင် ရှိ(စ်)ကို အီတလီက အထူးဧည့်သည်တစ်ဦးကိုကြိုရမယ်လို့ပြောတော့ ရှိ(စ်)က ကုမ္ပဏီ





နဲ့ပတ်သက်လားလို့မေးတော့ မဟုတ်ဘူးတဲ့၊ သူ့ရဲ့အထူးဧည့်သည်တဲ့၊ နောက်တော့ အထူးဧည့်သည်ရောက်မလာဘဲ အီတာလျံ(၂)ယောက်ပဲရောက်လာတယ်"

"ဩော်... သူတို့ဒီမှာကြာမှာပေါ့"

"ကြာမယ်မထင်ဘူးဆရာဒီပါ၊ ခုပုဂံကိုသွားပြီးရင်ပြန်မှာ"

"ကုမ္ပဏီကိစ္စတွေ ဆုံးဖြတ်ချက်ချမယ်ဆို"

"ကုမ္ပဏီကိစ္စတွေလို့သာပြောတာပါ၊ သိပ်ပြီး ဆောင်ရွက်တာမှမရှိတာ၊ ကုမ္ပဏီအမှုဆောင်လူကြီးတွေနဲ့တောင် ခဏပဲတွေ့ပြီး ဟုတ်တိပတ်တိ လုပ်ငန်းကိစ္စတွေကို ပြောခဲ့တာမရှိဘူး ဆရာဒီပါ"

"ဒီလောက်ဆိုပြည့်စုံပါပြီ၊ သွားခွင့်ပြုပါဦး"

"ကောင်းပါပြီ ဆရာဒီပါ၊ လိုအပ်ရင်လာခဲ့ပါ"

"ရှိစီဆီကို မကြာခဏ ရောက်ရဦးမှာပါ၊ အထူးသဖြင့် ကိုယ်တို့နဲ့ပတ်သက်ပြီးတော့ မပေါက်ကြားစေနဲ့ကွာ၊ သိပ်ကိုအရေးကြီးလို့"

"စိတ်ချပါဆရာဒီပါရယ်၊ ရှိ(စ်)က အလုပ်သဘောအရ ဦးမြတ်ထက်အောင်နဲ့ဆက်ဆံနေရပေမယ့် ဥပဒေလမ်းကြောင်းပေါ်မှာပဲ ရှိနေသူပါ"

ရှိစီကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ဘယ်တုန်းကရင်းနှီးနေတာလဲ၊ငါတော့မသိရပါလား"

"ငါ ရှမ်းပြည်နယ်မှာ တာဝန်ကျတုန်းက ရိုစီကို ကယ်ခဲ့ဘူးတယ်၊ ဒီတုန်းက မင်းက မြစ်ကြီးနားမှာ တာဝန်ကျချိန်ပေါ့၊ ရိုစီရန်ကုန်ရောက်တော့ ငါနဲ့ တစ်ခါပဲ ဆုံခဲ့ရတာ၊ ဦးမြတ်ထက်အောင်နဲ့ပတ်သက်ပြီး သူ့နောက်ကြောင်းကို သိရတော့မှ ရိုစီဟာ အတွင်းရေးမှူး လုပ်နေတာကို သိရတာ"

"ဦးမြတ်ထက်အောင် နောက်ကြောင်းကို သိနေပြီးပြီ ပဲ၊ ဘာလို့ရိုစီဆီမှာ ထပ်ပြီးမေးရတာလဲ"

"ရိုစီဆီက ထူးခြားတဲ့ ကိစ္စလေးတွေကို ဖြည့်စွက်ပြီးသိချင်လို့"

"ခု သိခဲ့ရပြီလား"

"အင်း...(၂)ချက်တော့ သိလိုက်ရပြီ"

"ဘာတွေလဲ ဒီပါ"

"ကမ္ဘာ့ချမ်းသာကြွယ်ဝတဲ့ စာရင်းထဲမှာ ပါရမယ်ဆိုတဲ့ အချက်"

"ဒါက သူ စိတ်ကူးယဉ်ပြီးပြောတာနေမှာပေါ့"

"စိတ်ကူးယဉ်တာမဟုတ်ဘူး၊ သူ့ကိုယ်သူ တကယ်ယုံကြည်





နေတဲ့စကားပဲကွ"

"နောက်တစ်ချက်ကရော"

"အထူးဧည့်သည်ဆိုတဲ့အချက်၊ ဒါဟာ ငါ့အတွက် သိပ်ကို အရေးကြီးတဲ့အချက်တွေပဲ"

"မင်း ဒီအချက်တွေကို အတည်ပြုဖို့က လိုသေးတယ်လေ"

"ဒီအတွက် ငါတို့ စွန့်စားမှုတစ်ခုတော့ လုပ်ရမယ်"

"ဘာ စွန့်စားမှုလဲ"

"ဦးမြတ်ထက်အောင် အိမ်ထဲကို ဝင်ရမယ်"

"ဟာကွာ...ရှာဖွေဝရမ်းနဲ့ ဝင်ပြီးရှာရင်ရတာပဲ"

"မျိုးလေး...ကိုယ့်ဘက်က သူ့ကို သံသယပစ်မှတ်ထားတယ် ဆိုတာကို ဘယ်လိုမှ အသိခံလို့မရဘူးကွာ"

"ဘယ်တော့ လှုပ်ရှားမှာလဲ"

"သူ့တို့ပုဂံကို ခရီးထွက်တာနဲ့ လှုပ်ရှားမယ်"

◇◈◈◈◈◈



www.burmeseclassic.com

www.burmeseclassic.com

အင်းယားကန်ရေပြင်ထက်မှာ ညအမှောင်ရိပ်က စိုးမိုးနေလေပြီ။

ရဲရင့်ဒီပါနှင့် မျိုးလေးလှေလှော်အသင်းမှ လှေငယ်တစ်စင်းကိုယူဆောင်ပြီးလှော်ခတ်လာခဲ့သည်။

"ရှေ့က အိမ်ကြီးမဟုတ်လား"

"ဟုတ်တယ် မျိုးလေး"

"လှေကိုခြံနားထိကပ်လို့ဖြစ်ပါ့မလား၊ခြံစောင့်တွေဘာတွေတွေ့သွားနိုင်တယ်"

"အခြေအနေကြည့်ပြီးကပ်ကြတာပေါ့၊ လှေဆိပ်တော့လှပ်ထားတယ်"





အမှောင်ထုကို အကာအကွယ်ယူပြီး ဦးမြတ်ထက်အောင်လှေဆိပ်လေးနားသို့ ဖြည်းဖြည်းလုံ့စွာနဲ့ လှော်ခတ်ခဲ့ကြသည်။

ခြံဝန်းထဲကို ကြည့်တော့ အခြေအနေက ကောင်းနေသည်။

"လှေကို ဒီမှာထားခဲ့ပြီးဝင်မယ်"

နှစ်ယောက်သား လှေဆိပ်ကနေ အိမ်ဝန်းထဲသို့ ဝင်ရန်ကြိုးစားတော့၏။

"ဒီပါသော့ခတ်ထားတယ်ကွ"

ခြံဝန်းတံခါးကို သော့ပိတ်ထားသောကြောင့် ဝင်ရန်ခက်သွားသည်။ ကျော်ပြီးဝင်ဖို့ပဲရှိတော့သည်။

"ငါအရင်ဝင်မယ် မျိုးလေး"

"အေး..."

ရဲရင့်ဒီပါ.. လျင်မြန်စွာ တံခါးကိုကျော်တက်ပြီး ခြံထဲသို့ဝင်ကာ သစ်ပင်ခြေရင်းတွင်ပုန်းကွယ်ကာ မျိုးလေးကိုအချက်ပြလိုက်သည်။

နှစ်ယောက်လုံး ခြံထဲသို့ရောက်တော့မှ အိမ်ကြီးနားသို့ ကပ်ရန်ပြင်ဆင်ချိန်

"ဝုတ်..ဝုတ်.."

"ဟင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ခွေးနက်ကြီးတစ်ကောင် ရဲရင့်ဒီပါတို့ဘက်သို့ ကြည့်ပြီး ဟောင်နေလေသည်။

ခွေးနက်ကြီးဟောင်သံကြောင့် ခြံစောင့်တစ်ယောက် ထွက်လာပြီး ဓာတ်မီးဖြင့် လျှောက်ပြီးထိုးကြည့်လေသည်။ ပြီးတော့ ရဲရင့်ဒီပါတို့ဘက်ကိုလျှောက်လာသည်။ နောက်မှလူတစ်ယောက်ပါ ထပ်ပြီးလိုက်လာပြန်၏။

"မျိုးလေး... ဟိုချုံထဲကို လိုမ့်ပြီးဝင်လိုက်"

တစ်ယောက်စီခွဲပြီး ချုံထဲသို့ဝင်လိုက်သည်။

ခွေးနက်ကြီးမှာ ချုံဆီသို့ပြေးလာမည်အပြု

"ညောင်..."

"ဝုန်း..."

အိမ်ထဲမှကြောင်တစ်ကောင်ဆင်းလာသည်ကိုခွေးနက်ကြီး တွေ့သွားပြီးအတင်းပြေးလိုက်သည်။

"အလကားခွေးစုတ်၊ သက်သက်မဲ့အရက်သောက်နေတာ အရှိန်ပျက်အောင် လုပ်တယ်၊ ဖိုးထူး သွားမယ်၊ ဒီကောင်က ကြောင် မြင်ရင် သူ့ပထွေးမြင်သလိုဖြစ်နေတာ၊ အသည်းအသန်ကိုကိုက်ချင်





နေတာ"

"ဟုတ်ပါ့ကွာ"

ခြံစောင့်(၂)ယောက် နောက်သို့ပြန်ပြီးလှည့်သွားကြတော့ သည်။

"ဟူး..."

ရဲရင့်ဒီပါတို့ကိုကြောင်က ဝင်ပြီးကယ်သလိုဖြစ်သွားတော့ သည်။

ခွေးနက်ကြီး အရိပ်အခြည်ကိုကြည့်ပြီး အိမ်ကြီးအနောက် ဘက်သို့ ချဉ်းကပ်ခဲ့ပြီး

"ပြတင်းပေါက်ကဝင်မယ်"

"အထဲကနေ ပိတ်ထားတာ ဘယ်လိုဖွင့်မလဲ"

"ဒီမှာကြည့်"

ရဲရင့်ဒီပါ မှန်ချပ်နားကို ကပ်လိုက်ပြီး အိတ်ကပ်ထဲမှ အဆီ ပုလင်း လေးကိုထုတ်ကာ သုတ်လိုက်သည်။ ပြီးမှ လက်ဖြင့် အသာ လေး ရိုက်ချလိုက်သည်နှင့် မှန်မှာ ကြေမွပြီး ကြမ်းပြင်သို့ သဲမှုန် ကလေးတွေကျသွားသလိုအသံမမြည်လိုက်

"တယ်ဟုတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါသည် ပေါက်ထွက်သွားသောအဝမှ ချက်ကိုဖွင့်ပြီး အိမ်ထဲသို့ဝင်ခဲ့ကြတော့သည်။

တစ်အိမ်လုံးမီးများထွန်းထားသဖြင့် အပေါ်ထပ်သို့တက်ရန် အခက်အခဲရှိနေသည်။ အိမ်ရှေ့အပေါက်ဝတွင် အစောင့်နှစ်ယောက်က အရက်ထိုင်ပြီးသောက်လျက်

"အိမ်ကြီးထဲမှာ အိမ်ဖော်ရှိနိုင်လား"

"မရှိဘူး မျိုးလေး... ဦးမြတ်ထက်အောင်က ဘယ်တော့မှ အိမ်ဖော်မထားဘူး"

"အိမ်ပေါ်မှာ သူ့အခန်းလား"

"ဟုတ်တယ်၊ ရိုစီ့ဆီက သိထားတာက ဘယ်ဘက်ထောင့်စွန်းအခန်းက ဦးမြတ်ထက်အောင်အခန်းပဲ"

"ဟိုနှစ်ကောင် ထသွားပြီ"

ခြံစောင့်(၂)ယောက် အိမ်ဝမှ အပြင်ကိုထွက်သွားသည်နှင့် အိမ်အပေါ်ထပ်သို့ အမြန်ဆုံးပြေးတက်ခဲ့ကြတော့သည်။

"ဒီပါ အခန်းသော့ပိတ်ထားတယ်"

"လွယ်ပါတယ် ဒီမှာလေ"

သွပ်နန်းကြိုးလေးတစ်ချောင်းကို ထုတ်ယူပြီး အခန်းသော့





ကိုဖွင့်လိုက်သည်။

"ကျွီ..."

"ဟင်...ဖောက်ထွင်းဝိဇ္ဇာ လုပ်ပါလား"

"ဒီပညာအတွက် တကယ့်ဖောက်ထွင်းဆရာကြီးတွေဆီက ဘပည့်ခံခဲ့ရတာကွ"

အခန်းထဲသို့ရောက်တော့ ရဲရင့်ဒီပါ လက်ရာမပျက် ရှာဖွေမှုတွေကိုပြုလုပ်တော့သည်။ ထူးထူးခြားခြား တစ်ခုမှ မတွေ့ပေ။

"ဒီပါ ဘာမှထူးခြားတဲ့ သဲလွန်စမတွေ့ပါလား"

ရဲရင့်ဒီပါ ခုတင်အောက်သို့ တစ်ချက်ငုံ့ကြည့်လိုက်ပြီး

"ဒီမှာ ကတ်ဘူးတစ်ခုကွ၊ ခုတင်အခင်းပျဉ်နဲ့ကပ်ပြီး တွဲထားတာ၊ ကွန်ပျူတာတစ်ခုပဲ"

ရဲရင့်ဒီပါ ခုတင်အောက်ထဲသို့ ပက်လက်လှန်ပြီး ဝင်ကာ မူလထားခဲ့သည့် ခြေရာလက်ရာတွေကိုမှတ်ကာ ဖြုတ်ယူလိုက်လေသည်။

ကတ်သေတ္တာဘူးကို လျှို့ဝှက်နံပါတ်ဖြင့် ပိတ်ထားသောကြောင့် အခက်တွေ့နေပြန်သည်။

"ဘယ်လိုလုပ်မလဲ ဒီပါ"

"ရအောင် ဖွင့်ရမှာပဲ၊ ကြိုးစားကြည့်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါ(၃)ကြိမ်လောက်ကြိုးစားပြီးမှပွင့်သွားလေသည်။

"လက်ဆွဲကွန်ပျူတာ တစ်လုံးပါလား"

"သူ့ဒါနဲ့အဆက်အသွယ်လုပ်ပြီး ပို့ပေးနေတာဖြစ်မယ်"

"သေချာတယ် မျိုးလေး"

ရဲရင့်ဒီပါကွန်ပျူတာ ကုတ်တွေကိုဖော်ပြီးရှာဖွေတော့သည်။ လိုအပ်သည့်အချက်အလက်များကို မှတ်ယူပြီးစိတ်ကျေနပ်တော့မှ ပြန်ထားကာ

"လုံလောက်ပြီ...ပြန်ထွက်ကြမယ်"

အခန်းထဲတွင် သဲလွန်စ တစ်ခုမှ မထားခဲ့ဘဲ အပြင်သို့ ပြန်ထွက်ခဲ့ရင်း ဧည့်ခန်းစားပွဲရှေ့မှ ဓာတ်ပုံအယ်(လ်)ဘန်တစ်ခုကိုတွေ့လိုက်ရပြီး

"ခဏနေဦး မျိုးလေး"

ရဲရင့်ဒီပါ ဓာတ်ပုံအယ်(လ်)ဘန်ကို လှန်ကြည့်ပြီး

"ဟင်..."

ဦးမြတ်ထက်အောင်နှင့်အတူ သေဆုံးသူ မစ္စတာဒီဇန်း တို့တွဲရိုက်ထားတဲ့ဓာတ်ပုံကိုတွေ့လိုက်ရသဖြင့်ပါလာသော ကင်မရာနှင့် ချက်ချင်းရိုက်ယူကာ





"ရပြီသွားမယ်"

အိမ်ကြီးထဲမှ ပြန်ပြီးအထွက်တွင် ပြတင်းပေါက်တံခါးကို ပြန်ပြီးပိတ်ကာ

"မင်း အရင်သွားနှင့် မျိုးလေး"

"မင်းဘာလုပ်မလို့လဲ"

"မှန်တစ်ချပ်လုံးကွဲအောင် လုပ်ခဲ့မယ်၊ ဒါမှ အစောင့်တွေမှန်ကွဲတာကို သိပြီး ဦးမြတ်ထက်အောင် ပြန်လာရင် အကြောင်းကြားနိုင်မှာပေါ့၊ အပြင်က တစ်ယောက်ယောက်လက်ချက်ကြောင့် မှန်ကွဲတယ်လို့ပဲ ယူဆမှာ"

""မင်းပြောတာ ဟုတ်တယ်၊ အဝေးကနေ လှမ်းပြီးပစ်ရမှာနော်"

"ငါ့လက်က ခပ်ညံ့ညံ့မဟုတ်ပါဘူး၊ မင်းသာ အရင်အပြင်ကို ထွက်၊ ငါပစ်ပြီးတာနဲ့ အမြန်ဆုံးလာခဲ့မယ်"

မျိုးလေးကို အပြင်သို့အရင်ထွက်နိုင်းပြီး ရဲရင့်ဒီပါ သစ်ပင်ကွယ်မှနေရာယူပြီး မှန်ချပ်ကိုလှမ်းပြီးပစ်လိုက်သည်။

"ခွမ်း"

"ဝုတ်..."



www.burmeseclassic.com

www.burmeseclassic.com



ခွေးနက်ကြီးရောခြံစောင့်နှစ်ယောက်ပါအပြေးရောက်လာပြီး

"ဘယ်ကောင် လက်ဆော့ပြန်ပြီလဲမသိပါဘူးကွာ"

"ညဘက်ရေဘဲလိုက်ပစ်တဲ့ကောင်တွေ ခွေးနဲ့ပစ်တာဖြစ်မယ်"

"ခွေးကောင်တွေ၊ သူတို့လက်ဆော့တာ အရေးမကြီးဘူး၊ ငါတို့ကို လုပ်ခဖြတ်ဦးမယ်"

"လာပါကွာ၊ မှန်တစ်ချပ်လောက်တော့ ဆရာကြီးက မပြောလောက်ပါဘူး"

ခွေးနက်ကြီးကို ပြန်ပြီးဆွဲကာ ပြန်သွားတော့မှ ရဲရင့်ဒီပါမျိုးလေးဆီသို့ လာခဲ့တော့သည်။

"ဟူး...ခုမှပဲ သက်ပြင်းချနိုင်တော့တယ်"

"ဒီလောက်တော့ ရှိမှာပေါ့ကွာ"

"မင်းကွန်ပျူတာထဲက အချက်တွေကို သိလား"

"သိပ်ပြီးမသိဘူး၊ ကွန်ပျူတာဌာနကိုပို့ပြီး စစ်ရမှာပေါ့၊ ငါတို့အတွက် အရေးကြီးတဲ့ သက်သေက ဓာတ်ပုံပဲ"

"ဘယ်သူ့ဓာတ်ပုံလဲ"

"ဦးမြတ်ထက်အောင်နဲ့ မစွတာဒီဇန်း ဓာတ်ပုံ"





"သူတို့ဟာ ဆက်နွယ်မှုရှိနေတဲ့ပုံပဲကွ"

"ဆက်နွယ်ရုံတင်မကဘူး၊ အရမ်းကို ခင်မင်တဲ့ အဆင့်မှာရှိတယ်၊ အဖြေကတော့ နီးစပ်နေပါပြီ"

လှေကလေးမှာ အင်းယားရေပြင်ထက်တွင် တရွေ့ရွေ့လှော်ခတ်လျက်...

◇ ◈ ◈ ◈ ◈ ◈

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◀◀ ၁ ▶▶

ကွန်ပျူတာဌာန တာဝန်ခံ ဆရာကျော်နိုင်သည် ရဲရင့်ဒီပါတို့ထံမှ ပေးခဲ့သော ကွန်ပျူတာအချက်အလက်တွေကို ဖော်ထုတ်ခဲ့ပြီး ရှင်းလင်းပြနေလေသည်။

"ဦးမြတ်ထက်အောင်ကွန်ပျူတာထဲက အီးမေးလ်နှင့် ပေးပို့ချက်တွေဟာ ကုန်ပစ္စည်းတွေကို အဒါးန်မဲ့မှောင်ခိုဈေးကွက်ထဲကို ပို့ပေးတဲ့ လျှို့ဝှက်ဆက်သွယ်မှုလောက်ပဲ တွေ့ရတယ်၊ တခြား ထူးခြားတာတွေတော့ မတွေ့ရဘူး"

ရဲရင့်ဒီပါ မျှော်လင့်ထားသလိုမဟုတ်သောကြောင့် စိတ်ပျက်





သွားသည်။

"ဆရာကျော်နိုင်"

"ပြောပါ ဆရာဒီပါ"

"ဦးမြတ်ထက်အောင် အီးမေးလ်အချက်အလက်တွေထဲမှာ ဒီလောက်အဆင့်နဲ့တော့ သူ့ကျွန်ပျူတာကို ဝှက်ထားမှာတော့ မဟုတ်ဘူး၊ ဒါကြောင့် လေးနက်တဲ့အချက်အလက်တွေ ရှိနိုင်တယ်"

"ကျွန်တော်ရှာဖွေသလောက်ကတော့ ဒါအကုန်ပါပဲ၊ တစ်ခုတော့ စဉ်းစားစရာရှိတယ် ဆရာ၊ အဆင့်မြင့်စကားဝှက်နဲ့ ပို့တဲ့ အီးမေးလ်မျိုးဆိုရင် တော့ သူ့ရဲ့သော့ချက်(ကီး)ကို သိမှဖြစ်မယ်၊ အခုဟာကတော့ ဒီလောက်ပဲ ကျွန်တော်တို့အဆင့်နဲ့ သိနိုင်တဲ့ အီးမေးလ်တစ်ခုပါပဲ"

"ဟင်..."

"နိုင်ငံတကာသုံး အီးမေးလ်လမ်းကြောင်းပေါ်ကတော့ မဟုတ်ဘူး၊ သိပ်ပြီးအဆင့်မြင့်တဲ့ နည်းပညာဟာတစ်ခုပဲ ဆရာဒီပါ၊ အင်္ဂလိပ်နဲ့ပြင်သစ်၊ အီတလီ သုံးမျိုးရောယှက်ထားတဲ့ စနစ်နဲ့ပြုလုပ်ထားတာဆိုတော့ အချိန်ယူပြီး အဖြေထုတ်ရလိမ့်မယ်"

"ဒီအချက်တွေဟာ ဦးမြတ်ထက်အောင်ရဲ့ အဓိက လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ပဲ၊ ကြိုးစားပေးပါ ဆရာကျော်နိုင်"

"စိတ်ချ၊ အမြန်ဆုံးဖော်ထုတ်နိုင်အောင် ကြိုးစားနေပါတယ်"

ဆရာကျော်နိုင်ကို နှုတ်ဆက်ပြီး ကွန်ပျူတာဌာနအခန်းထဲမှ ပြန်ပြီးထွက်လာခဲ့တော့သည်။

"ဒီပါ...ထူးခြားလား"

"ခုထိတော့ ထူးထူးခြားခြား မရသေးဘူး၊ ဒါပေမယ့် မကြာခင် တိကျတဲ့ အဖြေတစ်ခုတော့ သိရပါလိမ့်မယ်"

"ဆရာ ဒီပါ"

ရဲဘော်လေးနိုင်ဦး ခေါ်လိုက်ခြင်းကြောင့် ရပ်ပြီးစောင့်နေလိုက်ကြသည်။

"ရဲမှူးကြီးက ဆရာဒီပါကို ခေါ်ခိုင်းလိုက်လို့"

"အော်..."

ရဲရင့်ဒီပါ အတွက် အကြောင်းတစ်ခု ပေါ်လာပြီဟု ထင်လိုက်သည်။ ရဲမှူးကြီးအခန်းထဲသို့ ရောက်သော်.....

"ရဲရင့်ဒီပါ ထိုင်ကွာ"

"ဟုတ်ကဲ့"

ရဲမှူးကြီးကို အရိုအသေပေးပြီး ရှေ့တွင် ဝင်ထိုင်လိုက်သည်။





"ခေါ်ရတဲ့ကိစ္စက တခြားအကြောင်းတော့ မဟုတ်ဘူး၊ မစ္စတာဒီဇန်းရဲ့ နေရပ်လိပ်စာအမှန်ကို ရသလို၊ သိပ်ပြီးအရေးကြီးတဲ့ အချက်တစ်ခုကိုလည်း ရခဲ့တယ်၊ ဒီအချက်ဟာ (F.B.I) ထောက်လှမ်းရေးအဖွဲ့ဆီက ရခဲ့တဲ့အချက်ဖြစ်တယ်ဆိုတော့ ငါတို့အတွက် အရမ်းကိုတာဝန်ကတော့ ကြီးပြီကွ"

"ဟုတ်ကဲ့...အမိန့်ရှိပါ ရဲမှူးကြီး"

"မစ္စတာဒီဇန်း နေထိုင်တာ အီတာလီ ရိုးမား ပြည်နယ်မှာ၊ ဒါ သူနေထိုင်တဲ့လိပ်စာပဲ"

ရဲမှူးကြီးဆီက မစ္စတာဒီဇန်းလိပ်စာကို ကြည့်ပြီး စားပွဲတွင် ပြန်ပြီးထားလိုက်တယ်။

"မစ္စတာဒီဇန်းဟာ ရုရှားနိုင်ငံအနုမြူဓာတ်ပေါင်းဖိုမှာ ပါရဂူတစ်ဦးဖြစ်ခဲ့တယ်၊ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ရုရှားနိုင်ငံရဲ့ အနုမြူနဲ့ နျူကလီးယားလျှို့ဝှက်ချက်တွေ၊ ဖော်မြူလာတွေကို တခြားနိုင်ငံတွေဆီ ရောင်းချခဲ့လို့ သေဒဏ်ပေးခံခဲ့ရတယ်"

"ဟင်..."

"ရုရှားထောင်ထဲမှာ (၁)နှစ်လောက်နေပြီး ထောင်ကို ဖောက်ပြီး လွတ်မြောက်သွားခဲ့တယ်၊ ဒီနောက် အမေရိကန်၊ အင်္ဂလန်၊



www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်၊ အီတလီ၊ ဂျာမဏီ တို့မှာ ခြေရာဖျောက်ပြီး နေထိုင်ခဲ့တယ်၊ နိုင်ငံတစ်ခုမှာ နာမည်တစ်မျိုးနဲ့ နေခဲ့ရင်း မြန်မာပြည်ကို မစ္စတာဒီဇန်း အမည်နဲ့လာခဲ့တာဖြစ်တယ်"

ရဲမှူးကြီးပြောနေသော စကားတွေကြောင့် မစ္စတာဒီဇန်းသည် သာမန်လူတစ်ယောက်မဟုတ်သလို ကြောက်စရာကောင်းသော လူတစ်ယောက်ဖြစ်နေလေပြီ။

"မစ္စတာဒီဇန်းနှင့်အတူ ကမ္ဘာ့အန္တရာယ်အဖွဲ့တစ်ဖွဲ့ဆိုတာရှိနေတယ်လို့ (F.B.I) အဖွဲ့ကြီးက သတ်မှတ်ထားတယ်၊ နောက်ဆုံး ရရှိထားတဲ့ သတင်းအချက်အလက်အရဆိုရင် မစ္စတာဒီဇန်းဟာ အကြမ်းဖက်အဖွဲ့တွေကို နျူကလီးယားလက်နက်ဖော်မြူလာ ရောင်းစားဖို့ပြင်ဆင်နေတာကို သိခဲ့ကြတယ်၊ ဒါပေမယ့် သူ့ရဲ့ဖော်မြူလာတွေဟာ အကြမ်းဖက်အဖွဲ့တွေလက်ထဲကို ရောက်မသွားသေးဘဲ ပျောက်ဆုံးနေတယ်၊ ဒါကြောင့် မစ္စတာဒီဇန်းနဲ့ ကမ္ဘာ့အန္တရာယ်အဖွဲ့ကြီးကို ခြေရာခံနိုင်ဖို့ အရေးကြီးနေတယ်"

" ဒီကမ္ဘာ့အန္တရာယ်အဖွဲ့ကို ခြေရာခံဖို့ တာဝန်ပိုင်းမှာ ကျွန်တော်တို့တိုင်းပြည်က ပါဝင်ရမယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်၊ မစ္စတာဒီဇန်းဟာ မြန်မာပြည်ထဲမှာ သေဆုံး





သွားခဲ့တာဆိုတော့ ငါတို့ဘက်က မဖြစ်မနေ ပါဝင်ပတ်သက်နေပြီ၊ မစ္စတာဒီဇန်းကို လုပ်ကြံရခြင်းဟာ နှုတ်ပိတ်ခြင်းမဟုတ်ရင် တခြား ပြိုင်ဘက်အဖွဲ့တစ်ခုက လုပ်ကြံခြင်းလို့ (F.B.I) ထောက်လှမ်းရေး အဖွဲ့ကြီးက ယူဆထားကြတယ်"

လူသတ်တရားခံကို ဖော်ထုတ်ဖို့ အတွက် ရဲရင့်ဒီပါမှာ များစွာ ခက်ခဲနေလေပြီဖြစ်သည်။

"ရဲရင့်ဒီပါ ခုကိစ္စပေါ်မှာ (F.B.I) အပါအဝင် နိုင်ငံတကာ ထောက်လှမ်းရေးတပ်ဖွဲ့တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ရမယ်၊ ဒါဟာ နိုင်ငံတကာ ထောက်လှမ်းရေးတပ်ဖွဲ့တွေနဲ့ ဆက်သွယ် ဆောင်ရွက်ရမယ့်ကတ်လေးပဲ၊ ရဲရင့်ဒီပါနဲ့အတူ မျိုးလေးပါ ပူးပေါင်း ဆောင်ရွက်ပါ၊ ကွန်ပျူတာဌာနက သတင်းပေးပို့ချက်ကို သိပြီးပါပြီ၊ ဒီထဲက အီးမေးလ်ပါ အချက်အလက်တွေကို ဖော်ထုတ်နိုင်ရင်တော့ အဖြေတစ်ခုရနိုင်မှာပါ"

"ဟုတ်ကဲ့"

"ဦးမြတ်ထက်အောင်ဟာ မစ္စတာဒီဇန်းနဲ့ပတ်သက်နေတဲ့ လူဆိုတော့ သူ့ကိုမြန်မာ့ပိုင်နက်ထဲက ထွက်ခွာခွင့်တော့ မပြုတော့ဘူး၊ ဖမ်းဆီးဖို့တော့ လုပ်လို့မရသေးဘူး၊ သူ့လှုပ်ရှားမှုက သဲလွန်စတွေကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီးရနိုင်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ရဲမှူးကြီး၊ ဦးမြတ်ထက်အောင်ကို ခပ်မျော မျောလေးထားပြီး ခြေရာခံဖို့လိုအပ်တယ်"

"ဆက်ပြီး ကြိုးစားပါ ရဲရင့်ဒီပါ"

ရဲမှူးကြီးအခန်းထဲက ပြန်ထွက်လာချိန်တွင် ရဲရင့်ဒီပါ ပခုံးထက်တွင် ကြီးမားသောတာဝန်ကြီးတစ်ခု ရောက်ရှိလာခဲ့ပြီဟု ထင်လိုက်သည်။

"တီ...တီ...တီ"

ခါးကြားမှ ဖုန်းခေါ်သံကြောင့် နားထောင်လိုက်တော့

"ဟဲလို..."

"ဆရာဒီပါလား"

"ဪ...ရှု(စ်)ပြော"

"ဆရာဒီပါကို သိပ်အရေးကြီးတဲ့စကားပြောစရာရှိတယ် မန္တလေးဘက်ကိုတက်ခဲ့ပါလား"

"ရှု(စ်) ခုဆက်နေတာ မန္တလေးကလား"

"ဟုတ်တယ် ဆရာဒီပါ"

"ကောင်းပြီ...လာခဲ့မယ်၊ ဆုံမယ့်နေရာကိုပြောလိုက်"





"မန္တလေး (× × × ×) ဟိုတယ်မှာ ရှု(စ်) စောင့်နေမယ်၊ ဒါပဲနော်"

တစ်ဖက်မှဖုန်းကိုချက်ချင်းချသွားသည်။

"ဒီပါဘယ်သွားဆိုကာလဲ"

"ရှု(စ်)ဆီက မျိုးလေး...မင်းနဲ့ငါမန္တလေးကိုအရေးပေါ်ခရီးသွားရမယ်၊ပြင်ထားလိုက်၊ငါရဲမှူးကြီးဆီကိုအကြောင်းသွားပြီးကြားလိုက်ဦးမယ်"

"ဘာနဲ့သွားမှာလဲ"

"ခုချိန်မှာ ဘာမှ မရှိတော့ဘူး၊ ကားနဲ့ပဲ သွားမယ်၊ တစ်ယောက်တစ်လှည့်မောင်းသွားတာပေါ့၊ကြံ့ခိုင်မှုရှိတဲ့ကားကိုထုတ်ခဲ့နော်"

မျိုးလေးအားပြင်ဆင်ခိုင်းပြီး ရဲရင့်ဒီပါရဲမှူးကြီးဆီသို့ထွက်ခဲ့သည်။ ရှု(စ်) ဘက်မှတစ်ခုခုထူးခြားနေပြီဖြစ်သည်။

◇◈◈◈◈◈



www.burmeseclassic.com

www.burmeseclassic.com

ရဲရင့်ဒီပါတို့ကားကလေးမန္တလေးမြို့သို့ထွက်တော့မှောင်စ

ပြုနေလေပြီ။

"မင်းအိပ်ချင် အိပ်ပြီးလိုက်လေ မျိုးလေး"

"မအိပ်ချင်သေးပါဘူးကွာ၊ ဖြည်းဖြည်းပေါ့"

"မအိပ်ချင်လို့မရဘူး။ ငါအိပ်ချင်ရင်မင်းမောင်းရမှာ၊ မင်းခ

ရော အပြည့်ထည့်ခဲ့ရဲ့လား"

"ထည့်ခဲ့ပါတယ်၊ အပိုတောင် ယူလာသေးတယ်၊ ဒါနဲ့ ရှ(စ

ကဦးမြတ်ထက်အောင်နဲ့အတူ ပုဂံကိုပါသွားတာဆို"





"ဟုတ်တယ်၊ ခုသူတို့မန္တလေးမှာ ရောက်နေလို့ဖြစ်မှာပေါ့"

"မန္တလေးကနေ ဖုန်းဆက်ပြီးခေါ်တယ်ဆိုတော့ သိပ်ကို

အရေးကြီးနေလို့ဖြစ်မယ်ဒီပါ"

"ဟုတ်မယ်၊ ပြီးတော့ ရှ(စ်)အသံတွေက တုန်နေသလိုပဲ"

"အန္တရာယ်တစ်ခုခုများ တွေ့နေပြီလား"

"မပြောတတ်ဘူး၊ ဦးမြတ်ထက်အောင်ဆိုတဲ့လူဟာ ငါတို့

အတွက်အန္တရာယ်လူသားတစ်ဦးဖြစ်နေပြီကွ"

"သူ့ကို ကိုင်တွယ်ဖို့ဆိုတာ လွယ်လွယ်နဲ့တော့ မရနိုင်ဘူး

ထင်တယ်"

"သေချာတယ် မျိုးလေး၊ ငါတို့ဘက်က တစ်ချက်လေးမှား

ကွက်ဖြစ်သွားတာနဲ့ သဲလွန်စလုံးလုံးပျောက်သွားနိုင်တယ်၊ သူ့ရဲ့

ထွက်ပေါက်တွေက အများကြီးပဲ"

"မင်း... မစ္စတာဒီဇန်းနဲ့ပတ်သက်ပြီး နောက်ဆက်တွဲရထား

တာရှိသေးလား"

"မရှိသေးဘူး၊ ရဲမှူးကြီးပြောပြသလောက်ပဲရှိသေးတယ်"

"မစ္စတာ ဒီဇန်း မြန်မာပြည်ထဲဝင်တာ အလည်အပတ်

သဘောမျိုးတော့ ငါမထင်ဘူး မင်းရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလူမျိုးကအလည်အပတ်လာမှာမဟုတ်ဘူး။အကြောင်းတစ်ခုခုတော့ရှိမယ်၊ အနောက်နိုင်ငံတွေမှာ သူ့အတွက် လုံခြုံမှု မရှိလို့ အရှေ့ဘက်ကိုခြေရာဖျောက်ဖို့ပြင်ဆင်တာဖြစ်နိုင်တယ်"

"မြန်မာပြည်မှာ ဇာတ်မြုပ်မယ်ဆိုတဲ့သဘောပေါ့"

"မြန်မာပြည်မှာတော့ သူဇာတ်မြုပ်မှာမဟုတ်ဘူး၊ မြန်မာပြည်ကနေ တခြားဘက်ကိုကူးဖို့ လာခဲ့တာဖြစ်နိုင်တယ်၊ ငါတွေးမိတာက အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်တစ်ခုခုပဲ၊ ဒီမှာက အကြမ်းဖက်အုပ်စုတွေ ခိုလှုံနိုင်တဲ့နေရာတွေရှိတယ်၊ နောက်တစ်ချက်က မြန်မာပြည်မှာ ဦးမြတ်ထက်အောင်နဲ့ မစ္စတာဒီဇန်းအဆက်အသွယ်ရှိပုံရတယ်"

"ဟင်...ဘာကြောင့်မင်းပြောနိုင်တာလဲ"

"ရှိ(စ်)ပြောတဲ့စကားပေါ်မှာ အခြေခံကြည့်တာပါ၊ ဦးမြတ်ထက်အောင်ဆီကို အထူးဧည့်သည်တစ်ဦးလာမယ်ဆိုတဲ့ စကားလေ"

"ဟုတ်ပြီ၊ ဒီအတိုင်းဆိုရင် ဦးမြတ်ထက်အောင်ဟာ ရိုးရိုးအဆင့်တောင်မဟုတ်တော့ဘူး၊ ကြောက်စရာကောင်းမနေပြီ"

"သူ့ခြေရာဖျောက်ဖို့မရတော့ဘူး၊ သူ့ကိုနိုင်ငံခြားသွားလာခွင့်ဗီဇာကိုပိတ်ထားလိုက်ပြီ"





"အောက်လမ်းက ထွက်မှာပေါ့"

"မထွက်နိုင်အောင်တော့ ပိတ်ဆို့ထားရမယ်"

"သူ့ကို ဗီဇာပိတ်ထားတာ သိသွားပြီလား"

"မသိသေးဘူး၊ သူ နိုင်ငံခြားမသွားခင်ထိ အသိပေးမှာ မဟုတ်ဘူး"

"ဦးမြတ်ထက်အောင်ကိုအနီးကပ်ရှဒိုးလိုက်ဖို့တော့ လိုအပ်နေပြီ"

"ဒါကြောင့်ငါရှိ(စ်)ကို အကူအညီတောင်းတာပေါ့"

"ကောင်းတယ်၊ ငါတို့ဘက်က အရိပ်ရှိနေတာကို အသိခံလို့ မဖြစ်ဘူး။ ဒီလိုလူတွေက သိတာနဲ့ ကိုယ်ပျောက်သလိုပျောက်သွားမှာ၊ သူ့မိသားစုက မြန်မာပြည်မှာရှိတာမဟုတ်တော့ ပျောက်သွားပြီဆိုတာနဲ့ ရှာတွေ့ဖို့မလွယ်ဘူးနော်"

"ငါတို့ပုံစံက ဘယ်လိုဖြစ်နေသလဲဆို ငါးတစ်ကောင်ကို ရေကန် ထဲမှာထွက်ပေါက်မရှိအောင်ပိတ်လှောင်ထားပြီးလှုပ်ရှားမှုကို စောင့်ကြည့်နေရသလိုပဲ"

"ဦးမြတ်ထက်အောင်က ငါးမဟုတ်ဘူး၊ ကျားကြီးတစ် ကောင်ပေါ့၊ မင်းကို ငါချီးကျူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲကွ၊ ထူးထူးခြားခြားစကားပါလား"

မျိုးလေးနှင့်အတူတွဲခဲ့ကြတာကြာခဲ့ပြီဖြစ်ပေမယ့်ရဲရင့်ဒီပါကို ရိုးကျူးစကားတစ်ခါမှမပြောခဲ့။

"မင်း...ဦးမြတ်ထက်အောင်ကို သံသယပစ်မှတ်အဖြစ်ရွေးချယ်ခဲ့တာ၊ တကယ့်ကို အကောင်းဆုံးဖြစ်သွားတယ်၊ နို့မို့ဆိုရင် ပင်လယ်ထဲအပ်ပျောက်ရှာရသလိုဖြစ်နေမှာကွ"

"ခုဟာက ပင်လယ်ထဲ အပ်ပျောက်တာထက်ဆိုးတယ် မျိုးလေး"

"ဘာလို့ဆိုးရတာလဲ"

"ပေါက်ကွဲအားကောင်းတဲ့ဗုံးကြီးရဲ့စနက်တံကိုမပေါက်ကွဲအောင်ဖြုတ်ရမှာကွ၊ ကမ္ဘာ့နိုင်ငံတကာထောက်လှမ်းရေးအဖွဲ့တွေကို လှည့်စားနိုင်တဲ့အဖွဲ့နောက်ကို ခြေရာခံရတာ၊ လွယ်တဲ့ကိစ္စမှမဟုတ်တာ"

"ဦးမြတ်ထက်အောင်နောက်မှာအဖွဲ့တစ်ခုရှိနေမလားဒီပါ"

"ရှိနေဖို့ကတော့များတယ်"

"ခုမြန်မာပြည်ကိုရောက်နေတဲ့ အီတလီသား နှစ်ယောက်ကလည်း သံသယပစ်မှတ်ထဲကလူတွေပေါ့"





"ဟုတ်တယ်၊ သူတို့နဲ့ပတ်သက်ပြီး အချက်အလက်တွေတော့ သက်ဆိုင်ရာထောက်လှမ်းရေးအဖွဲ့တွေဆီကို သတင်းပို့လိုက်ပါပြီ၊ ကိုယ့်တိုင်းပြည်ထဲမှာရှိနေတာက ကိုယ့်တာဝန်ပဲ"

"(F.B.I) ထောက်လှမ်းရေးအဖွဲ့က ပေးထားတဲ့အမည်က ကမ္ဘာ့အန္တရာယ်အဖွဲ့တဲ့လား"

"ဟုတ်တယ်၊ ဒီအဖွဲ့ဟာ နိုင်ငံတော်တော်များများတော့ရှိနေတယ်လို့ထင်တယ်"

"ဦးမြတ်ထက်အောင်တို့လိုလူတွေဖြစ်မှာပေါ့ကွာ"

ညကတဖြည်းဖြည်းနက်လာပေမယ့်ရဲရင့်ဒီပါတို့ကားလေးမှာမရပ်မနားဆက်မောင်းနေလျက်

"မင်းအိပ်ချင်ရင်ပြောကွာ၊ ငါမောင်းလိုက်ဦးမယ်"

"အေး..."

ညဘက်ကားမောင်းသောကြောင့်ရဲရင့်ဒီပါသတိနှင့်အတူ မောင်းနေရသည်။

◇◇◇◇◇◇



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◂◂ ၂ ▸▸

ကားကို မိတ္ထီလာတွင် ခဏအနားပေးပြီး ဆက်ပြီးမောင်း ထွက်လာခဲ့ခြင်းဖြစ်သည်။

မန္တလေးသို့ရောက်သည်နှင့် နှစ်ယောက်လုံး ခရီးပန်းနေလေပြီ။

"ဒီပါ...ဟိုတယ်ကို တစ်ခါတည်း သွားမှာလား"

"ဟိုရောက်မှပဲ နားတော့မယ်ကွာ၊ ဆက်ပြီးသာမောင်း"

ဟိုတယ်ထဲသို့ကားလေးမောင်းဝင်လာသည်နှင့်

"ဟင်..."

ဟိုတယ်ရှေ့တွင် ဆေးရုံကားနှင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ကား





များရပ်ထားသည်ကိုတွေ့လိုက်ရသည်။

ရဲရင့်ဒီပါတို့ကားရပ်ပြီးဆင်းလာခဲ့သည်။

နယ်မြေခံ စခန်းမှူးနားသို့သွားပြီးအကျိုးအကြောင်းပြောပြလိုက်၏။

"ဘယ်လိုဖြစ်တာလဲ စခန်းမှူး"

"လူသတ်မှုဖြစ်လို့ပါ"

"ဗြော်.."

"အသတ်ခံရတာ မိန်းကလေးရန်ကုန်ကလာပြီးတည်းတာ"

"ဟင်.."

ရဲရင့်ဒီပါ...ရှို(စ်)အတွက် စိုးရိမ်သွားမိသည်။

"ဘယ်သူဆိုတာ သိရပြီလား"

"ဟုတ်ကဲ့...သိပြီးပါပြီ၊ ရှိစီတဲ့"

"ဘာ.."

"ဟင်..."

ရဲရင့်ဒီပါတို့နှစ်ယောက်စလုံး အံ့အားသင့်သွားသည်။

"အလောင်းသယ်သွားပြီလား"

"မသယ်ရသေးပါဘူး၊ မြို့နယ်မှူး လာကြည့်မယ်ဆိုလို့စောင့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"ကျွန်တော်တို့ကြည့်ချင်တယ်"

"ရပါတယ်၊ အပေါ်ထပ် အခန်း (၂၃) မှာပါ၊ ဟိုမှာ သတင်းတပ်ဖွဲ့နဲ့ ထောက်လှမ်းရေးအဖွဲ့တွေတောင် ရောက်နေပါတယ်"

ရဲရင့်ဒီပါတို့ ရောက်လာခြင်းမှာ နောက်ကျနေလေပြီဖြစ်သည်။

အပေါ်ထပ်သို့ရောက်တော့

"ဟာ...ဆရာရဲရင့်ဒီပါတို့ပါလား..."

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင် ဆရာအောင်သက်ကို တွေ့လိုက်ရသည်။

"ဘယ်ကိုလာကြတာလဲ"

"ဒီကိုပါပဲ၊ ဒီမိန်းကလေးနဲ့ချိန်းထားတာ နောက်ကျသွားပြီဗျာ..."

ဝိတ်ဖြူအုပ်ထားသည့် အလောင်းကို ရဲရင့်ဒီပါ ဆွဲပြီးဖွင့်လိုက် ပြီး ကြည့်လိုက်သည်။ ရှိစီ၏နှုတ်ခမ်းစပ်တွင် သွေးစတွေနှင့် သေဆုံးနေသည်ကိုတွေ့မြင်နေရသည်။

"အဆိပ်သင့်ပြီး သေတယ်လို့တော့ ယူဆတာပဲ ဆရာ





ရဲရင့်ဒီပါ"

ရဲရင့်ဒီပါ...ရှိ(စ်)ကိုသေချာစွာစစ်ဆေးကြည့်ပြီး

"သက်သေနဲ့သဲလွန်စဘာတွေရထားလဲဆရာအောင်သက်"

"ထူးထူးခြားခြားတော့ ဘာမှမရပါဘူး၊ သူ့ရဲ့အဝတ်အစားနဲ့ စာရွက်စာတမ်းလောက်ပဲ သိမ်းဆည်းထားတယ်၊ တော်တော့်ကို ခေါင်းစားတယ်ဗျာ၊ သူ့ကို လုပ်ကြံသတ်ဖြတ်တယ်လို့ အပြီးသတ် စွဲချက် တင်လို့လည်း မဖြစ်နိုင်သလို ကိုယ့်ကိုယ်ကို သတ်သေတယ် လို့လည်း ပြောလို့မရဘူး၊ ဆရာ ရဲရင့်ဒီပါရော ဘယ်လိုသုံးသပ်ထားလဲ"

"ဒီမိန်းကလေး အသတ်ခံရတာပါ၊ အဆိပ်အပ်သေနတ်နဲ့ ပစ်သွားတာ"

"ဟာ..."

ရဲရင့်ဒီပါ စကားကြောင့် တခြားသူတွေပါ အံ့အားသင့်သွားကြလေသည်။

"မိန်းကလေးရဲ့ဆံပင်ထဲမှာ စိုက်နေတဲ့အပ်ကလေးရှိတယ် ဒီမှာလေ"

"ဟာ...ဟုတ်ပါရဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါ... ရှိ(စ်)ဆံပင်ထဲမှ အပ်ကလေးကို ထုတ်ယူပြီး သိမ်းဆည်းဖို့ပေးလိုက်သည်။

"သူသေတာကို ဘယ်သူစပြီးတွေ့တာလဲ"

"ဟိုတယ်ဝန်ထမ်းလေးပါ"

"ဘယ်လိုလုပ်ပြီးသိရတာလဲ"

"သေဆုံးတဲ့မိန်းကလေးက မနက်(၇း၀၀)နာရီထိုးတာနဲ့ နို့ သောက်တတ်တာကြောင့် လာပြီးပို့ရင်း ခေါ်လို့မရတာနဲ့ မန်နေဂျာဆီ က သော့တောင်းပြီး ဖွင့်ကြည့်တော့ သေဆုံးနေတာကိုတွေ့ရတာပဲ"

"အသတ်ခံရတာ တော်တော်လေးကြာနေတဲ့ပုံပဲ"

"ဟုတ်တယ် မှုခင်းဆရာဝန်ကြီးကတော့ ဒီလိုပဲယူဆထား တယ်"

"ဆရာအောင်သက်"

"ဟုတ်ကဲ့ပြောပါ"

"ကျွန်တော် ဟိုတယ်မှာ ညကတာဝန်ကျတဲ့သူတွေနဲ့တွေ့ ချင်တယ်"

"ကောင်းပြီ...ကျွန်တော်စီစဉ်ပေးပါမယ်"

"ပြီးရင် မိန်းကလေးဆီက သိမ်းဆည်းထားတဲ့ ပစ္စည်းတွေ





ကိုကြည့်ချင်ပါတယ်"

"ရပါတယ် ဆရာရဲရင့်ဒီပါ"

ရဲရင့်ဒီပါတို့ အောက်ထပ်သို့ဆင်းလာပြီး ဟိုတယ်ဝန်ထမ်း အားလုံးကို အခန်းတစ်ခုတွင် ခေါ်ယူပြီး သိချင်တာတွေကို မေးလေ သည်။

"ညက ဒီမိန်းကလေးကို ဘယ်အချိန်ထိတွေ့ခဲ့သလဲ"

"ဟုတ်ကဲ့... သူ့ကို ညက (၁၀း၀၀)နာရီလောက်ထိ အသက် ရှင်ရက်နဲ့တွေ့ခဲ့ပါတယ်"

"ဘယ်လိုတွေ့ခဲ့တာလဲ"

"သူ... ကျွန်တော့်ကို ကော်ဖီတစ်ခွက်နဲ့ မုန့်ပို့ခိုင်းလို့ ပို့ခဲ့ရင်း တွေ့ခဲ့တာပါ"

"ဒီဟိုတယ်မှာ သူ တစ်ယောက်ထဲ တည်းတာလား မန်နေဂျာ"

"ဟုတ်ပါတယ် သူတစ်ယောက်တည်းပါ"

"သူ့ဆီကို ဘယ်သူတွေလာတာတွေ့သေးလဲ"

"မြန်မာတစ်ယောက်နဲ့ နိုင်ငံခြားသား နှစ်ယောက်တွေ့ မိန်းကလေးမသေခင်ညနေပိုင်းက ကျွန်တော်တို့ဟိုတယ်မှာ ညစာ



www.burmeseclassic.com

www.burmeseclassic.com



အတူတူစားသွားကြတယ်"

"နိုင်ငံခြားသားတွေက ဒီမှာမတည်းဘူးလား"

"မတည်းဘူးဆရာ၊ သူတို့က လေယာဉ်ကွင်းဟိုတယ်မှာ တည်းပါတယ်"

"ဆရာအောင်သက်၊ ခင်ဗျား တပ်ဖွဲ့ဝင်တွေကို ဒီနိုင်ငံခြားသားနဲ့မြန်မာလူမျိုးနောက်ကိုစောင့်ကြည့်ပစ်မှတ်လုပ်ထားခိုင်းလိုက်ပါ၊ သိပ်ကိုအရေးကြီးတဲ့လူတွေဖြစ်လို့ပိရိသေသပ်ဖို့လိုတယ်နော်"

"စိတ်ချလက်ရွေးစင်တွေကိုလွှတ်လိုက်မှာပါ"

ရဲရင့်ဒီပါ သိချင်သည်များကို မေးမြန်းပြီး ရှု(စ်) ဆီမှ သိမ်းဆည်းထားသောပစ္စည်းတွေကိုစစ်ဆေးကြည့်လေသည်။ ခရီးဆောင်အိတ်ထဲမှ လိပ်စာလေးတစ်ခုကို ရလိုက်သည်။ မန္တလေးလိပ်စာနှင့် ခင်သန္တာဆိုသောအမည်ပင်ဖြစ်သည်။

ရဲရင့်ဒီပါထိုလိပ်စာကိုမှတ်ပြီးပြန်အပ်နှံလိုက်သည်။

"ဆရာအောက်သက်ပြီးမှပဲ ကျွန်တော်တို့ပြန်လာခဲ့မယ်"

"ကောင်းပြီ၊ ဌာနမှာ တည်းမှာလား"

"ဌာနချုပ်ကိုသတင်းပို့ရဦးမှာဆိုတော့ဒီညတော့ခင်ဗျားတို့ဌာနမှာပဲအိပ်မယ်၊ ခုလောလောဆယ်အပြင်ကိုခဏသွားဦးမယ်"





ဟိုတယ်ထဲမှပြန်မောင်းထွက်လာစဉ်

"ခု..ဘယ်ကိုသွားမှာလဲဒီပါ"

"ရှု(စ်)ဆီကသိရတဲ့လိပ်စာအတိုင်းသွားပြီးခင်သန္တာနဲ့တွေ့ကြည့်မလို့၊ ရှု(စ်)ဘာတွေပြောခဲ့တယ်ဆိုတာ သိလိုသိငြားပေါ့ကွာ"

"ဒီပါ... ရှု(စ်)သေတာ ဦးမြတ်ထက်အောင် လက်ချက်ဖြစ်နိုင်လား"

"ပြောလို့မရသေးဘူးကွာ၊ တစ်ခုတော့ သတိထားမိတယ်၊ သတ်တဲ့ပုံစံက အရမ်းကို ခေတ်မီ ပိရိသေသပ်တယ်၊ အပြင်က တစ်ယောက်ယောက်ဝင်ပြီးသတ်တဲ့လက်ရာမျိုးမဟုတ်ဘူး၊ သပ်သပ်ရပ်ရပ်ကိုလုပ်သွားတာပဲ"

"အခန်းထဲကို ဝင်ပြီး သတ်ရတဲ့အထိ အပြင်လူတွေ ဝင်ထွက်သွားလာတာမျိုးမရှိဘူးလို့ဟိုတယ်ဝန်ထမ်းအားလုံးကပြောနေတယ်"

"အပြင်က မသတ်ရင် အထဲကပဲ သတ်မှာပေါ့ကွာ"

"ဟင်... မင်းဆိုလိုတာက ဟိုတယ်ဝန်ထမ်းထဲက သတ်တာပေါ့"

"သေချာတယ်၊ ငါ မသင်္ကာတဲ့လူ(၂)ယောက်တွေ့ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူတို့ကို အခုမစစ်ဆေးတာ ဦးမြတ်ထက်အောင်တို့ လစ်ထွက်သွားမှာစိုးလို့ပဲ၊ ပြီးတော့ ရှီ(စ်) ငါတို့ကို ဘာပြောချင်တယ်ဆိုတာကို မသိရသေးလို့ မသိချင်ယောင်ဆောင်ပြီးနေလိုက်တာ"

"အမှုကတော့ ရှုပ်ပြီးရင်းရှုပ်နေပြီဒီပါ"

"နောက်ဆိုဒီထက်ပိုပြီး ရှုပ်ထွေးရုံတင်မကဘူး၊ အန္တရာယ်တွေကိုပါ ရင်ဆိုင်ဖို့ပြင်ထားပေတော့"

"မင်းနဲ့ပေါင်းမိရင် အန္တရာယ်ဆိုတာကို အမြဲဖိတ်ခေါ်နေကျပဲကွာ၊ မထူးဆန်းတော့ပါဘူး"

"လိပ်စာအရဆိုရင် ဟိုရှေ့ကအိမ်ပဲ"

ရဲရင့်ဒီပါ ကားလေးကို အိမ်ရှေ့တွင်ရပ်ပြီး ဆင်းလိုက်သည်။

ခြံတံခါးပိတ်ထားသောကြောင့် ခြံထဲကို လှမ်းကြည့်ပြီး အော်ခေါ်လိုက်မှ လူတစ်ယောက်ထွက်လာသည်။

"ဘာကိစ္စလဲကွယ့်"

"ဒီအိမ်က မခင်သန္တာအိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"သူရှိလား ဦးလေး"

"ဟို..အဲ..မရှိဘူးကွဲ့"





ခြံစောင့်ဦးလေးကြီး စကားထစ်ထစ်ငေါ့ငေါ့နှင့်ဖြစ်နေသည်။

"ဦးလေး.. ခင်သန္တာကို ပြောလိုက်ပါ၊ ခုလာတဲ့သူတွေက ရှီစ်မိတ်ဆွေတွေပါ"

"သူ...မ...မ...မရှိတာပါကွယ်"

"သူအိမ်ထဲမှာ ရှိပါတယ်ဦးလေး၊ ပြတင်းပေါက်ကတောင် ချောင်းကြည့်နေသေးတယ်"

"ဟော..."

ရဲရင့်ဒီပါ စကားကြောင့် ဦးလေးကြီး အံ့အားသင့်ပြီး ရဲရင့်ဒီပါကို ကြည့်နေလေသည်။

"ကျွန်တော်တို့ကို မကြောက်ပါနဲ့၊ လူကောင်းတွေပါ၊ အစိုးရဝန်ထမ်းတွေဆိုရင် ပိုပြီးသေချာပါတယ်"

"မောင်ရင်တို့က စုံထောက်တွေပေါ့"

"ဟုတ်ပါတယ်"

"ဒါ...ဒါဆို...ခဏလေးစောင့်ပါကွယ်"

ဦးလေးကြီး အိမ်ထဲသို့ပြေးဝင်သွားသည်။

"ဒီပါ"

"ဘာလဲမျိုးလေး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းခင်သန္တာအိမ်ထဲမှာရှိနေတာကိုဘယ်လိုလုပ်ပြီးသိလဲ၊ ပြတင်းပေါက်က တကယ်ချောင်းကြည့်လို့လား"

"မျိုးလေးရာပြတင်းပေါက်ကချောင်းကြည့်တာကိုဒီကနေ ဘယ်လိုလုပ်ပြီး တွေ့ရမလဲ၊ပြတင်းပေါက်တံခါးတွေပိတ်ထားတာပဲ"

"ဒါဆို"

"အဘိုးကြီးအမူအရာကိုကြည့်ပြီး ပြောလိုက်တာ"

"မင်းကတော့ တကယ့်စံပါပဲဟော့"

ခြံစောင့်ဦးလေးကြီး ပြန်ရောက်လာပြီးတံခါးဖွင့်ပေးကာ

"မောင်ရင်က ရဲရင့်ဒီပါ ဆိုတာလား"

"ဟင်...ဟုတ်ပါတယ်"

ခင်သန္တာဆိုသူကို ရဲရင့်ဒီပါ တစ်ခါမှ မတွေ့ဘူးခဲ့ပေမယ့် ရဲရင့်ဒီပါအမည်ကိုတော့ ခင်သန္တာ သိနေလေပြီ။

ရှီ(စ်)က ခင်သန္တာကိုသူနဲ့ ဆုံမည့်အကြောင်းကိုပြောပြထား ပြီဆိုသည်ကို ရဲရင့်ဒီပါ ကောက်ချက်ချမိသည်။

"ထိုင်...ထိုင်ပါဆရာရဲရင့်ဒီပါ၊ လူကိုတော့ မတွေ့ဘူးပေမယ့် ရှီ(စ်)ပြောပြထားလို့ သိထားတာပါ"

"မခင်သန္တာတို့ ဘာတွေဖြစ်နေကြတာလဲ၊ တစ်ခုခုကို ကြောက်လန့်နေတဲ့ပုံစံပဲ"





"ဟုတ်ပါတယ် ဆရာရဲရင့်ဒီပါ၊ ကျွန်မတို့နှစ်ယောက်လုံး အန္တရာယ်တွေက ကပ်နေပြီ၊ ရှီ(စ်)အသတ်ခံလိုက်ရပြီလို့ သိပြီးက တည်းက ကျွန်မ ဘာလုပ်ရမှန်းတောင် မသိဘူးဖြစ်နေတာပါ"

"ရှီ(စ်)သေတာကို ဘယ်လိုလုပ်ပြီးသိတာလဲ"

"မနက်က ဟိုတယ်ကို ဖုန်းဆက်ပြီး ရှီ(စ်)ကို ခေါ်ခိုင်းတော့ ဟိုတယ်ဝန်ထမ်းလေးဆီက သိရတာပါ"

"မခင်သန္တာတို့ ဘာတွေဖြစ်ခဲ့လို့လဲ"

"ဒီလိုပါဆရာ၊ ရှီ(စ်)နဲ့ကျွန်မဟာ သိပ်ချစ်တဲ့ သူငယ်ချင်း တွေဖြစ်သလို ဘာကိစ္စမဆို ပွင့်ပွင့်လင်းလင်း ပြောတတ်ကြပါတယ်။ ရှီ(စ်)... မန္တလေးကို သူ့သူဌေးနဲ့ရောက်လာပြီး နောက်တစ်နေ့မှာ ကျွန်မဆီကိုရောက်လာပါတယ်။ပြီးတော့ စီဒီအခွေလေးတစ်ခွေကို ပေးခဲ့ပါတယ်"

"ဟင်..."

"ဒီတုန်းက ဘာမှမပြောဘဲ ပေးထားခဲ့တာပါ၊ အဲ...မသေခင် တစ်နေ့ကတော့ ရှီ(စ်) ကျွန်မဆီကို အရေးတကြီးရောက်လာပြီး စီဒီ ခွေလေးကို ရန်ကုန်က ထောက်လှမ်းရေးအရာရှိ ဆရာ ရဲရင့်ဒီပါ



www.burmeseclassic.com

www.burmeseclassic.com



လာရင်ပေးဖြစ်အောင် ပေးပါတဲ့၊ ပြီးရင် ကျွန်မကိုလည်း မန္တလေးကို ရှောင်တိမ်းဖို့မှာသွားတယ်၊ သူ့ကိုဦးမြတ်ထက်အောင်က သတ်ဖို့ပြင်ဆင်နေပြီလို့ ပြောသွားပြီး ပြန်သွားတာပဲ၊ ကျွန်မက ဒီမှာ အိပ်ဖို့ပြောတော့ သူဒီမှာအိပ်ရင်ကျွန်မအတွက် အန္တရာယ်ရှိတယ်ဆိုပြီးပြန်သွားတာပါ၊ မနက်ကျတော့ ကျွန်မ စိတ်ထဲထင့်နေတာနဲ့ ဖုန်းဆက်တော့ ရှိ(စ်)အသတ်ခံရတာ သိခဲ့ရတယ်ဆရာ..."

ခင်သန္တာပြောလည်းပြော ငိုလည်းငိုသည်။

"သူပေးခဲ့တဲ့ စီဒီချပ်ကလေးဆိုတာရော"

"ရှိ...ရှိပါတယ် ဆရာ၊ ကျွန်မ သွားယူပေးပါ့မယ်"

ခင်သန္တာ သွားပြီးယူပေးသည့် စီဒီချပ်လေးကိုကြည့်လိုက်တော့ ကွန်ပျူတာလေဆာချပ်တစ်ခုဖြစ်နေလေသည်။

"ဝူး..."

ခြံအပြင်ဘက်တွင် ကားတစ်စီးထိုးရပ်ပြီး လူ(၅)ယောက် ခြံထဲကိုကျော်ဝင်လာသည်ကိုတွေ့လိုက်ရသည်။

"မျိုးလေး..."

"ငါသဘောပေါက်တယ် ဒီပါ"

"မခင်သန္တာ...ဟန်မပျက်နေပါ၊ ကျွန်တော်တို့အခန်းထဲက





စောင့်ပြီးကြည့်နေမယ်"

"ဟုတ်...ဟုတ်ကဲ့"

ရဲရင့်ဒီပါ နှင့် မျိုးလေး အခန်းထဲသို့ ဝင်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

"ဂျိုင်း...ဂျိုင်း..."

အိမ်ရှေ့တံခါးကို အတင်းရိုက်ဖွင့်ပြီး အိမ်ထဲသို့ဝင်လာခဲ့ကြသည်။

"ခင်သန္တာဆိုတာ မင်းလား"

"ဟုတ်ပါတယ်၊ ရှင်တို့ဘာလုပ်တာလဲ၊ ဓားပြတွေလား"

"မင်းကိုအပိုစကားတွေပြောဖို့အချိန်မရှိဘူး၊ ဘယ်မှာလဲ ရှိစ် ပေးခဲ့တဲ့အခွေ"

"သူဘာမှမပေးခဲ့ဘူး"

"မင်းမညာနဲ့နော်"

"ညာတာမဟုတ်ဘူး၊ တကယ်ပြောတာ"

"တောက်ထွန်း...စကားအပိုတွေပြောမနေနဲ့၊ အချိန်မရှိဘူး၊ မှာတဲ့အတိုင်း တောင်းလို့မရရင် အပြတ်သာရှင်းလိုက်"

"မင်း...ထုတ်ပြီး မပေးရင်...ငါတို့ကိုမဆိုးပဆိုနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးက ခါးကြားမှ ဓားမြှောင်ကိုထုတ်ပြီး တစ်ယောက်က ခင်သန္တာကို လှမ်းဆွဲကာ ပါးစပ်ပိတ်လိုက်သည်နှင့်

"မင်းတို့လိုချင်တဲ့အခွေက ဒီမှာကွ"

"ဟာ.."

"ဟင်...မင်း..မင်း"

"ဖြောင်း..ခွပ်..အီး.."

ရဲရင့်ဒီပါတို့ စကားပင်မဆုံးလိုက်၊ နှစ်ယောက်သားပြိုင်တူ တိုက်ခိုက်လေတော့သည်။ လူဆိုးနှစ်ယောက်မှာ အပြင်မှ ခြံစောင့် ဦးလေးကို ထိန်းထားခြင်းကြောင့် အိမ်ထဲက သုံးယောက်ကို ရဲရင့်ဒီပ တို့ခပ်ပေါ့ပေါ့လေးပင် ရှင်းလိုက်သည်။

အပြင်မှ နှစ်ယောက်လည်း အခြေအနေမကောင်းသော ကြောင့် ကားဆီသို့ပြေးပြီး မောင်းပြေးတော့သည်။

အိမ်ထဲက သုံးယောက်ထဲမှ တစ်ယောက်ကို ဆွဲမလိုက်ပြီး

"မင်းတို့ကို ဘယ်သူခိုင်းတာလဲ"

"ဟို..ဟို...... နသီးဝင်းမြင့်ပါ"

"ဒီကောင်က ဘာလဲ"

"အမှောင်လောကထဲက ခေါင်းဆောင်တစ်ဦးပါ"





"သေချာတယ်နော်"

"သေ...သေချာပါတယ်"

"မင်း နသီးဝင်းမြင့် ဘယ်မှာရှိတယ်ဆိုတာ ပြောနိုင်ရင် မင်း အတွက် သက်သက်ညှာညှာ ဖြစ်အောင် ကူညီပေးမယ်"

"ပြောနိုင်ပါတယ် ဆရာ.."

လူဆိုးပြောသော နေရာကို မှတ်သားပြီး နီးစပ်ရာစခန်းကို ဖုန်းဆက်ခေါ်လိုက်သလို...ထောက်လှမ်းရေးတပ်ဖွဲ့မှ အောင်သက် အား နသီးဝင်းမြင့်ကို အမြန်ဆုံးသွားပြီး ဖမ်းရန် ပြောလိုက်သည်။

"မခင်သန္တာ... လုံခြုံရေးအတွက် စီစဉ်ပေးခဲ့ပါ့မယ်၊ ဘာမှ မစိုးရိမ်ပါနဲ့"

"ကျေးဇူးတင်ပါတယ် ဆရာ"

မခင်သန္တာတို့မိသားစု လုံခြုံရေးကို နယ်မြေခံ စခန်းမှူးထံ တွင် ရဲရင့်ဒီပါ သေချာအပ်နှံပြီး ရှိစီပေးခဲ့သော လေဆာချပ်လေးကို ယူပြီး ပြန်လာခဲ့တော့သည်။

"ဆက်ပြီး ဘာလုပ်မလဲ"

"ဟိုတယ်ဝန်ထမ်းကို သွားပြီး ဖမ်းဖို့ပဲ ရှိတော့တယ်"

"ဦးမြတ်ကျော်အောင် ကိုစွရော"



www.burmeseclassic.com

www.burmeseclassic.com



"ခုလောက်ဆို သူတို့ထွက်ပေါက်ကို ရှာနေပြီ၊ အမိလိုက်ဖို့ပဲ ရှိတော့တယ် မျိုးလေးရေ.."

◇◈◈◈◈◈

## အခန်း ◂◂ ၃ ▸▸

နယ်မြေခံစခန်းမှူး ကိုရဲထွန်းနှင့် ရဲရင့်ဒီပါ၊ မျိုးလေးတို့ကား တစ်စီးဖြင့် ဟိုတယ်သို့လာခဲ့ကြသည်။

ဟိုတယ်မန်နေဂျာမှ ဆီးကြိုပြီး

"ဆရာတို့ ကိစ္စရှိလို့လား"

"ဟုတ်တယ်၊ ခင်ဗျားတို့ဟိုတယ်ဝန်ထမ်းထဲက သိန်းဇံကို တွေ့ချင်လို့"

"ခေါ်ပေးပါ့မယ်ဆရာ၊ ခဏလေးစောင့်ပါ၊ မောင်ထူးရေ၊ သိန်းဇံကို သွားပြီးခေါ်စမ်း"

"ဆရာ.. သိန်းဇံ ခွင့်တင်ထားတယ်"

"ဘယ်တုန်းက တင်ထားတာလဲ၊ ငါမသိရပါလားကွ"

"ဒီနေ့မနက်မှ ဆရာ၊ ဟို..ဆရာ့ဖနီးကို ခွင့်တိုင်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ကြားတဲ့အတိုင်းပဲ"

"စခန်းမှူးကြီးရေ ဒီဇကောင့်အိမ်ကိုသာ လိုက်ဖို့ပြင်ပေတော့"

ဟိုတယ်ထဲမှချက်ချင်းပြန်ပြီးထွက်လာခဲ့ကြသည်။ကားပေါ်တွင်

"ဒီပါ..မင်း... သိန်းဇံကိုလူသတ်တရားခံလို့တိတိကျကျပြောနိုင်တဲ့သက်သေရောရှိလို့လား"

"မျိုးလေးရယ်..မစိုးရိမ်ပါနဲ့၊ငါကသံသယနဲ့ဖမ်းပုံမလားကွ၊ ဒီမနက်ဒီကစခန်းမှူးနဲ့ငါအခုကသက်သေတစ်ဦးဆီကို သွားခဲ့ပြီးပြီ၊ ဒီသက်သေကဟိုတယ်သန့်ရှင်းရေးလုပ်တဲ့ဒေါ်နှင်းဆိုတဲ့အမျိုးသမီးပဲ၊ သူက ရှီ(စ်) အသတ်ခံရတဲ့ ည (၁၁း၀၀)နာရီလောက်က သိန်းဇံ ရှီ(စ်)အခန်းထဲက ထွက်လာတာကို မြင်ခဲ့တာ၊ ဒါကို သိန်းဇံက ခြိမ်းခြောက်ပြီး နှုတ်ပိတ်ထားတယ်လေ"

"မင်းက ဒေါ်နှင်း သိတယ်ဆိုတာကို ဘယ်လိုလုပ်ပြီးသိခဲ့တာလဲ"

"ငါ.. ဟိုတယ်ဝန်ထမ်းအားလုံးကို မေးမြန်းတုန်းက မူပျက်နေတဲ့လူ(၂)ယောက်ကိုသတိထားမိတယ်၊ ဒေါ်နှင်းနဲ့ သိန်းဇံပဲ၊ အထူး





သဖြင့် ဒေါ်နှင်းဟာ ကြောက်ရွံ့မှုကြောင့်စကားတွေက သိပ်မမှန်ဘူး၊ သိန်းဇံကတော့ ဟန်ဆောင်ပြီးပြောနေဝေမယ့် သူလည်း မှုမမှန်ဘူးလေ၊ဒီကတည်းကလူသတ်တရားခံကိုဖော်ထုတ်နိုင်ပြီဆိုတာကို ငါသိတယ်၊ ဒါပေမယ့် ရှီ(စ်) နောက်ဆက်တွဲကိစ္စကြောင့် မသိချင်ယောင်ဆောင်ပြီးနေခဲ့တာ၊ ခုတော့ ဦးမြတ်ထက်အောင်ကိုမဖြစ်မနေ ဖမ်းရတော့မယ့်အချိန်ကိုရောက်လို့လိုအပ်တဲ့သက်သေတွေကို ဖော်ထုတ်မှုလုပ်ရတော့မှာ"

"ဦးမြတ်ထက်အောင်မန္တလေးကမသွားသေးဘူးလား"

"နောက်ဆုံးသတင်းပို့တဲ့အထိတော့ မန္တလေးမှာပဲ ရှိနေတယ်၊သူ့ကိုပိတ်ဆို့မှုတွေ လုပ်ထားပြီးပြီ"

"ဟို...အီတာလျံနှစ်ယောက်ရော"

"သူတို့လည်း ယာယီဖမ်းဆီးမှုတော့ လုပ်ရမှာပေါ့"

"ဟိုရှေ့ကအိမ်ပဲဆရာ ရဲရင့်ဒီပါ"

"ဒါဆိုကားကိုဒီမှာရပ်ပြီးလူစုခွဲပြီးဝင်မယ်"

ရဲရင့်ဒီပါ နောက်ဘက်မှ ဝင်ခဲ့ပြီး မျိုးလေးနှင့် စခန်းမှူးက ရှေ့ဘက်မှအိမ်ထဲသို့ဝင်ကာ

"သိန်းဇံ..သိန်းဇံ.."



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးခေါ်သံကို သိန်းဇံကြားသည်နှင့် နောက်ဖေးပေါက်မှ ပြေးထွက်တော့သည်။

"မင်း ပြေးလို့မရပါဘူး"

"ဟင်...ခင်ဗျား...ကဲကွာ"

သိန်းဇံက သူ့လက်ထဲက ဓားနှင့် ရဲရင့်ဒီပါကို ဝင်ပြီး ထိုးတော့သည်။

"ဝိုး...ဖြောင်း...အင့်"

ရဲရင့်ဒီပါ.... သိန်းဇံ၏ ဓားကိုင်ထားသည့်လက်ကို ဖမ်းကိုင်လိမ်ချိုးပြီး ရိုက်ချလိုက်တော့သည်။

"အား...ကြောက်ပါပြီ... ဆရာ၊ လက်...လက်ကျိုးပါပြီ"

"မင်းလက်ကို မဖြစ်မနေ ချိုးရမယ်၊ ဘာလို့လဲဆိုတော့ လူသတ်ခဲ့တဲ့လက်ဖြစ်နေလို့... ဟုတ်တယ်မဟုတ်လား"

"ကျွန်တော် ရှိစီကို မသတ်ပါဘူး"

"မသတ်ဘူးဆိုရင် ဘာလို့ပြေးတာလဲ"

"ဒါ...ဒါ..."

"မင်း...ဘာမှ ငြင်းမနေနဲ့၊ ဒေါ်နှင်းဆီက အကုန်သိပြီးပြီ"

"ဗျာ..."





"မင်းကို ဘယ်သူသတ်ခိုင်းခဲ့တာလဲ"

"ဦးမြတ်ထက်အောင်ဆိုတဲ့ လူကြီးပါ"

"ဘာနဲ့သတ်ခဲ့တာလဲ"

"သူပေးတဲ့ အဆိပ်အပ်သေနတ်လေးနဲ့ ခေါင်းကိုပစ်ခဲ့တာပါ"

"တခြားဘာတွေ ရှာခိုင်းသေးလဲ"

"စီဒီအခွေတစ်ခုပါ... မတွေ့ခဲ့ပါဘူး"

"ဒီလောက်ဆိုရပါပြီ၊ စခန်းမှူးကြီးရေ ကျန်တာကို ခင်ဗျားပဲ ဆက်ပြီး လုပ်လိုက်တော့ဗျာ၊ ကျုပ် ဦးမြတ်ထက်အောင် နောက်ကို ဆက်ပြီး လိုက်သွားဦးမယ်"

"ဟုတ်ကဲ့ပါ"

သိန်းဇံကို လက်ထိတ်ခတ်ပြီး ခေါ်ဆောင်သွားသလို ရဲရင့်ဒီပါတို့က ဦးမြတ်ထက်အောင် နေထိုင်သော ဟိုတယ်သို့ အမြန်ဆုံး ထွက်လာခဲ့ကြသည်။ ဟိုတယ်ကိုရောက်တော့

"ဆရာ အောင်သက်ရေ...ဦးမြတ်ထက်အောင် ဟိုတယ်မှာ ရှိတယ်မဟုတ်လား"

"ကျွန်တော်တို့ ခံလိုက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာလို့"

"ဒီမနက် (၉း၀၀) နာရီလောက်က လုံးလုံးပျောက်သွားတယ်"

"စောင့်ကြည့်ပစ်မှတ်မထားဘူးလား"

"ထားထားတယ်၊ ဟိုတယ်အဝင်အထွက်အားလုံးမှာ တပ်ဖွဲ့ဝင်တွေကို ထားခဲ့တာပဲ၊ ဘယ်လိုလုပ်ပြီး ပျောက်သွားလဲ မသိဘူး"

"သူတို့အခန်းတွေရော ဝင်ပြီးကြည့်ပြီးပြီလား"

"ပြီးပါပြီ၊ ဘာမှ မထူးခြားဘူး"

"ကျွန်တော် သွားပြီးကြည့်ချင်တယ်"

"ကြည့်လေ"

ဟိုတယ်ထဲသို့ဝင်လာခဲ့ကြပြီး ဦးမြတ်ထက်အောင် နှင့် နိုင်ငံခြားသား(၂)ဦး နေထိုင်သောအခန်းထဲကို ဝင်ခဲ့ကြသည်။

ရဲရင့်ဒီပါ အခန်းထဲမှာ လှည့်ပတ်ကြည့်ပြီး

"ဒီပြတင်းပေါက်တံခါးက အစကတည်းက ပွင့်နေတာလား"

"ဟုတ်တယ် ဆရာ ရဲရင့်ဒီပါ"

ရဲရင့်ဒီပါ ပြတင်းပေါက်မှ အောက်ဘက်သို့ကြည့်ရာ ကားဂိုထောင်တစ်လုံးကို လှမ်းပြီးတွေ့လိုက်ရသည်။





"ဒီဂိုထောင်က ဟိုတယ်ပိုင်ကားတွေထားတာလား"

"ဟုတ်ပါတယ်"

"ဆရာအောင်သက်တို့ တပ်ဖွဲ့ဝင်တွေ ဦးမြတ်ထက်အောင်တို့ မနက်တုန်းက တွေ့ခဲ့ကြတာ သေချာလား"

"သေချာတယ် ဆရာရဲရင့်ဒီပါ"

"မဖြစ်နိုင်ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ဒါဟာ ဆရာတို့ကို လှည့်စားခဲ့တာ တစ်ခုဖြစ်မယ်၊ ဘယ်လို တွေ့ခဲ့ကြတာလဲ၊ လူကိုယ်တိုင်တွေ့ခဲ့တာလား"

"လူကိုတော့ မတွေ့ခဲ့ဘူး၊ အခန်းထဲမှာ စကားပြောသံတွေကို ကြားရတာပါ"

ထိုအချိန်တွင် ရဲရင့်ဒီပါသည် အခန်းတွင်းရှိ စားပွဲပေါ်တွင် MP3 စက်တစ်လုံးကို တွေ့လိုက်ရသဖြင့် ထိုစက်နားကိုသွားပြီး ဖွင့်ကြည့်လိုက်သည်။

အီတလီနိုင်ငံသား(၂)ယောက် အီတလီဘာသာနှင့် စကားပြောနေသော အသံတွေကို ကြားလိုက်ရသည်။

"သူတို့ ညကတည်းက ထွက်သွားကြပြီဗျ..."



www.burmeseclassic.com

www.burmeseclassic.com



"ညက ထွက်တာဆိုလည်း ဂိတ်ဝမှာ ကျွန်တော့်တပ်ဖွဲ့ဝင်တွေရှိနေတယ်"

"ကျုပ်အထင်အရတော့ သူတို့ ဒီပြတင်းပေါက်ကနေ ညဘက် ဆင်းသွားပြီး ဟိုတယ်ကကားနဲ့ထွက်သွားတာဖြစ်မယ်"

"ဟာ...ကားတွေကို ညက အဝင်အထွက် မှတ်တမ်းပြုပြီး စောင့်ကြည့်ပါတယ်၊ ဦးမြတ်ထက်အောင်တို့ ထွက်သွားတာကို မတွေ့ဘူး၊ ပြီးတော့ အောက်ကိုဆင်းတဲ့ ကြိုးတွေ ဘာတွေလည်း မတွေ့ရဘူး"

"သူတို့ကြိုးနဲ့ဆင်းကြတာမဟုတ်ဘူး၊ဒီမှာတွေ့လား"

ပြတင်းပေါက် နံရံဘေးတွင် လေးထောင့်အကွက်ကလေး တစ်ခုကိုမထင်မရှားတွေ့လိုက်ရသည်။

"တွေ့တယ်"

"ဒါဟာ နံရံကပ်လက်အိတ်တစ်ခုပဲ၊ ကမ္ဘာကျော် မျက်လှည့်ဆရာတစ်ဦးတီထွင်ခဲ့တဲ့ပညာရပ်တစ်ခုပဲ၊ မျက်လှည့်ဆရာက နံရံမှာ လက်ဆန့်ပြီး ရပ်ပြခဲ့တယ်၊ မသိရင်လေထဲမှာ ရပ်နေသလိုပေါ့ အင်မတန် ကပ်အားကောင်းတဲ့ လက်အိတ်အိပ်တစ်ခုပဲ၊ ဒါနဲ့ ဆင်းသွားခဲ့ကြတာ"





"ဆင်းတာတော့ဟုတ်ပါပြီ၊အပြင်ကိုဘယ်လိုပုံစံနဲ့ထွက်မလဲ"

"ဟိုတယ်ကားနဲ့ပဲ ထွက်စရာရှိတယ်၊ ကားရဲ့နောက်ဖုံးမှာဖြစ်စေ၊ ခုံအောက်မှာဖြစ်စေ လိုက်သွားခဲ့တာဖြစ်ဖို့များတယ်"

"ဆရာရဲ့ရင့်ဒီပါပြောတဲ့စကားအရဆိုရင်ဟိုတယ်ဒရိုင်ဘာတွေပါဝင်ပတ်သက်နေပြီပေါ့"

"သေချာတယ်၊ညကအပြင်ထွက်တဲ့ဟိုတယ်ကားနဲ့မောင်းတဲ့သူကိုစစ်ဆေးရင်အဖြေတော့ပေါ်နိုင်တယ်"

"ဒါဆိုအောက်ကိုသွားကြမယ်"

ဟိုတယ်မန်နေဂျာ နှင့်အတူ ညက အပြင်ထွက်သော ဟိုတယ်ကားတွေကို စုံစမ်းတော့ ညလုံခြုံရေးတာဝန်ကျသော ဝန်ထမ်းလေးမှ

"ညက ကိုကျော်စိုး ကားဘရိတ်လုပ်စရာရှိတယ်ဆိုပြီး ထွက်သွားတာပဲ၊ကားထဲမှာတော့ ဘယ်သူမှမပါဘူး"

"ကားက ဘရိတ်လုပ်စရာရှိတာရော သေချာလားမန်နေဂျာ"

"ကားဘရိတ်လုပ်တာတော့ သေချာပါတယ်၊ ကျွန်တော့်ကို ချုပ်ဖို့အကြောင်းကြားတာ (၃)ရက်လောက်ရှိပါပြီ၊ မနေ့ကမှ သွားပြီး ချုပ်ဖြစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကျင်စိုးကိုတွေ့ချင်တယ်"

"မောင်ကျော်… သွားပြီးခေါ်ခဲ့ကွာ"

"မန်နေဂျာ သီးသန့်အခန်းတစ်ခန်းပါစီစဉ်ပေးပါ၊ ကိုကျင်စိုးနဲ့ စကားအေးအေးဆေးဆေးပြောချင်တယ်"

"ရပါတယ်ဆရာ"

ဟိုတယ်မန်နေဂျာမှ သီးသန့်အခန်းတစ်ခန်းကို စီစဉ်ပေးပြီး သိပ်မကြာ၊ ကိုကျင်စိုးကိုခေါ်လာလေသည်။

"ကိုကျင်စိုး…ထိုင်ဗျာ"

"ဘာကိစ္စရှိလို့လဲ ဆရာ"

"ညက ခင်ဗျား ကားဘရိတ်သွားပြင်ခဲ့တယ်ဆို"

"ဟုတ်ပါတယ်၊ ဝပ်ရှော့ဆိုင်ကို မေးကြည့်နိုင်ပါတယ်"

"ခင်ဗျားကားပေါ်မှာ ခင်ဗျားတစ်ယောက်တည်းလား"

"ဟုတ်…ဟုတ်ပါတယ်"

"ကိုကျင်စိုး…သေသေချာချာ စဉ်းစားပါဦးဗျာ"

"တစ်ယောက်တည်းပါ ဆရာ…"

"ခင်ဗျားကားပေါ်မှာ ဟန်းဖုန်းတစ်လုံး ကျန်ခဲ့တာကို ခင်ဗျား မသိလိုက်ဘူးနော်၊ ဒီဟန်းဖုန်းက ဦးမြတ်ထက်အောင် ဟန်းဖုန်း





ဖြစ်နေတယ်၊ ခင်ဗျား ဘာပြောင်းချင်သေးလဲ ကိုကျင်စိုး…"

"ဗျာ…ဟို…အဲ…ဟင်…"

"ခင်ဗျားကိုဦးမြတ်ထက်အောင် ငွေဘယ်လောက်နဲ့လုပ်ခိုင်းခဲ့တာလဲ"

ကိုကျင်စိုး ဘာမှမပြောဘဲ ငြိမ်သက်စွာနေလေသည်။

"ခင်ဗျားဘက်က အမှန်အတိုင်းပြောမယ်ဆိုရင် ခင်ဗျားအမှုက သိပ်ပြီးကြီးကျယ်တဲ့အမှုမဟုတ်ပါဘူး၊ ကျွန်တော်တို့ ကူညီလို့ရပါတယ်"

"ကျွန်တော် အမှန်အတိုင်းပြောပါ့မယ်ဆရာ၊ ကျွန်တော့်အတွက် ငွေက သိပ်ပြီးအရေးကြီးနေတဲ့အချိန် ဦးမြတ်ထက်အောင်က ငွေနဲ့ စည်းရုံးခြင်းကို ခံခဲ့ရတာပါ၊ သူ ကျွန်တော့်ကို ငွေ (၁၀) သိန်း ပေးပြီး ခိုင်းတာပါ၊ ဒီငွေက ကျွန်တော့်အတွက် အရမ်းကိုမက်မောစရာ ဖြစ်တာနဲ့ သူပြောသလိုလုပ်ပေးခဲ့ရတာပါ။ သူတို့ညဘက် ဟိုတယ်က ဆင်းလာပြီး ကားနောက်ဖုံးထဲက လိုက်ခဲ့ကြတာပါ"

"ဘယ်ထိပို့ပေးခဲ့သလဲ"

"မုံရွာသွားတဲ့ကားဂိတ်ထိပါ"

ရဲရင့်ဒီပါတို့နောက်ကျသွားလေပြီ။ ဦးမြတ်ထက်အောင်တို့



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနယ်စပ်ဘက်ကိုဖောက်ထွက်သွားလေပြီ။

"ဟူး..."

"ကဲ... ဆရာအောင်သက်တို့ လုပ်စရာရှိတာဆက်ပြီးလုပ်တော့ဗျာ၊ ကျုပ်ကတော့ဌာနချုပ်ကိုသတင်းပို့ပြီး ဘာဆက်လုပ်ရမယ်ဆိုတာ၊ကိုအမိန့်တောင်းဖို့ပဲရှိတော့တယ်"

ရဲရင့်ဒီပါ ခြေပစ်လက်ပစ်ထိုင်ခုံကိုမှီချလိုက်တော့သည်။

သူ၏ ကြိုးစားမှုတွေ နောက်ဆုံးချိန်တွင် လက်မတင်လေး လွတ်ထွက်သွားခဲ့လေပြီ။

◇ ◇ ◇ ◇ ◇ ◇

မရောက်ာ ခရီးစဥ်.........

ရဲရင့်ဒီပါနှင့်မျိုးလေး အထူးတာဝန်ဖြင့် အိန္ဒိယပြည်သို့ ခရီးထွက်ခဲ့ရလေပြီ။ လေယာဥ်ပေါ်တွင်

"ဒီပါ... ငါတို့ ခုသွားရမယ့်မြို့က အိန္ဒိယပြည်ရဲ့ အစွန်ဆုံးမြို့လေးမဟုတ်လား"

"ဟုတ်တယ် လေယာဥ်ကွင်းကနေ ကားဆက်ပြီးစီးရဦးမှာ"

"လေဆိပ်မှာ အိန္ဒိယထောက်လှမ်းရေးက ကြိုမှာလား"

"ကြိုလိမ့်မယ်ကွ၊ ဘယ်လိုပုံစံမျိုးနဲ့ ကြိုမလဲတော့ မသိဘူး"

"ဒီပါ...ငါတို့ခရီးစဥ်က ပြန်လမ်းရော ရှိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရာမှာ ကိုးဆယ်ရာခိုင်နှုန်းကတော့ပြန်လမ်းမသေချာ ဘူး၊ ငါဒီမြို့နဲ့ပတ်သက်ပြီး သိသလောက်ကတော့ အိန္ဒိယအုပ်ချုပ်ရေး အောက်မှာ သိပ်ပြီးမဟုတ်လှတဲ့မြို့ကလေးတစ်ခုကွ"

"ဘယ်လိုကြောင့်"

"ပြည်နယ်ခွဲထွက်ရေးအစွန်းရောက်သမားတွေရဲ့ခြေကုတ် ယူတဲ့နေရာတစ်ခုဖြစ်နေတာ၊ လုံးလုံးကြီး အုပ်ချုပ်ရေးပျက်တာတော့ မဟုတ်ဘူး၊ အန္တရာယ်ကတော့ကြီးတယ်"

"ဦးမြတ်ထက်အောင်တို့က အဲဒီမှာ ခိုအောင်းနိုင်တယ်ပေါ့"

"သေချာသလောက်တော့ရှိတယ်"

"ဒါဆိုလည်းကွာ၊ အိန္ဒိယ ထောက်လှမ်းရေးက တာဝန်ယူပြီး လုပ်ဖို့ကောင်းတာပေါ့"

"သူတို့နဲ့ ငါတို့ ပူးပေါင်းတဲ့သဘောပေါ့၊ ငါတို့လက်ထဲက လွတ် သွားတဲ့အတွက် ရအောင်ပြန်ပြီး ဖမ်းပေးချင်တဲ့သဘောမျိုး လူကြီးတွေကဖြစ်စေချင်လို့လွှတ်လိုက်တာပဲ"

"ဒါနဲ့ ဦးမြတ်ထက်အောင် လေဆာအခွေထဲမှာ ဘာတွေကို ရရှိခဲ့လဲ"

"နျူကလီးယားဖော်မြူလာတွေကွ"





"ဟင်..."

"ဒီအခွေဟာ မစ္စတာဒီဇန်းအခွေဖြစ်နိုင်တယ်၊"

"မစ္စတာဒီဇန်းအသတ်ခံရတဲ့အဖြေကိုရော ဖော်ထုတ်နိုင်ပြီ လား"

"နိုင်လုံတဲ့ သက်သေတော့မရသေးဘူး၊ အဖြစ်နိုင်ဆုံး ကောက်ချက်ကတော့ ဦးမြတ်ထက်အောင်နဲ့ အတူပါသွားတဲ့ အီတာလျံလူမျိုး ဒေးဗစ်ဆိုတဲ့လူကတော့ လူသတ်မှု တရားခံပဲဖြစ် မယ်"

"ငါ မရှင်းတာက မစ္စတာဒီဇန်းဟာ သူ့ကိုသေစေမယ့် ဖောင်တိန်ကိုဘာလို့ဝှက်ယူလာရတာလဲ"

"ဒါက ဒီလိုဖြစ်မယ် မျိုးလေး၊ မစ္စတာဒီဇန်း ဝှက်ယူခဲ့တဲ့ ဖောင်တိန်ဟာ သူ့ရဲ့နျူကလီးယားဖော်မြူလာရဲ့အချက်အလက်တွေ ကိုစုဆောင်းထားတဲ့ သော့ချက်လေးတစ်ခုဖြစ်မယ်"

"အရမ်းကိုခေတ်မီတဲ့ နည်းပညာတစ်ခုပဲဟေ့"

"ဟုတ်တယ်၊ မစ္စတာဒီဇန်းဟာ တီထွင်မှုအပိုင်းမှာ သိပ်ကို တော်တဲ့သူဖြစ်တယ်"

"သူ့ကိုဘာကြောင့်သတ်ခဲ့တယ်ဆိုတာရော သိခဲ့ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထိတော့ မသိရသေးဘူး"

လေယာဉ်ဆင်းရန် အချက်ပြနေပြီဖြစ်သောကြောင့် ခါးပတ်ပတ်ရင်း စကားစဖြတ်လိုက်ကြ၏။

လေယာဉ်ကွင်းသို့ လေယာဉ်ဆင်းသက်ပြီးနောက် ရဲရင့်ဒီပါတို့ လေယာဉ်ကွင်းထဲမှ ထွက်ခဲ့ကြလေတော့သည်။

"မြို့လေးက သာသာယာယာပါလား"

"အပြင်ပန်းကြည့်ရင်တော့ သာယာသလို ထင်ရပေမယ့် အတွင်းထဲမှာ လှိုက်ပြီးလောင်နေတဲ့မြို့ကွ"

"တီ..."

"ဟင်..."

ရဲရင့်ဒီပါတို့ နှစ်ယောက်နားသို့ အငှားကားလေးတစ်စီး ထိုးရပ်လိုက်သည်။

"မစ္စတာ ရဲရင့်ဒီပါတို့ တက်ပါ"

"ကောင်းပြီ"

အိန္ဒိယ သက်ဆိုင်ရာအဖွဲ့မှ လူဆိုသည်ကို သဘောပေါက်လိုက်ပြီး ကားပေါ်သို့ တက်ခဲ့လေသည်။

"ခုလို အငှားကားနဲ့ကြိုရတာ အားနာမိပါတယ်"





"ရပါတယ်"

"ဒီနယ်မြေမှာက သူ့လူ ကိုယ့်လူတွေက ရောယှက်နေတော့ အစစအရာရာ သိပ်ပြီးတော့ သတိထားလုပ်ဆောင်နေရတာ၊ ခင်ဗျားတို့လည်း ဒီနယ်မြေအကြောင်းကို သိသင့်သလောက်တော့ သိပြီးရောပေါ့"

"ဟုတ်ကဲ့...သိပြီးပါပြီ"

"ကျွန်တော့်နာမည်က ကာနူးလို့ခေါ်တယ်၊ ဗဟိုထောက်လှမ်းရေးက အရာရှိပါ"

"ဟုတ်ကဲ့...တွေ့ရတာ ဝမ်းသာပါတယ်"

"မစ္စတာ ရဲရင့်ဒီပါတို့ ဓာတ်ပုံတွေကို ကြိုပြီး ပို့ထားလို့ သိနေတာပါ"

အငှားကားလေးမှာ မြို့ထဲကိုကျော်ပြီး ဟိန္ဒူမယ်တော်ဘုရားကျောင်းထဲသို့ မောင်းဝင်လာခဲ့သည်။

"မစ္စတာ ရဲရင့်တို့ ဒီကဆင်းပြီး ဘုရားကျောင်းထဲကို ဝင်သွားပါ၊ ဟိုမှာ ထပ်ပြီးကြိုမယ့်သူ ရှိနေပါတယ်"

ကာနူးကို နှုတ်ဆက်ပြီး ဘုရားကျောင်းထဲသို့ ဝင်ခဲ့ကြသည်။

ဘုရားကျောင်းထဲတွင် လူသူတစ်ယောက်မှ မတွေ့ရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ပြီးနေစဉ် ဆာရီအဖြူလေးနှင့်မိန်းကလေးတစ်ဦး အုန်းသီး၊ ငှက်ပျောသီးများကို သယ်ဆောင်ပြီးမယ်တော်ရုပ်ထုရှေ့တွင် ဘုရားရှိခိုးနေသည်။

"ဒီပါ ဘယ်လိုလဲ တစ်ယောက်မှမတွေ့ပါလား"

"တွေ့မှာပေါ့ကွာ"

အမျိုးသမီးမှာ ရှိခိုးပြီး သူတို့နားမှ ကပ်ပြီးသွားစဉ်

"ကျွန်မနောက် ခပ်ဝေးဝေးက လိုက်ခဲ့ပါ"

သူမက အင်္ဂလိပ်ဘာသာစကားဖြင့်ပြောဆိုပြီး ရှေ့မှထွက်သွားလေ၏။

ရဲရင့်ဒီပါတို့နှစ်ဦး အဝေးမှ မျက်ခြည်ပြတ်မခံဘဲ လိုက်ခဲ့ကြသည်။

သူမ သွားနေသောနေရာမှာ ချောင်းငယ်တစ်ခုဖြစ်ပြီး လှေကလေးတစ်စီးပေါ်တွင် တက်ပြီးစောင့်နေသဖြင့် နှစ်ယောက်သားတက်လိုက်ခဲ့သည်။ လှေကလေးမှာ ကူးတို့ဆိပ်မှ ခွာလာပြီး ချောင်းရိုးအတိုင်း လှော်ခတ်လာခဲ့လေသည်။

"ဒီပတ်ဝန်းကျင်မှာက ရန်သူရဲ့မျက်လုံးတွေ အများကြီးရှိနေတယ်"





"ဟုတ်မှာပေါ့"

"မစ္စတာရဲရင့်ဒီပါတို့ ဒီနယ်မြေကို လာခဲ့ကြတာ မရကာနဲ့အားပြိုင်တဲ့ပွဲတစ်ခုပဲ"

"ဒါမျိုးမှ ကျွန်တော်က သဘောကျတာ"

"ယုံပါတယ်ရှင်၊ ကိုယ့်နယ်မြေမဟုတ်ဘဲ လာရဲကြတဲ့ရှင်တို့နှစ်ယောက်ကို ချီးကျူးပါတယ်၊ ကျွန်မနာမည်က ဆရီသွန်းလို့ခေါ်တယ်၊ အထူးတပ်ဖွဲ့ဝင်တစ်ဦးပါ"

တစ်ယောက်နဲ့တစ်ယောက် အပြန် အလှန်အသိအမှတ်ပြုပြုံးပြလိုက်ပြီး စကားမဆိုဘဲ ဘေးပတ်ဝန်းကျင်ကို ရဲရင့်ဒီပါလေ့လာနေမိသည်။

ချောင်းတစ်ဖက်ကမ်းတွေမှာ တောကြီးသဖွယ်တွေ့နေရသည်။ တစ်ခါတစ်ရံ ကမ်းပေါ်တွင် သမင်၊ ဒရယ်တွေကိုတောင် တွေ့မြင်နေရပြန်သည်။

"ဘုတ်...ဘုတ်...ဘုတ်..."

"ဟင်..."

ရှေ့ဘက်ဆီမှ စက်လှေခုတ်မောင်းလာသံကို ကြားလိုက်ရသည်နှင့်....



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဒီပါ…ရော့…"

လှေအံဝှက်ထဲမှ သေနတ်နှစ်လက်ကို ထုတ်ပေးလိုက်ပြီး

"သူတို့က အစွန်းရောက်ကောင်တွေ၊ အခြေအနေမကောင်းရင် ရှင်းပစ်ရမယ်……၊ ရှင်တို့အတွက် ဘာတွေပြင်ဆင်ထားလဲ"

"(NGO) အဖွဲ့အစည်းပုံစံမျိုးတော့ ပြင်ဆင်ထားတယ်"

"ဒီကောင်တွေက ဘာမှ သိတဲ့ကောင်တွေမဟုတ်ဘူး၊ တိရစ္ဆာန်တွေ၊ ကောင်းကောင်းမွန်မွန်ဆွေးနွေးလို့မရရင် ရှင်းပစ်လိုက်"

"ဟုတ်ကဲ့…ကောင်းပါပြီ"

ရဲရင့်ဒီပါ သေနတ်ကို ခါးနောက်ကျောတွင် ထိုးထားလိုက်ပြီး ခပ်အေးအေးကလေး ထိုင်လိုက်လာသည်။

"ဟော့…လှေရပ်စမ်း၊ ဆရီသွန်း၊ သူတို့က ဘာတွေလဲ"

"ငါတို့ရွာကို လေ့လာရေးလာတဲ့ လူမှုရေးအဖွဲ့ကလူတွေပါ"

"ဆရီ…နင် ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်လာပြန်ပြီလား"

"ဘာလုပ်ရမလဲဟ၊ သူတို့က လာချင်တယ်ဆိုလို့ခေါ်လာတာ"

"ခေါ်မသွားနဲ့၊ ခုတလော နိုင်ငံခြားက သူလျှိုတွေဝင်ပြီး





ပုံစမ်းမှုတွေ လုပ်နေတယ်၊ မသင်္ကာဘူး၊ ခေါ်သွားမယ်"

ရဲရင့်ဒီပါ စက်လှေပေါ်မှ လူအခြေအနေကို အကဲခတ်လိုက်တော့ (၃) ယောက်တည်း လက်နက်ကိုယ်စီနှင့် ပုံစံတွေက အရက်မူးလာသည့်အသွင်

"နင်တို့ မဟုတ်တာ မလုပ်နဲ့နော်၊ သူတို့က လူမှုရေးအဖွဲ့"

"မသိဘူးဟာ၊ ဟော့ကောင်တွေ လှေပေါ်တက်"

သူတို့ပြောသည့်စကားကို ဘာမှနားမလည်ဟန်ဖြင့် ဆရီသွန်းကို မေးဟန်ပြင်ပြီး

"ဒိုင်း…"

"အား…ဒိုင်း…ဒိုင်း…"

ရဲရင့်ဒီပါနှင့် မျိုးလေးက လက်ရည်တူ ပစ်ခတ်လိုက်ခြင်းကြောင့် သုံးယောက်လုံး လှေပေါ်တွင် မှောက်ကျသွားသည်။ အသက်တော့ မသေသေးပေ။

"ကဲ…ဟာ…"

"ဒိုင်း…ဒိုင်း…ဒိုင်း…"

ဆရီသွန်းမှ အပြတ်ရှင်းပစ်လိုက်သည်။

ချောင်းထဲတွင် သွေးတွေ မြင်၍မကောင်းအောင် စီးနေ



www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

"ခွေးကောင်တွေ၊ သေချင်လို့ဝင်ပြီးတိုးတာ"

ဆရီသွန်းက တကယ်ပင် ကျေနပ်ဟန်ဖြစ်နေလေသည်။

လှေကလေးဆက်ပြီးလှော်ခတ်လာပြီး ကမ်းတစ်ခုကို အမြန်ကပ်လိုက်သည်။

"မစ္စတာ ရဲရင့်ဒီပါ ဆင်းဆင်း..."

ကမ်းပေါ်သို့ တက်လိုက်သည်နှင့် ဆရီသွန်း လှေကို ရေထဲတွင် နစ်ပစ်လိုက်သည်။

"ဘုတ်...ဘုတ်...ဘုတ်..."

စက်လှေအသံတွေကို ထပ်ပြီးကြားလိုက်ရလေသည်။

"ခွေးကောင်တွေ သေနတ်သံကြားလို့ လိုက်လာကြတာ၊ သွားကြမယ်"

ဆရီသွန်း ရှေ့မှလမ်းပြပြီးတောထဲသို့ပြေးဝင်ခဲ့ကြသည်။

တောလမ်းလျှိုတွေထဲမှာ ခက်ခက်ခဲခဲ ဖြတ်သွားရင်း ကျောက်ဂူကြီးတစ်ခုသို့ရောက်ခဲ့ကြသည်။

ဆရီသွန်း ကျောက်ဂူထဲသို့ မဝင်ခင် ဂူပေါက်ဝတွင် ပေါက်နေသော သစ်ပင်လေးကို ဆွဲလိုက်သည်နှင့် ဂူတစ်ဖက်ဆီမှ ကျောက်





တံခါးကြီးပွင့်သွားလေသည်။

"ကျွီ..."

"မစ္စတာဒီပါတို့ဝင်ကြရအောင်"

အထဲသို့ရောက်သည်နှင့် ဟောခန်းမကြီးတစ်ခုထဲတွင် လူတချို့ကိုပါတွေ့လိုက်ရသည်။

"လေးစားပါတယ် မစ္စတာရဲရင့်ဒီပါနဲ့ မစ္စတာမျိုးလေး"

"ဟုတ်ကဲ့"

အသက်ခပ်ကြီးကြီး လူကြီးတစ်ဦးက လက်ဆွဲနှုတ်ဆက်ရင်း

"ကျုပ်က ဒီနယ်မြေရဲ့တာဝန်ခံပါ၊ ဟာနီဂျူးလို့ခေါ်တယ်၊ ဆရီသွန်း ညွှန်သည်တွေ အနားယူဖို့ ပြင်ဆင်ထားလိုက်ပါ၊ လာဗျာ၊ ဟိုမှာ စကားပြောကြတာပေါ့"

"ဟုတ်ကဲ့"

အခန်းတစ်ခုထဲသို့ ဝင်ခဲ့ပြီး ပြင်ဆင်ထားသောထိုင်ခုံတွင် ထိုင်လိုက်ကြသည်။

"ဒီစခန်းကို တောထဲမှာ အမိကထားပြီး နေရာယူထားရတာ ဗျ၊ မြို့ပေါ်မှာ သိပ်ပြီးမလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထောက်လှမ်းရေးဌာနတွေကို မြို့မှာမထားဘူးပေါ့"

"အရင်ကတော့ ထားဘူးတယ်၊ မကြာခဏ ဝင်ပြီး တိုက်ခိုက်
ခြင်းခံရတာနဲ့ နောက်ဆုံး ဒီနေရာကို (၁၀) နှစ်လောက်အချိန်ပေးပြီး
ပြင်ဆင်ခဲ့ရတယ်၊ အဝင်အထွက်ကို ပိပိရိရိ နေနိုင်လို့ ဒီကနေ ထွက်
ဟိန္ဒူရွာကလေးတစ်ရွာကို ရောက်တယ်၊ အဲဒီမှာ ဆရီသွန်းနဲ့ တပ်
ဝင်တွေကို ရွာသူရွာသားပုံစံနဲ့ နေခိုင်းထားရတာ၊ ဒီကနေပြီး ဌာနချု
ကို သတင်းပို့နေရတာ"

"ကျောက်ဂူဘေးမှာဆိုတော့ တော်ရုံသိဖို့က မလွယ်ဘူး"

"ဘေးဘက်မှာလည်း ထောင်ချောက်တွေ ဆင်ထားရသေး
တယ်၊ ဟိုမှာတွေ့လား"

"ဟာ…ကျားကြီးပါလား"

"တကယ့်ကျားမဟုတ်ဘူး၊ စက်ရုပ်ကွန်ပျူတာကျားပါ၊ ဒီ
ကောင်တွေနဲ့ ဘေးဘက်မှာ လွှတ်ထားပြီး ရန်သူတွေကို ဟန့်တား
အောင်လုပ်ထားရတာ၊ ဒါမှ ဒီနားကို တော်ရုံမလာရဲမှာ၊ ရွာသူရွာသား
တွေလာရင်လည်း ခြောက်လှန့်ပြီး လွှတ်ရတာပဲ၊ မစွတာ ရဲရင့်ဒီပ
ခရီးပန်းလာပြီဆိုတော့ နားလိုက်ပါဦး၊ နောက်မှ လုပ်ငန်းပိုင်းကို ဆွေး
နွေးကြတာပေါ့"





"ဟုတ်ကဲ့…ကောင်းပါပြီ"

ဆရီသွန်းရောက်လာပြီး သူတို့ကို ခေါ်ဆောင်ကာ အခန်း
တစ်ခုတွင် စားသောက်ဖွယ်ရာများနှင့် အနားယူခိုင်းလေသည်။

◇◈◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ◂◂ ၄ ▸▸

"ချက်...."

နံရံတွင်ကပ်ထားသော ပိတ်ဖြူကြီးပေါ်သို့ ရုပ်ရှင် ပြစက်
လှမ်းထိုးလိုက်ပြီး ထောက်လှမ်းရေးတာဝန်ခံ ဟာနီမှတုတ်တ
ချောင်းနှင့်ထောက်ပြကာ

"ဒီစခန်းဟာ အစွန်းရောက်ပြောက်ကျားစခန်းတစ်ခု
နယ်မြေကတော့ ဒီကနေ မိုင် (၃၀၀)လောက်မှာရှိတယ်၊ ဒီစခ
ပတ်ဝန်းကျင်မှာ ရွာလေးတစ်ရွာရှိတယ်၊ နယ်စပ်ရှိအမဲရောင်ရွာ
တစ်ရွာလိုဖြစ်နေတာပါ၊ အစိုးရတပ်တွေ မကြာခဏလာပြီး သိမ်းပိုက်
ဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး၊ သွားရတဲ့ခရီးနဲ့တောတော
တွေက အစွန်းရောက်တွေအတွက် အဒါးင့်အရေးဖြစ်နေတယ်"

"ချက်..."

ပိတ်ကားပေါ်တွင် လူတစ်ဦးပုံပေါ်လာခဲ့သည်။





"သူက ဒီစခန်းရဲ့ခေါင်းဆောင် ဂျာဇူကာလို့ခေါ်တယ်၊
ရက်စက်တဲ့နေရာမှာတော့ ဘီလူးသရဲတစ်ယောက်လိုပဲ၊ နောက်ဆုံး
ရတဲ့ သတင်းအရတော့ ဒီစခန်းကို မြန်မာလူမျိုး တစ်ဦးနဲ့အီတလီ
လူမျိုး (၂)ဦးရောက်ရှိနေတယ်ဆိုတာကို ဓာတ်ပုံနဲ့ ရခဲ့တယ်"

"ချက်..."

ပိတ်ကားပေါ်တွင် ဦးမြတ်ထက်အောင်နှင့် အီတလီလူမျိုး
(၂)ဦး၊ ဂျာဇူကာနှင့် ရပ်နေသောဓာတ်ပုံ၊ နောက်ထပ်ဓာတ်ပုံတွေက
အီတလီလူမျိုးမှ အစွန်းရောက်တွေကို စစ်ပညာသင်ပေးနေသည့်
ဓာတ်ပုံတွေဖြစ်သည်။

"သူတို့ဆီကို မကြာခင် ချူကာလီးယားလက်နက်တွေ
တပ်ဆင်ပေးဖို့အတွက် ခုလူတွေက ရောက်လာတယ်လို့ သတင်းရ
ထား ပါတယ်၊ ဒါကြောင့် အစိုးရအနေနဲ့ စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲဖို့
ပြင်ဆင်နေပါပြီ၊ မစ္စတာရဲရင့်ဒီပါတို့ အနေနဲ့ သူတို့ကို လက်ရဖမ်းဆီး
နိုင်ဖို့အတွက်တော့ အရမ်းကိုစွန့်စားရလိမ့်မယ်ထင်တယ်"

"မဖြစ်မနေ ဦးမြတ်ထက်အောင်ကိုဖမ်းဆီးရမယ့်တာဝန်က
ပါလာပါတယ်"

"မစ္စတာရဲရင့်ဒီပါတို့နဲ့အတူ ကျုပ်တို့တပ်ဖွဲ့ဝင် ဆရီးသွန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကာနူးတို့ကို ထည့်ပေးလိုက်ပါ့မယ်၊ သူတို့တာဝန်က စခန်းရဲ့အနီးကပ် လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးဖို့ပဲ၊ တာဝန် ချင်းမတူပေမယ့် ခရီးစဉ်ကတော့ အတူတူသွားကြရမှာပါ"

"မစ္စတာဟာနီတို့ ဘယ်နေ့ခရီးထွက်ဖို့စီစဉ်ထားပါလဲ"

"ဌာနချုပ်က ခွင့်ပြုချက်ကိုစောင့်နေတာပါ၊ ဒီကြားထဲတော့ မစ္စတာရဲရင့်ဒီပါတို့ ဆရီသွန်းနဲ့အတူ ရွာလေးမှာလိုက်ပြီး အလည် အပတ်နေပေ့ါ၊ အထက်က အမိန့်ရတာနဲ့ ခရီးစထွက်မယ်"

"ကောင်းပြီဟာနီ"

"ဆရီသွန်း"

"အမိန့်ရှိပါ"

"မစ္စတာဒီပါတို့ကို မင်းရဲ့ရွာလေးကိုခေါ်သွားကွာ၊ ဟိုကောင် တွေနဲ့ ခပ်ကင်းကင်းနေပြီး အန္တရာယ်ကို ရှောင်"

"စိတ်ချပါ…"

ရဲရင့်ဒီပါတို့ အခန်းထဲမှ ပြန်ပြီးထွက်လာကြပြီး

"မစ္စတာဒီပါ အချိန်ကလေးရှိတုန်း သွားကြရအောင်"

"တော်တော်ဝေးသလား"

"မဝေးပါဘူး မစ္စတာမျိုးလေး၊ (၃) မိုင်လောက်သွားရင်





…ောက်ပါတယ်၊ မိုးချုပ်ရင် သွားလို့မကောင်းဘူး"

"ဘာဖြစ်လို့လဲ"

"ဟိုခွေးကောင်တွေ နေ့ဆိုရင် မထွက်ဘူး၊ ညဘက်ဆိုရင် …ွက်ပြီ…"

တာဝန်ခံဟာနီကိုနှုတ်ဆက်ပြီး ဆရီသွန်းနှင့်လိုက်ခဲ့ကြသည်၊ အဝင်ပေါက်မှမထွက်တော့ဘဲ နောက်ဘက်ချောက်ကမ်းပါး …ွက်ခဲ့ကြသည်။

"ဟာ…ဟိုမှာ…ကျား…"

ကျားကြီးတစ်ကောင်မှာ ကျောက်ဂူကြီးပေါ်တွင် ထိုင်လျက် …င့်ဒီပါတို့ကို ကြည့်နေသည်။

"မျိုးလေးရာ…တကယ့်ကျားမဟုတ်ပါဘူး၊ စက်ရုပ်ကျားပါ"

"ဟုတ်ရဲ့လားကွာ"

"ဟုတ်ပါတယ် စက်ရုပ်ကျားပါ၊ မစ္စတာဒီပါက ကျားကို ခွဲခြား …တော်သားပဲ၊ ဘယ်လိုသိသလဲ"

"အဓိကကတော့ မျက်လုံးပဲ ဆရီသွန်း၊ ကျားအစစ်မျက်လုံး …ွက အမြဲတမ်းအလင်းတန်းအားကောင်းတယ်၊ လူကိုကြည့်ရင် …ိုက်ပြီးကြည့်တတ်တယ်၊ ခုကျားရဲ့ မျက်လုံးတွေက အလင်းတန်း



www.burmeseclassic.com

www.burmeseclassic.com



အားပျော့တယ်၊ မာန်မပါဘူး၊"

"ရှင်ပြောမှပဲ ကျွန်မလည်း သတိထားမိတယ်၊ ကျွန်မက စက်ရုပ်တွေနဲ့ တွေ့နေကျ ဆိုတော့ မှတ်မိနေတာ၊ ရှင့်လိုတော့ ခွဲခြားပြီး မသိဘူး"

ကျောက်ကမူလမ်းကလေးအတိုင်း ဆင်းလာခဲ့ကြရင်း...

"ဆရီသွန်းရပ်နေ..."

"ဝီ...ဒုတ်..."

"ဟင်..."

မြွေနက်တစ်ကောင် ဆရီသွန်းခြေထောက်ရှေ့တွင် ရဲရင့်ဒီပါ တားမြှောင်စိုက်လျက်

"ဘုရား...ဘုရား...မြွေနက်ဆိုးကြီးပါလား၊ ဒီကောင်ကြီး ကိုက်မိလို့ကတော့ ဆေးမမီဘူး၊ ကျေးဇူးတင်ပါတယ် မစ္စတာဒီပါ"

"ရပါတယ်ဗျာ"

"ရှင် လျင်လို့ပဲ၊ နို့မို့ဆိုရင် ကျွန်မ ဝိညာဉ်က ကောင်းကင်ဘုံ ရောက်နေပြီ"

ရဲရင့်ဒီပါ တားမြှောင်ကိုပြန်နုတ်ယူလိုက်ပြီး ခရီးဆက်ထွက်ခဲ့ ကြသည်။





တစ်နာရီလောက်လျှောက်ပြီးသည်နှင့် အဝေးမှ ရွာကလေး တစ်ရွာကို လှမ်းပြီးတွေ့လိုက်ရသည်။

"ဒီရွာလေးလား"

"ဟုတ်တယ် အိမ်ခြေ (၁၀၀) လောက်ရှိတယ်"

"ရွာသူရွာသားတွေ ဘာလုပ်ကိုင်စားကြသလဲ"

"တောင်ယာလုပ်ငန်းနဲ့ တောပစ်လုပ်ငန်းပဲလုပ်ကြတယ်၊ သိပ်ပြီး ရိုးသားကြတယ်"

"မြို့နဲ့အဆက်အသွယ်မရှိဘူးလား"

"ရှိပါတယ်၊ တိုက်ပွဲတွေက ခဏခဏဖြစ်နေတော့ ရွာက လူတွေလည်း ခရီးသွားရမှာကို ကြောက်နေကြတယ်လေ၊ အရောင်း အဝယ်ကိစ္စရှိရင် ကျွန်မတို့လာခဲ့တဲ့ ချောင်းရိုးကနေပဲ သွားကြတယ်၊ ကုန်းလမ်းဘက်က ဟိုကောင်တွေရန်က မလွယ်ဘူး၊ အစိုးရစစ်တပ်ရှိ တဲ့အဒါးမှသာ အပြင်မထွက်တာ"

စကားပြောရင်း ရွာအဝင်ဝသို့ရောက်လာခဲ့ကြ၏။

"ဆရာမပြန်လာပြီဟေ့"

ကလေးငယ်များက အော်ဟစ်ပြီး ပြေးလာကြသည်။

"ဆရီသွန်းပြန်ရောက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်လာပြီ…အဒါးရေ၊ ရွာမှာ ဘာထူးသေးလဲ"

"အေးအေးဆေးဆေးပဲ"

"ဩော်…အဒါး… သူကဒီလိုပဲ မြန်မာပြည်က"

"ဟို…ဒီ့ဆီရောက်နေတဲ့သူကိုဖမ်းဖို့လာကြတဲ့သူတွေလား"

"ဟုတ်တယ်"

"တကယ့်သူရဲကောင်းတွေပဲ"

"ကလေးတွေကိုမုန့်ဝေပေးလိုက်ပါ၊ သူတို့က ဒီမှာနေဦးမှာ"

"အေးအေး…"

ဆရီသွန်းတဲအိမ်ကလေးတစ်လုံးဆီသို့ခေါ်သွားပြီး

"အားနာတယ်နော်၊ ရွာလေးအတိုင်းနေရတာဆိုတော့ မြို့ပေါ်မှာလိုဧည့်သည်ကိုဧည့်မခံနိုင်တာ ခွင့်လွှတ်"

"ရပါတယ် ဆရီသွန်း၊ ကျုပ်တို့က အပျော်ခရီးထွက်လာကြတာမှမဟုတ်တာဘဲ…၊ ဒီလောက်နေရတာကို ကျေနပ်နေပါပြီ"

"ဆရီသွန်း"

"ဘာများလဲ မစ္စတာမျိုးလေး"

"ဟိုမှာ ဘာလုပ်နေကြတာလဲ"

"ဘုရားပွဲကျင်းပဖို့ ပြင်ဆင်နေကြတာ၊ ရွာအယူအရ တော





တောင့်နတ်ကိုပူဇော်တဲ့ပွဲပေါ့၊ ပျော်ဖို့ကောင်းတယ်၊ ညကျရင်တွေ့ရမှာပါ ကဲ…အနားယူလိုက်ဦး၊ ကျွန်မက ဟိုဘက်တဲမှာ အဒါးနဲ့ အတူရှိမယ်၊ မစ္စတာ ဒီပါ"

"ပြောပါဆရီသွန်း"

"သေနတ်တွေကိုကိုယ်နဲ့မခွာထားပါနဲ့"

"စိတ်ချ"

တဲလေးပေါ်ရောက်သည်နှင့် နှစ်ယောက်သား ခြေပစ်လက်ပစ်လှဲချလိုက်ပြီး

"ဒီပါ ငါတို့အတွက် တကယ့်ကို တောတွင်းစွန့်စားခန်းကြီး လုပ်ရတော့မယ်"

"တိုင်းပြည်ရဲ့ဂုဏ်သိက္ခာအတွက်တော့ ဦးမြတ်ထက်အောင်ကိုရအောင်ပြန်ပြီးခေါ်ရမယ်ကွာ"

"ဆရီသွန်းကိုမင်းသတိထားမိလား"

"ဘာကိုလဲ မျိုးလေး"

"ဆာရီအဖြူကို ဝတ်ဆင်တာလေ"

"သူနှစ်သက်လို့ဖြစ်မှာပေါ့"

"ဒီတစ်ခါတော့ မင်းညံ့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ ပြောပါဦး"

"ဆာရီအဖြူကို ဝတ်ဆင်တဲ့ဟိန္ဒူအမျိုးသမီးဆိုတာ မုဆိုးမ တွေပဲ ဝတ်ဆင်လေ့ရှိတယ်"

"ဟော..."

"တစ်ခုတော့ရှိတယ်၊ ဒီမှာ လျှို့ဝှက်နေထိုင်ဖို့အတွက် ဝတ်ဆင်သလားမှ မသိတာ"

◇◇◇◇◇◇

ညခင်းသို့ရောက်တော့ တီးသံမှုတ်သံ ကခုန်မှုတွေနှင့် ရွာကလေးမှာ မွှက်လောရိုက်ခတ်နေလေသည်။

"မစ္စတာဒီပါလာ"

ရဲရင့်ဒီပါလက်မောင်းလေးကို ဆရီသွန်း ဆုပ်ကိုင်ပြီး လူအုပ်ကြားထဲမှ တိုးထွက်ခဲ့လေသည်။

လူအုပ်အပြင်ဘက်နေရာလေးတစ်ခုသို့ရောက်ပြီး

"ဟိုမှာထိုင်ကြရအောင် မစ္စတာဒီပါ၊ လူတွေကြားထဲမှာ နေရတာ မွန်းကျပ်နေလို့ ခေါ်ခဲ့တာပါ"

မျိုးလေးကတော့ အဒါးနှင့် မြွေလမ္ဘာယ်ပြသောနေရာတွင် စိတ်ဝင်စားစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

ဆရီသွန်းခေါ်လာသောနေရာလေးမှာ သောက်ရေကန် လုပ်ထားသော ကန်ကြီးနားမှ သစ်ငုတ်တိုကြီးတစ်ခုပင် ဖြစ်သည်။

"တစ်ခါတစ်ခါ ကမ္ဘာကြီးမှာ အကြမ်းဖက်ရက်စက်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



မရှိရင် ကောင်းမယ်လို့ တွေးမိတယ် မစ္စတာဒီပါ"

"ကောင်းတာပေါ့ဗျာ၊ အစွန်းရောက်ဝါဒတွေနဲ့ လူတွေသတ်ဖြတ်နေတဲ့ကိစ္စက ကောင်းတဲ့အလုပ်မှ မဟုတ်တာ"

"ကျွန်မက ဒီအစွန်းရောက်တွေကို အရမ်းကို နာကြည်းနေတာ"

"ဟင်...ဘာလို့"

"သူတို့ကြောင့် အပြစ်မဲ့တဲ့ လူသားတွေ အများကြီးသေဆုံးခဲ့တယ်၊ ဒီထဲမှာ ကျွန်မမိသားစုလေးလည်း ပါခဲ့ရတယ်၊ ဒီ့အပြင် ကျွန်မ သိပ်ချစ်ရတဲ့ ခင်ပွန်းဖြစ်သူလည်း ပါခဲ့တယ်"

ဆရီသွန်းမျက်နှာတွင် ကြေကွဲခြင်း၊ နာကြည်းခြင်းတွေက ပြည့်နှက်၍နေလေသည်။

"ဘယ်လိုဖြစ်ခဲ့လို့လဲ ဆရီသွန်း"

"ကျွန်မတို့ မိသားစု ဘဝလေးကို အရင်ပြောပြမယ်၊ ကျွန်မ ဖခင်ဟာ တရားသူကြီးတစ်ဦးပါ၊ သူဟာ အကြမ်းဖက်သမားတွေကို အပြစ်ဒဏ်စီရင်တဲ့နေရာမှာ ပြတ်သားတဲ့သူဆိုတော့ အကြမ်းဖက်အုပ်စုတွေဟာ ကျွန်မအဖေကို အငြိုးထားပြီး တစ်နေ့ ကျွန်မမိသားစုအိမ်ကို တိုက်ခိုက်ခဲ့တယ်၊ ဒီတုန်းက ကျွန်မက တက္ကသိုလ်ကျောင်း





တက်နေလို့သာ ကျန်ခဲ့ပြီး ကျွန်မ မိဘနှစ်ပါးရယ်၊ ကျွန်မ မောင်လေးတို့ အားလုံး သေဆုံးခဲ့ရတယ်၊ ဒီကတည်းက ကျွန်မဟာ အစွန်းရောက် အကြမ်းဖက်တွေကို အမုန်းချေချင်လောက်အောင် မုန်းတီးခဲ့တယ်၊ ဒါကြောင့်လည်း ထောက်လှမ်းရေးတပ်ဖွဲ့ထဲကိုဝင်ပြီး အစွန်းရောက် အကြမ်းဖက်တွေရှိတဲ့ အနီးဆုံးနေရာကို ရောက်အောင်လာခဲ့တာပါ"

"ခင်ဗျားခင်ပွန်းသေဆုံးရတာကရော"

"ကျွန်မဟာ ထောက်လှမ်းရေးအဖွဲ့မှာရောက်ပြီး (၅)နှစ်လောက်အကြာမှာ ဒီရွာကလေးကိုရောက်ခဲ့တယ်လေ၊ ဒီရွာလေးမှာ သာမန်ကျောင်းဆရာမလေးဘဝနဲ့နေထိုင်ပြီး တာဝန်ထမ်းဆောင်ရင်း ကျွန်မ ခင်ပွန်းနဲ့ဆုံခဲ့ရတယ်၊ သူက ဆရာဝန်တစ်ဦးပါ၊ မြို့နဲ့ဝေးလံလှတဲ့ရွာလေးတွေမှာ ဆေးလိုက်ပြီးကုသပေးတဲ့ ဆရာဝန်တစ်ယောက်၊ အရမ်းကို စိတ်ထားဖြူစင်ပြီး သနားကြင်နာတတ်တဲ့သူပါ၊ သူနဲ့ ရေစက်ဆုံခဲ့ပြီး အထက်က ခွင့်ပြုချက်ရတာနဲ့ လက်ထပ်ခဲ့ပါတယ်"

"ဆရီသွန်းထောက်လှမ်းရေးအဖွဲ့ဝင်ဆိုတာ သူကသိလား"

"သူသေဆုံးသွားတဲ့အထိ မသိသွားရှာပါဘူး၊ သူသိတာက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဟာ ကျောင်းဆရာမလေးတစ်ဦးအဖြစ်နဲ့ပါ၊ ဒါကလည်းတာဝန် အရ ပေးသိခွင့်မရှိဘူးလေ၊ တစ်နေ့နေ့တော့ ဖွင့်ပြောပြမယ်လို့ ဆုံးဖြတ်ထားပေမယ့် သူ သိမသွားလိုက်ပါဘူးရှင်"

"သူဘာကြောင့်အသတ်ခံခဲ့ရတာလဲ"

"အကြမ်းဖက်ခေါင်းဆောင် ဂျာဇူကာကြောင့်ပဲပေါ့၊ ဂျာဇူကာ တိုက်ပွဲတစ်ခုမှာ ဒဏ်ရာရပြီး ကျွန်မ ခင်ပွန်းကိုဖမ်းဆီးခေါ် ဆောင်သွားပြီး ဆေးကုခိုင်းခဲ့တယ်၊ ကျွန်မ ခင်ပွန်းဟာ လူဆိုး လူကောင်း ခွဲခြားတဲ့သူမဟုတ်ဘူး၊ လူသားအားလုံးရဲ့အသက်ကို ကယ်နေရရင် ကျေနပ်နေသူပါ၊ ဒါပေမယ့် ဂျာဇူကာဟာ တဏှာရူး ကျွန်မကို ကျွန်မ ခင်ပွန်းက တွေ့ခွင့်တောင်းလို့ ကျွန်မကိုလာပြီး ခေါ်ခဲ့ရာ က ဂျာဇူကာက ကျွန်မကို သိမ်းပိုက်ဖို့ကြံစည်ခဲ့တယ်၊ ဒါကို သိပြီး ကျွန်မတို့နှစ်ယောက်ဟာ သူတို့စခန်းထဲက ထွက်ပြေးခဲ့ရင်း သူတို့သတ်ဖြတ်ခြင်းကို ခံလိုက်ရတယ်၊ ကျွန်မကတော့ အစိုးရတပ်ဖွဲ့တွေ ကြောင့် အသက်ရှင်ခွင့်ရခဲ့ပေမယ့် ကျွန်မ ခင်ပွန်းကတော့ ဒင်းတို့ လက်ချက်နဲ့ သေခဲ့ရပါတယ်"

ဆရီသွန်းမျက်ဝန်းတွင် မျက်ရည်တွေပင် ယိုစီးကျလာ သည်။





"ကျွန်မဟာ ဒင်းတို့ကို တွေ့တိုင်း သတ်ချင်နေခဲ့တာ၊ ကိုယ့် တာဝန်ကြောင့် အမျက်ကြီးစိတ်ကို ချုပ်တည်းခဲ့ရတယ်၊ ဒါပေမယ့် အဒါးင့်သာရင်သာသလို သတ်ခဲ့တယ်"

ရဲရင့်ဒီပါ... ဆရီသွန်းနှင့်စပြီးလိုက်ခဲ့စဉ်က ရက်ရက်စက် စက် သတ်ခဲ့သည်ကိုပြန်ပြီး မြင်ယောင်လိုက်လေသည်။

သူမရင်မှာ နာကြည်းမည်ဆိုလျှင် နာကြည်းစရာ ပင်။

တဖြည်းဖြည်း ညဥ့်နက်လာပြီဖြစ်သောကြောင့်

"ပြန်ကြရအောင်နော်"

"ဘုရားပွဲက မပြီးသေးဘူးလား"

"ကောင်းကင်က အလင်းပေါ်မှသိမ်းကြရတာ၊ တစ်ရွာလုံး တတော့ ဒီနေ့ညလုံးပေါက်ပျော်ကြပြီး မနက်ဆိုရင် ရွာမှာ လူတောင် မရှိဘူး ထင်လောက်အောင် တိတ်ဆိတ်သွားတာပဲ"

နှစ်ယောက်သား လျှောက်လာခဲ့ကြစဉ်...

"ဒိုင်း...ဒိုင်း...ဒိုင်း..."

"ဟင်..."

"ဘာဖြစ်တာလဲ ဆရီသွန်း"

"ဒါ ဟိုကောင်တွေ ဝင်ပြီး ရှမ်းကားတာပဲ၊ လာ.. ခင်ဗျာမြန်မြန်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



သွားရအောင်"

ဆရာသွန်းနှင့်တဲလေးဆီကိုပြန်ပြီးဝင်အလာ ရွာထဲသို့အမိုး

ဖွင့်ဂျစ်ကားတစ်စီးနှင့်လူ(၆)ယောက်လောက် လက်နက်ကိုယ်စီနှင့်

ဝင်လာကြသည်။

"မစ္စတာဒီပါ တဲထဲက မထွက်နဲ့နော်"

ဆရာသွန်း သူ့ကိုတဲထဲမှာ ထားပြီးတစ်ဖက်တဲဆီသို့ ထွက်

သွားသည်။

"ဒီပါ"

"မျိုးလေး"

အဒါးနှင့်မျိုးလေးပါပြန်ရောက်လာသည်။

"အစွန်းရောက်အကြမ်းဖက်တွေတော့ ရွာထဲဝင်ပြီးခေသာင်း

ကျန်းနေပြီ၊ ဆရာသွန်းရော"

"ဟိုဘက်တဲကိုသွားတယ်"

"မဖြစ်ဘူး လိုက်သွားဦးမှ၊ သူက ဒီကောင်တွေကို တော

လမ်းကစောင့်ပြီး သတ်တော့မှာ"

အဒါးပါ လိုက်သွားသဖြင့် ရဲရင့်ဒီပါ တဲပေါ်မှ သေနတ်ကို

ယူပြီး





"မင်းပါလိုက်သွားမလို့လား"

"ဟုတ်တယ်"

"ငါပါလိုက်မှာပေါ့၊ ခွေးကောင်တွေကြည့်ရတာ အူကိုယား

တယ်"

ဆရာသွန်း သွားသည့်နောက်ကို အဒါးနှင့်အတူ လိုက်ခဲ့လေ

သည်။

"ဟင် မစ္စတာဒီပါ ရှင်တို့ဘာလို့လိုက်ခဲ့တာလဲ..."

"မင်းနဲ့အတူ ပူးပေါင်းချင်လို့ပေါ့"

"ရပါတယ်ရှင်၊ ဒီလောက်တော့ ကျွန်မ ရှင်းနိုင်ပါတယ်"

"ဆရာသွန်း မင်း ဟိုတစ်ခါလိုဖြစ်မယ်"

အဒါးက ဆရာသွန်းကို သတိပေးစကားပြောလိုက်သည်။

"ဟိုတစ်ခါက ငါအရောက်မြန်လို့၊ နို့မို့ဆို ဒီကောင်တွေလက်

ချက်နဲ့သေပြီ"

"ကယ်တော်မူပါ"

"ဟင်..."

အစွန်းရောက်ကောင်တွေ ရွာထဲမှ မိန်းကလေး(၃)ယောက်

ကို ကားပေါ်တင်ပြီးခေါ်လာကြသည်ကို တွေ့မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်... ခက်တော့တာပဲ၊ ငါတို့ပစ်ရင် ဟိုမိန်းကလေး

တွေပါသေကြတော့မယ်"

ရဲရင့်ဒီပါအခြေအနေကိုကြည့်ပြီး လာနေသော ကားကိုရ

တန့်အောင်လုပ်ပြီးမှ အနီးကပ်ချေမှုန်းနိုင်မည်ဖြစ်သည်။

"ဆရီသွန်းမှင်းထက်ထဲက ပြောင်းရှည်ငါ့ကိုပေး"

ဆရီသွန်းလှမ်းပေးသည့် ပြောင်းရှည်သေနတ်ကို ယူပြီး

ကားဆီကိုတည့်တည့်ချိန်ကာ အနီးဆုံးရောက်အောင် စောင့်ရ၏။

"မင်းတို့ဘက်က ပြင်ဆင်ထား....ကားကနီးလာပြီ"

"အင်း..."

ဂျစ်အမိုးဖွင့်မှာ တောင်ကြားလမ်းအတိုင်း မောင်းလာရင်

ရဲရင့်ဒီပါတို့နှင့် အနီးဆုံးနေရာသို့ရောက်သည်နှင့်

"ဒိုင်း...ဒိုင်း..."

"ဖောင်း...ဖောင်း..."

ကားရှေ့ဘီးနှစ်ဘီးလုံး ထိမှန်ပြီး ကားမှာ ထိုးရပ်သွားသည်

ကားပေါ်မှ ခုန်ဆင်းပြီးဘေးဘက်တွေကို ရမ်းပြီးပစ်လေ

သည်။ ထိရောက်မှုကမရှိလှပေ။

"နှစ်ဖက်ခွဲပြီး ပစ်မယ်"





ဆရီသွန်းနှင့်ရဲရင့်ဒီပါက တစ်ဖက်သို့ကူးလိုက်ပြီး မျိုးလေး

နှင့်အဒါးက တစ်ဖက်တွင်ကျန်ရစ်ခဲ့လေသည်။

"ဒိုင်း..ဒိုင်း..ဒိုင်း..."

"အား...အီး...အင်း..."

ရဲရင့်ဒီပါတို့ စိတ်ကြိုက်တစ်ယောက်ချင်း ပစ်ခွင့်ရခြင်း

ကြောင့် တစ်ယောက်ပြီးတစ်ယောက်ကျသွားသလို မိန်းကလေး (၂)

ဦးမှာ လွတ်ရာသို့ပြေးခဲ့ပေမယ့် တစ်ဦးမှာ ကျန်ရစ်ခဲ့ပြီး

"တွေ့လား ဆက်ပြီးပစ်ရင် သတ်ပစ်မယ်"

မိန်းကလေးတစ်ဦးကို ကျန်ရစ်သော အကြမ်းဖက်သမား

နှစ်ယောက်မှ ဓားစာခံလုပ်တော့သည်။

ရဲရင့်ဒီပါတို့ကိုတော့ ဘယ်နေရာမှန်းတော့ မသိပေ။

"မစ္စတာဒီပါ.."

"ခဏလေးစောင့်၊ အပစ်ရပ်လိုက်ပါ"

ရဲရင့်ဒီပါဂျစ်ကားနားကိုချဉ်းကပ်သွားရန်ကြိုးစားလေသည်။

လရောင်အောက်တွင် အကြမ်းဖက်သမားနှစ်ယောက်

ကျောချင်းကပ်ပြီး တောထဲသို့ဝင်ရန်ကြိုးစားနေသည်။

သူတို့ဝင်မည့်နေရာသည် ရဲရင့်ဒီပါ ကားဆီသို့ ချဉ်းကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



သောနေရာဖြစ်သောကြောင့်

"ဟော့..."

"ဖြောင်း...အင့်"

ရဲရင့်ဒီပါ ဘက်မှ အမှတ်မထင်အသံပြုပြီးတိုက်ခိုက်လိုက်သောကြောင့်အမျိုးသမီးကိုဓားစာခံလုပ်ထားသောကောင်ကိုအရင်ဆုံးရှင်းပစ်လိုက်ပြီး ကျန်တစ်ကောင်ကို မျိုးလေးမှ ဝင်ပြီး တိုက်ခိုက်လိုက်သည်။

နှစ်ယောက်လုံးမြေပေါ်တွင်မှောက်သွားခဲ့စဉ်အသက်တော့မသေသေးပေ။

"မစ္စတာဒီပါ၊ အပြတ်သာရှင်းလိုက်ပါ၊ သူတို့ကိုအသက်ရှင်ခွင့်ပေးလိုက်တာနဲ့ ကျွန်မတို့အတွက် အန္တရာယ်ပိုပြီး ကြီးသွားမယ်"

"မင်းသဘောပါ ဆရီသွန်း၊ ကျုပ်တို့က အကြောင်းမဲ့ လူမသတ်ချင်ဘူး"

"ဒိုင်း...ဒိုင်း..."

"အား...အား..."

သေနတ်သံ(၂)ချက်ပေါ်ထွက်သွားပြီး မြေပြင်ပေါ်မှ နှစ်ယောက်လုံးအသက်ဝိညာဉ် ချုပ်ငြိမ်းသွားလေတော့သည်။





"ဒါတွေကိုဒီအတိုင်းထားခဲ့မှာလား"

"တစ်ခါတည်း ခြေရာဖျောက်ပစ်ခဲ့မယ်"

ရဲရင့်ဒီပါ... ဆရီသွန်းနှင့်အဒါးလုပ်နေသည်ကိုရပ်ပြီးကြည့်နေလိုက်သည်။ ဆရီသွန်းနှင့်အဒါး အလောင်းတွေကို ကားပေါ်တင်ပြီးတောင်၏တစ်ဖက် ချောက်ထဲသို့တွန်းချလိုက်တော့သည်။

"ဝုန်း..."

တောင်ကုန်း၏အောက်ခြေတွင် ပေါက်ကွဲသံကြီးတစ်သံပေါ်လာပြီး မီးလုံးကြီးတွေကိုတွေ့မြင်နေရလေသည်။

"ကျေးဇူးအထူးတင်ပါတယ် မစ္စတာ ဒီပါနဲ့မျိုးလေး"

"ရပါတယ်လို့ပဲ ပြောချင်ပါတယ်၊ ဥပဒေမရှိတဲ့ သူတွေကိုဖြေရှင်းရတာပဲ"

အပြန်ခရီးတွင် စကားသံဆိတ်ဆိတ်စွာဖြင့် ပြန်ခဲ့ကြလေတော့သည်။

ဆရီသွန်းကမတော့ကျေနပ်စွာဖြင့်ပြန်လာခဲ့သည်။

ဆရီသွန်း ရင်ထဲမှာ အကြမ်းဖက်များစွာကို သတ်ဖြတ်ရတောင် သူ့ရင်ထဲက နာကြည်းချက်တွေက ကြေနိုင်မည်မဟုတ်ပေ။

"ကျွန်မဘဝမှာ ဂျာဖူကာကိုကိုယ်တိုင်သတ်ခွင့်ရရင် အေးမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုကျေနပ်မှာပါ"

"ဆရီသွန်းရယ် သတ်ဖြတ်ခြင်းထက် ဥပဒေအတွင်းက အပြစ်ပေးတာဟာ ပိုပြီး ကောင်းပါတယ်ဗျာ.. ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဟာ ဥပဒေဘက်တော်သားတွေမဟုတ်လား၊ နာကြည်းချက်တွေထက် တာဝန်ကိုပိုပြီးအလေးထားရမှာလေ"

◇◈◈◈◈◈

## အခန်း ◂◂ ၅ ▸▸

ရဲရင့်ဒီပါနှင့်မျိုးလေး.... ဆရီသွန်းတို့ ရွာကလေး၏ ဘေးပတ်ဝန်းကျင်တွင် ရှိနေသော တောင်တန်းကြီးနှင့် ရေတံခွန်များကို ငေးမောလို့မဆုံးဖြစ်ခဲ့ကြသည်။

"တကယ်သာယာတဲ့ နေရာလေးပဲ ဒီပါ။ ငါ့မျက်စိထဲမှာ ပန်းချီကားတစ်ချပ်ကိုကြည့်နေရသလိုပဲ"

"ဒီအရပ်ဒီဒေသဟာ တကယ်ဆိုရင် အရမ်းကိုနေဖို့ကောင်းတဲ့ဒေသလေးတစ်ခုပါ၊ အကြမ်းဖက်သမားတွေ မသောင်းကျန်းခင်ကာလကဆိုရင် အိန္ဒိယရုပ်ရှင်ကားတိုင်းမှာ ဒီဒေသလေး ပါခဲ့တယ်၊ ခုတော့ ဒီမိစ္ဆာကောင်တွေကြောင့် ဘယ်သူမှ မလာရဲတော့ဘူး"

"တစ်နေ့နေ့တော့ မစစ်မှန်တဲ့သူတွေ ကျဆုံးမှာပါ"

"ဒီလိုပဲ ဆုတောင်းနေရတာပဲ မစ္စတာဒီပါရေ...မစ္စတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီပါက လက်ဖြောင့်တယ်နော်၊ ဟိုနေ့ညက လရောင်နဲ့ပစ်တာ တစ်ချက်လေးမှ မလွဲဘူး"

"ဒီကောင်တွေ သေချင်လို့ တိုက်ဆိုင်သွားတာပါ"

"ဆရာသွန်းရေ...ဒီကောင်က ကျုပ်တို့တပ်ဖွဲ့မှာ လက်ဖြောင့်ဆုကို တစ်ယောက်တည်း သိမ်းပိုက်ထားတာနော်၊ ပစ္စတိုပစ်ရင် ပိုပြီး တောင် သေချာသေးတယ်"

တောင်ကုန်းလေးပေါ်မှ အောက်သို့ပြန်ဆင်းလာပြီး အဝေး တောင်တန်းဆီမှ မီးခိုးငွေ့တွေကို လှမ်းပြီးမြင်နေရသည်။

"ဟိုရွာတွေ ဘယ်နေရာကိုဝင်ပြီး မီးရှို့နေပြီလဲမသိဘူး"

ဆရာသွန်း ခံပြင်းသော အကြည့်ဖြင့် လှမ်းကြည့်ပြီး ပြောနေ လေသည်။

"ကဲ...ဆရာသွန်း...ဒီနေ့တော့ ဒီလောက်ပဲ၊ သွားကြတာပေါ့၊ ပြန်ကြမယ်"

သုံးယောက်သား ရွာဘက်ဆီသို့ပြန်ပြီးလှမ်းခဲ့ကြစဉ်

"ခွပ်...ခွပ်...ခွပ်..."

အဝေးမှ မြင်းတစ်စီး ရဲရင့်ဒီပါတို့ဆီကို ဦးတည်ပြီးလာနေ မြင်းကြောင့်





"ဟာ...အဒါးပဲ...ဘာဖြစ်လာလဲမသိဘူး"

ရဲရင့်ဒီပါတို့နားရောက်တော့ မြင်းပေါ်မှဆင်းကာ

"အဒါး ဘာဖြစ်လာတာလဲ"

"ဆရာသွန်း...အခြေအနေတော့ မကောင်းတော့ဘူး"

"ဟင်...ဘာဖြစ်လို့လဲ"

"ဟိုကောင်တွေ ရွာကို လူအင်အားအပြည့်နဲ့ရောက်နေပြီ"

"ဘာ..."

"ရွာသားတွေကိုလည်း ဖမ်းပြီး ရိုက်နှက်နေတယ်"

"ဘာအတွက် ဒီလိုလုပ်တာလဲ အဒါး"

"သူတို့လူတွေကို ရွာသားတွေ လုပ်ကြံသတ်ဖြတ်တယ်လို့ စွပ်စွဲပြီး ရွာကိုမီးရှို့ဖို့တောင် ပြင်နေပြီ"

"ဟာ..."

"ဟင်..."

ရဲရင့်ဒီပါတို့ ဘာလုပ်ရမှန်းပင် မသိဖြစ်သွားကြသည်။ လက်ရှိ သူတို့(၄)ယောက်နှင့် ရင်ဆိုင်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်လှပေ။

"ဘယ်လိုလုပ်မလဲ ဆရာသွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဝင်ပြီးတိုက်ရင် အင်အားချင်းက မမျှဘူး"

"ရွာလေးကို အပျက်စီးမခံနိုင်ဘူး၊ ဘယ်လိုလုပ်ရမလဲ မစ္စတာဒီပါ"

"အဒါး... သူတို့လူအင်အားဘယ်လောက်ရှိလဲ"

"အနည်းဆုံး (၂၀)လောက်ရှိတယ်၊ ကား(၃)စီးနဲ့လာကြတာ၊ သူတို့ထဲမှာ နိုင်ငံခြားသားတစ်ယောက်တောင်ပါသေးတယ်"

"ဟို...အဲဒီတာလျှံကောင်နေမှာပေါ့"

"ဆရီသွန်း...အခြေအနေကြည့်ပြီးတော့ လှုပ်ရှားမယ်၊ အရေးကြီးတာက ကျုပ်တို့အတွက် ခါးမှာပါတဲ့ပစ္စတိုလောက်နဲ့တော့ မဖြစ်ဘူး"

"ဒီအတွက်တော့မပူနဲ့၊ ကျွန်မမှာ ဒီကောင်တွေဆီကရ.ထားတဲ့လက်နက်တွေရှိတယ်"

"သွားပြီးယူလို့လွယ်မလား"

"လွယ်ပါတယ်၊ ဟိုကျောက်တွင်းထဲမှာ ဖွက်ထားတာ"

"ဒါဆိုအချိန်မီ သွားယူကြမယ်"

(၄)ယောက်လုံး ခပ်သွက်သွက်ပင် သွားခဲ့ကြပြီး ဆရီသွန်း ဖွက်ထားသော လက်နက်တွေကို ထုတ်ယူကြတော့သည်။





"ဒီဗုံးတွေနဲ့ အဓိကအားကိုးပြီးတိုက်ရမှာပဲ"

ဗုံးသေတ္တာထဲတွင် လက်ပစ်ဗုံးတွေက အပြည့်မို့ အားရကျေနပ်သွားသည်။

ရွာနားကိုရောက်တော့ ရွာထဲမှသေနတ်သံတွေကိုကြားနေရလေသည်။

"ခွေးတွေ လူသတ်နေပြီ"

"ကျုပ်တို့လူခွဲပြီး ဝင်တိုက်မယ်၊ မျိုးလေး ...မင်းနဲ့အဒါးက ရှေ့ဘက်ကနေ အယောင်ပြပြီးတိုက်၊ ငါနဲ့ ဆရီသွန်းက နောက်ဘက်ကနေ ဝင်တိုက်မယ်"

"အေး...ကောင်းတယ်"

ရဲရင့်ဒီပါတို့လူစုခွဲပြီး ရွာထဲသို့ဝင်ခဲ့ကြသည်။

ရဲရင့်ဒီပါ အိမ်တစ်လုံးနားသို့ဝင်လိုက်ပြီး

"ဆရီသွန်း ဟိုဆိုင်ကယ်က အကောင်းဖြစ်နိုင်လား"

"အကောင်းပါ မစ္စတာဒီပါ"

"ဒါဆို မီးနိုးမိုင်း ဖောက်ခွဲဖို့ ပြင်ဆင်ထား၊ ဆရီသွန်း ပင်ပေါက်ခွဲတာနဲ့ ကျုပ်ဆိုင်ကယ်နဲ့ ထွက်ပြီး ဒီကောင်တွေကို ရှုပ်သွားအောင်လုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာဒီပါ"

"ကျုပ်အတွက်စိတ်ချပါ"

ရဲရင့်ဒီပါဆိုင်ကယ်ကိုစက်စမ်းသပ်ပြီးအသင့်ပြင်သည်။

"ပစ်တော့.."

"ဝုန်း..."

မီးနီးမိုင်းကြီးမှာ ပေါက်ကွဲထွက်သွားပြီးအမှောင်ထုကျသွားလေသည်။

"ဆက်ပြီး ပစ်ထား ထွက်ပြီ"

"ဝုန်း..."

မီးနီးမိုင်းပေါက်ကွဲမှုကြီးက တစ်လုံးပြီးတစ်လုံး ပေါက်ကွဲထွက်ပြီး ရွာလမ်းမပေါ်မှာ အမှောင်ထု လွှမ်းသွားသည်နှင့် မျိုးလေးတို့ အရှေ့ဘက်မှ သေနတ်သံပေးလေသည်။

ရဲရင့်ဒီပါ ဆိုင်ကယ်ကို ဒုန်းစိုင်းမောင်းထွက်ပြီး လက်ပစ်ဗုံးတွေကို ရန်သူတွေနားသို့ ပစ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှ ခုန်ဆင်းလိုက်လေသည်။

"ဝုန်း..."

ပေါက်ကွဲသံကြီးမှာ ရွာပျက်မတတ် ပေါ်ထွက်လာပြီး အစွန်း





ရောက်အကြမ်းဖက်သမားများရုတ်ရုတ်သဲသဲဖြစ်ကုန်လေတော့သည်။

"မစ္စတာဒီပါ"

"ဆရီသွန်း"

ဆရီသွန်းမှာရဲရင့်ဒီပါနားသို့ရောက်လာပြီးတစ်ဖက်တွင်နေရာယူလိုက်သည်။ ဆရီသွန်းထံမှမောင်းပြန်ရိုင်ဖယ်တစ်လက်ကိုယူပြီး

"တစ်ယောက်ချင်းဖြိုရမှာပဲ"

အကြမ်းဖက်သမားများ မျိုးလေးနှင့်အဒါးတို့ကို မဲပြီးတိုက်ခိုက်နေသောကြောင့် ရဲရင့်ဒီပါတို့အခွင့်ကောင်းရနေလေသည်။

အစွန်းရောက်အကြမ်းဖက်သမားများ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးနေပြီး အခြေအနေမကောင်းတော့ပေ။

"ဝုန်း..."

မျိုးလေးနှင့်အဒါးတို့ထံမှ လက်ပစ်ဗုံးဒဏ်ကြောင့် ပိုပြီးဆိုးဆိုးဝါးဝါးကိုရင်ဆိုင်နေရလေသည်။

"ဆုတ်"

ခေါင်းဆောင်လုပ်သူက ပြန်ပြီးဆုတ်ခွာဖို့ အမိန့်ပေးလိုက်ခြင်းကြောင့် ကျန်ရှိသော အကြမ်းဖက်သမားများ ကားပေါ်သို့ အလုအယက်တက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ အိတာလျံကောင်"

ဂျစ်ကားရှေ့ခန်းသို့ ခုန်တက်ပြီးလိုက်သွားသော အီတလီလူမျိုးဆီသို့ ရဲရင့်ဒီပါ သေချာစွာချိန်လိုက်ပြီး

"ဒိုင်း..."

"အား..."

ကားပေါ်မှ ပြုတ်ကျသွားသည်နှင့် ကားမှာ ထိုးရပ်ပြီး အီတာလျံကို ကယ်တင်ရန်ကြိုးစားပေမယ့်

"ဒိုင်း...ဒိုင်း..."

ရဲရင့်ဒီပါထံမှ ဆက်တိုက်ပစ်ခတ်မှုကြောင့် အီတာလျံကို ကယ်တင်နိုင်ခြင်းမရှိတော့ဘဲ ကားနှင့်ပြေးထွက်လေတော့သည်။

တိုက်ပွဲကပြီးဆုံးသွားခဲ့လေပြီ။ အီတာလျံကိုလက်ရဖမ်းနိုင်ခဲ့ပြီး အကြမ်းဖက်သမားများမှာ အကျအဆုံးများပြီး ရွာသား(၃)ဦး သတ်ဖြတ်ခြင်းခံရသလို တချို့အိမ်တွေမီးလောင်ပျက်စီးခဲ့လေသည်။

"ဆရာသွန်း"

"ပြောပါမစ္စတာဒီပါ"

"ဒီရွာမှာဆက်ပြီး နေလို့မရတော့ဘူးနော်"

"ကျွန်မသိတယ် မစ္စတာဒီပါ၊ ရွာသူရွာသားတွေအားလုံးကို ဒီရွာကနေ ပြောင်းရွှေ့ဖို့အတွက် ပြင်ဆင်ရတော့မယ်၊ ဒီအတွက် အစိုးရတပ်က ကူညီပေးမှရမှာ၊ ညနေဌာနချုပ်ကို သတင်းပို့ပြီး တပ်ကို အကူအညီတောင်းရတော့မှာပဲ"

"အီတာလျံကောင်ကို စစ်ဆေးရင်တော့ အဖြေတစ်ခုတော့ ရမှာပဲ"

"ကျွန်မတို့ ခုတိုက်ပွဲမှာ ဒီအီတာလျံကို မိလိုက်တာ သိပ်ကို အကျိုးရှိတယ်"

"ဟုတ်တယ် ဦးမြတ်ထက်အောင်နဲ့ ပတ်သက်ပြီး သိချင်တာ တွေကို သိခွင့်ရသလို အသတ်ခံရတဲ့ မစ္စတာဒီဇန်းကိစ္စပါ သိရမှာလေ"

"ဒီကောင့်ဒဏ်ရာကို ချက်ချင်းဆေးကုပေးမှဖြစ်မယ်"

"ဘာလို့လဲ မျိုးလေး"

"သွေးထွက်တာများနေတယ်၊ ဖြစ်နိုင်ရင်ဆေးရုံပို့စေချင်တယ်"

"ဒါတွေကို ကျွန်မတို့ စီစဉ်ပေးပါ့မယ်"

ရဲရင့်ဒီပါ မျက်လုံးလှလှလေးကို ကြည့်ပြီး စိတ်ထဲမှာ မကောင်းလှပေ။

ရွာသူရွာသားတို့၏ အသက်အာမခံချက်ဆိုတာ ကင်းမဲ့နေလေပြီမဟုတ်လား။

◇◈◈◈◈◈







www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◂◂ ၆ ▸▸

အိန္ဒိယအထူးထောင်ထဲမှ ဆေးရုံသို့ ရဲရင့်ဒီမှါနှင့် မျိုးလေး ဆရီသွန်းတို့လာခဲ့ကြသည်။

"အီတာလျံက ပေါင်ဖသွေးကြောကို ထိသွားတာဆိုတော့ ဆေးရုံကိုအချိန်မီတင်နိုင်လို့အခြေအနေကောင်းသွားတာ"

"ကျုပ်အတွက် ရွေးချယ်စရာ ပစ်ကွင်းက ပေါင်တစ်နေရာပဲ ရှိတော့ ကျန်တဲ့နေရာကိုပစ်ရင် အသက်ရှင်ဖို့မမြင်ဘူး"

"ဒီကောင့်ဆီက ဘာထွက်ချက်တွေရပြီလဲ ဒီပါ"

"မသိရသေးဘူးကွ.... ခုမှ သိရမှာလေ"

"ဒီကောင့်ပုံစံက ခေါင်းမာမယ့်ပုံစံပဲ၊ ပြောပါ့မလား"





"ပြေအောင်တော့လုပ်ရမှာပေါ့ကွာ"

ထောင်ထဲရှိအခန်းတစ်ခန်းထဲသို့ဝင်ခဲ့ကြသည်။

"ထိုင်ကြဗျာ"

အနောက်တိုင်းဝတ်စုံနှင့်လူတစ်ယောက်နှင့်အိန္ဒိယ ပုလိပ်အရာရှိကြီးတို့ကိုတွေ့လိုက်ရသည်။ အနောက်တိုင်းဝတ်စုံဝတ်ထားသူက နိုင်ငံခြားသားတစ်ဦး။

"မိတ်ဆက်ပေးရဦးမယ်၊ သူက အီတလီထောက်လှမ်းရေး အရာရှိ ဂျိုးဗင်ဂစ်(ဇ်)ပါ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်"

ရဲရင့်ဒီပါတို့ အပြန်အလှန်မိတ်ဆက်ပြီး ဖမ်းမိထားသော အီတာလျံနှင့်ပတ်သက်ပြီးဆွေးနွေးကြလေသည်။

အီတလီထောက်လှမ်းရေးအရာရှိ ဂျိုးဗင်ဂစ်(ဇ်)က ဖမ်းဆီးထားသော သူနှင့်ပတ်သက်ပြီးစတင်ပြောကြားလေသည်။

"ဒီလူ့အမည်က   မိုက်ကယ်ဂျိုင်းဂျိုး(စ်)လို့ခေါ်တယ်၊ အီတလီထဲကို မူးယစ်ဆေးဝါးတင်သွင်းမှုနဲ့ ဖမ်းဝရမ်းထုတ်ထားတဲ့သူပါ၊ အီတလီကနေ တိမ်းရှောင်ရင်း အကြမ်းဖက်အဖွဲ့တစ်ခုထဲကို ရောက်သွားတာပါ၊ အဲဒီမှာ ဒေးပစ်ဆီးဆိုတဲ့ ကောင်နဲ့တွဲပြီး အီတလီ



www.burmeseclassic.com

www.burmeseclassic.com



ထဲကိုနောက်တစ်ခေါက်ပြန်ဝင်ခဲ့တယ်"

"သူတို့ပြန်ဝင်တဲ့ကိစ္စက မူးယစ်ဆေးဝါးကိစ္စမဟုတ်ဘူး သိပ္ပံပညာရှင်မစ္စတာဒီဇန်းကိုရှာဖွေဖို့ပါ၊ ဒီဇန်းဟာ ရုရှားကနေ ရှောင်ပြေးရင်း ရိုးမားပြည်နယ်ထဲမှာ ကားပြင်အလုပ်ရုံကလေးထောင်ပြီး ဘဝပြောင်းနေခဲ့တယ်"

"မစ္စတာဒီဇန်းအမည်ရင်းက ဒါပဲလား"

"မဟုတ်ဘူး၊ မစ္စတာ ရဲရင့်ဒီပါ၊ ရှောကီးဗားဂိုးလ်လို့ခေါ်တယ်၊ ဒီဇန်းဆိုတဲ့အမည်က နောက်မှပြောင်းတဲ့အမည်ပါ"

"ဟုတ်ကဲ့ ဆက်ပါဦး"

"မိုက်ကယ်ဂျိုင်းဂျိုး(စ်)နဲ့ ဒေးဗစ်ဆီးဟာ ဒီဇန်းကို ရိုးမားမြို့လေးမှာ ရှာတွေ့ခဲ့ပြီး သူတို့နဲ့အတူ အလုပ်လုပ်ဖို့စည်းရုံးခဲ့တယ်"

"ကျုပ်မရှင်းလို့ တစ်ခုမေးချင်တယ်"

"ဘာများလဲဒီပါ"

"ဒေးဗစ်ဆီးတို့နှစ်ယောက်ကိုအဖွဲ့တစ်ဖွဲ့က ခိုင်းစေတာလား"

"ဟုတ်ပါတယ်၊ အဲဒီအဖွဲ့အမည်က ကမ္ဘာ့အန္တရာယ်အဖွဲ့ပါ၊ သူတို့ရည်ရွယ်ချက်က ကမ္ဘာကြီးကိုအကြမ်းဖက်အဖွဲ့တွေကြီးစိုးနိုင်ရေးပါ"





"တော်တော်အကြံပက်စက်တာပဲနော်…"

"သူတို့ခေါင်းဆောင်က ရေနံသူဌေးတစ်ဦးပါ၊ ကမ္ဘာကြီးမှာ ခေါင်းဆောင်လုပ်ချင်တဲ့သူပေါ့၊ အကြမ်းဖက်အဖွဲ့တွေက ကမ္ဘာကြီးကိုခြိမ်းခြောက်နိုင်ပြီဆိုရင် သူ့ကိုတစ်ကမ္ဘာလုံးက ခေါင်းညွှတ်ရမယ့်သူဖြစ်ရမယ်လို့ယူဆထားတယ်"

"ရူးသွပ်တဲ့စိတ်ကူးပဲ"

ဆရီသွန်းက ဝင်ပြောလေသည်။

"သူဘယ်သူဆိုတာရော သိပြီလား"

"လူကိုသိခဲ့ပေမယ့် သူ့ကိုစွဲချက်တင်နိုင်တဲ့အဆင့်ထိကိုမရသေးလို့ ဒီအတိုင်းကြည့်နေရတာပါ၊ အာရပ်ခေါင်းဆောင်တွေကလည်း သူ့ကိုမျက်ခြည်မပြတ်မခံကြပါဘူး၊ ဒါပေမယ့် သူက အရမ်းကိုပိရိသေသပ်တယ်၊ သူ့လက်ထောက်ခေါင်းဆောင်တွေ (၂) ယောက် လောက်ကို မိခဲ့ဖူးတယ်၊ ထောင်ထဲမှာပဲ သေဆုံးသွားကြတယ်လေ"

"လုပ်ကြံသတ်ဖြတ်ခြင်းခံရတာလား"

"ဟုတ်တယ်၊ ဒီလူတွေသေဆုံးခဲ့ရပုံက သိပ်ကိုခေတ်မီတဲ့နည်းနဲ့ သတ်ခဲ့ကြတာ၊ ဒီဇန်းကို လေယာဉ်ပေါ်မှာ သတ်ခဲ့သလိုပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ စဉ်းစားလို့မရအောင်ဖြစ်ခဲ့ရတယ်၊ ပထမဦးဆုံးပြင်သစ်မှာ တစ်ယောက်မိခဲ့တယ်၊ အီဂျစ်လူမျိုးတစ်ဦး ဟားမွတ်လို့ခေါ်တယ်၊ သူက အီဂျစ်ပြည်ဆေးသိပ္ပံကျောင်းအုပ်ကြီးတစ်ဦးပါ၊ သူ့ကိုဖမ်းမိပြီး စစ်ကြောရေးမှာ စစ်မေးဖို့ပြင်ဆင်နေတုန်းအသတ်ခံခဲ့ရတယ်"

"ဘယ်လိုအသတ်ခံခဲ့ရတာလဲ"

"ဟားမွတ်ကိုညဘက် သူနေတဲ့အခန်းထဲက နှင်းဆီပန်းအိုးထဲက အဆိပ်ငွေ့နဲ့သေခဲ့တာပါ"

"ဟင်...နှင်းဆီပန်းအိုးထဲ ဘယ်လိုလုပ်ပြီးအဆိပ်ငွေ့က ရောက်ခဲ့တာလဲ"

"ဟားမွတ်ရဲ့တောင်းဆိုမှုကြောင့်ပဲ၊ သူက သူ့အခန်းမှာ နှင်းဆီပန်းတွေ ထားပေးဖို့တောင်းဆိုတာနဲ့ စီစဉ်ပေးလိုက်တာ"

"နှင်းဆီပန်းအိုးကို အဆိပ်ဖြစ်အောင်လုပ်သွားတဲ့ပုံစံပေါ့"

"ဟုတ်တယ်၊ သိပ်ပြီးတော်တဲ့ ဆေးပညာတစ်ရပ်ပဲဗျာ၊ သူ့ကိုယ်သူ နှုတ်ပိတ်တဲ့သဘောပါ၊ နောက်တစ်ယောက်ကတော့ တရုတ်လူမျိုး၊ ကျောက်ကျိုဝူလို့ခေါ်တယ်၊ ဒေါက်တာတစ်ဦးပါ၊ တရုတ်ပြည် ဟူနန်ဟိုင်းပြည်နယ်မှာ မိခဲ့တာ၊ သူကတော့ ဖမ်းဆီးခေါ်ဆောင်ပြီး ထောင်ထဲကိုပို့တဲ့လမ်းပေါ်မှာ သေဆုံးခဲ့တာ၊ သူက ပိုပြီးအံ့





သြဖို့ကောင်းတယ် ဆိုရမှာပဲ၊ သူ့ကြောင့် တရုတ်ရဲတပ်ဖွဲ့ဝင်(၃)ဦးပါ သေဆုံးခဲ့ရတယ်၊ ကားပေါ်မှာ သူ့ကိုတင်ဆောင်ခေါ်လာတော့ စီးကရက်သောက်ခွင့်တောင်းတယ်၊ ဘေးက အရာရှိက သူ့စီးကရက်တစ်လိပ်ကိုပေးလိုက်တော့ စီးကရက်မီးခိုးငွေ့ထဲက နှင်းဆီရနံ့တွေ ထွက်လာပြီးအဆိပ်သင့်သေခဲ့တာပဲ"

"အံ့သြဖို့ကောင်းလိုက်တာ"

"စီးကရက်ငွေ့ကိုအဆိပ်အဖြစ်ပြောင်းလဲခဲ့တဲ့ လျှို့ဝှက်ချက်ကိုဖော်ထုတ်လို့ရခဲ့လား"

"ရခဲ့ပါတယ်၊ ကျောက်ကျိုဝူရဲ့ သွားထဲက ရခဲ့တာပါ၊ ကျောက်ကျိုဝူရဲ့သွားတုတစ်ချောင်းမှာ စီးကရက်ငွေ့နဲ့ပေါင်းစပ်ပြီး ဖြစ်ပေါ်စေတဲ့နှင်းဆီအဆိပ်တစ်ခုကိုပြုလုပ်လိုက်တာပဲ"

"အရမ်းကိုတော်တဲ့နည်းပညာတွေပဲ"

"ဒီဇန်းနဲ့ပတ်သက်ပြီးဆက်ပါဦး"

"ဒီဇန်းကိုသူတို့အဖွဲ့ထဲမှာပါဝင်စေခဲ့တာကတော့ နျူကလီးယားလက်နက်တွေကိုဖွင့်ပေးဖို့ပါ၊ အကြမ်းဖက်လက်ထဲကို နျူကလီးယားလက် ်ငွေ့ ရောက်သွားရင်တော့ ကမ္ဘာကြီးဟာ အရမ်းကို ကြောက်စ ကောင်းမှာပဲ၊ ဒါပေမယ့် ဒီဇန်း ပထမတော့

www.burmeseclassic.com



သူတို့နဲ့ ပူးပေါင်းဖို့လက်ခံပြီး နောက်ပိုင်းမှာ သူဟာ အကြမ်းဖက် အလုပ်ကြီးပေါ်မှာ မသတီတာကြောင့် သူတို့နဲ့မပေါင်းဘဲရှောင်ထွက်ဖို့ ကြိုးစားခဲ့ရင်းပြင်သစ်မှာမြန်မာပြည်က ဦးမြတ်ထက်အောင်နဲ့ ရင်းနှီးခဲ့တယ်လေ၊ ဦးမြတ်ထက်အောင်ဟာ အတွေ့ကြုံတဲ့လူတစ်ယောက်ဆိုတော့ ကမ္ဘာ့အန္တရာယ်အဖွဲ့ရဲ့စည်းရုံးမှုကို ခံခဲ့ရတယ်၊ သူ့ကို ကုန်သွယ်မှုတစ်ခုမှာ နေရာပေးပြီး အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်တွေကို တာဝန်ယူပြီး လုပ်ဆောင်ပေးရတယ်"

"အဓိက လုပ်ငန်းက ဘာတွေလဲ"

"အကြမ်းဖက်အုပ်စုတွေကိုငွေကြေးနဲ့ လက်နက်ထောက်ပံ့ပေးတဲ့သဘောပေါ့"

"ကမ္ဘာ့နိုင်ငံတွေမှာ သူ့လူတွေက ရှိနေကြတဲ့သဘောပေါ့"

"ဟုတ်တယ်၊ ငွေကြေးအင်အားနဲ့ သိမ်းသွင်းခံရသူများလာတယ်လေ၊ တချို့ဆိုရင် နိုင်ငံရဲ့ ထိပ်တန်းလူတွေတောင် ပါဝင်ပတ်သက်နေတယ်"

"ကမ္ဘာကြီးအတွက် အရမ်းကို အန္တရာယ်ကြီးနေတဲ့ကိစ္စပဲ"

"ဒါကြောင့် နိုင်ငံတကာအစိုးရတွေက ပူးပေါင်းပြီးနှိမ်နင်းနိုင်ဖို့ကြိုးစားနေရတာ"





"မစ္စတာဒီဇ...းကို လုပ်ကြံခဲ့ရတဲ့ နောက်ဆုံးယူဆချက်ကို ရောသိပြီလား"

"သိပြီးပါပြီ... မ်းမိတဲ့ အီတာလျံဆီက သိခဲ့ရတာပါ၊ မစ္စတာဒီဇန်းကို သတ်ခဲ့သူက ...းမြတ်ထက်အောင်ဆိုရင် မမှားဘူး"

"ဟင်...ဘယ် ...ို"

"ဒီလို မစ္စ...ာ ဒီပါ၊ မစ္စတာ ဒီဇန်းကို မြန်မာပြည်ကနေ အိန္ဒိယမှာရိုလုံဖို့အတွက် အကူအညီပေးမယ်ဆိုပြီး ဦးမြတ်ထက်အောင်က ကတိပေးခဲ့သလိုနဲ့ ...ဘလီးယားဖော်မြူလာတွေပါတဲ့ မိုက်ခရိုဖလင်တစ်ခုကို ရွှေရောင်ဖော...င်တိန်ထဲမှာ ထည့်ပြီး ဦးမြတ်ထက်အောင်ကို အီတလီမှာတုန်းက အပ်ခဲ့တယ်၊ ဒါကို ဦးမြတ်ထက်အောင်ဟာ ပုံစံတူ ရွှေရောင်ဖောင်တိန်နဲ့လဲပေးလိုက်ပြီး မစ္စတာဒီဇန်းကို ပို့ပေးခဲ့တာပါ၊ ဒါကို မစ္စတာဒီဇန်းဟာ လေယာဉ်ပေါ်မှာ ထုတ်ကြည့်ရင်း အဆိပ်သင့်ခဲ့တာပါ"

"သူတို့က မစ္စတာ ဒီဇန်းသူတို့နဲ့လက်မတွဲတော့ဘူးဆိုတာကို သိသွားလို့ပေါ့"

"ဟုတ်တယ်၊ ဘယ်လိုလုပ်ပြီး သိခဲ့သလဲဆိုရင် သူက ဦးမြတ်ထက်အောင်ကိုယုံကြည်မှုလွန်ကဲပြီး ဖွင့်ဟတိုင်ပင်ခဲ့ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ"

"သစ္စာမဲ့တဲ့လူပဲနော်"

ရဲရင့်ဒီပါတို့အခြေအနေအားလုံးကို သဘောပေါက်လိုက်ပြီဖြစ်သည်။ ဦးမြတ်ထက်အောင်ကိုဖမ်းဆီးပေးရေးသည်တိုင်းပြည်၏ ဂုဏ်သိက္ခာကိုပြန်ပြီးဆယ်ယူရမှာဖြစ်သည်။

"ဒီက မစ္စတာရဲရင့်ဒီပါနဲ့ မစ္စတာမျိုးလေးတို့ကို အရမ်းလေးစားပါတယ်၊ ရှိုးလည်းရှိုးကျိုးပါတယ်၊ ကမ္ဘာ့အန္တရာယ်အဖွဲ့ကြီးရဲ့ အရေးပါတဲ့လူတစ်ယောက်ကိုဖမ်းပေးနိုင်တဲ့အတွက် အရမ်းကိုဂုဏ်ယူပါတယ်၊ လိုအပ်တဲ့ကိစ္စအားလုံးကို ဆက်ပြီးကူညီပါ့မယ်"

"မိုက်ကယ်ဂျိုင်းဂျိုး(စ်)ကို တစ်ခါတည်းပြန်ပြီးခေါ်သွားမှာလား"

"ဟုတ်တယ်၊ ဒီတစ်ခါတော့ အရင်လူတွေလို အဖြစ်မခံနိုင်တော့ဘူး၊ အစစအရာရာ သတိရှိစွာနဲ့ခေါ်သွားရမှာပါ၊ ဪ... မစ္စတာရဲရင့်ဒီပါ... ခင်ဗျားတို့နှစ်ယောက်အတွက် အသုံးဝင်မယ့် လက်နက်တွေပါလာတယ်၊ သွားကြည့်ရအောင်"

ဂျိုးဗင်ဂစ်(ဖ်) ခေါ်ဆောင်သောနောက်ကိုလိုက်ခဲ့ကြသည်။ အထူးခန်းတစ်ခန်းထဲရောက်တော့ စားပွဲပေါ်တွင်တင်ထား





သောသေတ္တာတစ်လုံးကိုတွေ့လိုက်ရသည်။

ဂျိုးဗင်ဂစ်(ဖ်)ကဖွင့်ပြလိုက်ပြီး သေတ္တာထဲမှ ပစ္စတိုနှစ်လက်ကိုအရင်ဆုံးထုတ်ပြလိုက်သည်။

"ဒီပစ္စတိုပဲ ကျည်ဆံပေါင်း(၃၀၀)ကျော်ထိပစ်လို့ရတယ်"

ပစ္စတိုကိုကိုင်ကြည့်တော့ သာမန်ပစ္စတိုနှင့်သိပ်ပြီးကွာခြားမှုမရှိပေ။

"ပြီးတော့ ပစ္စတိုမှာ ပစ်မှတ်ကို လေဆာရောင်ခြည်နဲ့ ချိန်ထားတဲ့အတွက် တိကျမှုအပြည့်ရှိတယ်၊ ဒီမှာကြည့်ပါ"

"ရှိုး...ဒုတ်"

သေနတ်ပစ်ကွင်းထဲမှ ပစ်မှတ်တစ်ခုကိုပစ်ပြလိုက်ခြင်းဖြစ်သည်၊ ပေါက်ကွဲမှုတစ်ခုဖြစ်တဲ့အထိ အသုံးဝင်သည်။

"သူ့ကိုတော့ အနည်းဆုံး(၃)ခါထက်ပိုပြီးသုံးလို့မရဘူး"

ဂျိုးဗင်ဂစ်(ဖ်)က ခလုတ်များကိုပြသလိုက်သည်။

"ဒါက ညကြည့်ရုံတင်မက အုတ်နံရံကို ဖောက်ထွင်းကြည့်နိုင်တဲ့ မှန်ပြောင်းတစ်လက်ပါ၊ အဝေးကို ကိုက် (၅၀၀)လောက်ထိ ဖောက်ထွင်းမြင်နိုင်တယ်"

ဆက်သွယ်ရေးစကားပြောစက်ပါသော နာရီလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျည်ကာအကျီလေးတွေပေးခဲ့ပြီး

"မစ္စတာရဲရင့်ဒီပါ၊ တကယ်လို့ရန်သူ့လက်ထဲကိုဒီသေနတ်ရောက်သွားပြီဆိုရင် ဒီခလုတ်လေးကိုနှိပ်ပြီးပေးလိုက်ပါ၊ ပစ်တာနဲ့ပေါက်ကွဲထွက်သွားမယ်"

"ကျေးဇူးတင်ပါတယ်"

ဂျိုင်းဗက်ဂစ်(ဖ်)နှင့်လက်ဆွဲနှုတ်ဆက်ပြီး အဆောက်အဦထဲမှထွက်လာခဲ့ကြတော့သည်။

"ကဲ..... ဆရီသွန်း၊ ဒီနေ့ ဘယ်မှာ တည်းခိုရမှာလဲ၊ ဌာနချုပ်ကိုပဲ သွားကြမှာလား"

"ဌာနချုပ်ကိုညနေ (၆း၀၀) နာရီမှပြန်ကြရမှာဆိုတော့ဒီနေ့မနက်ပိုင်း နယူးဒေလီမြို့မှာ သွားချင်တဲ့နေရာကို သွားလေ၊ လိုက်ပို့ပေးမယ်"

"ဘယ်လိုလဲမျိုးလေး"

"ရောက်တုန်းရောက်ခိုက် သွားကြတာပေါ့ကွာ"

ဂျိုးဗင်ဂစ်(ဖ်) ပေးလိုက်သောသေတ္တာကိုမျိုးလေးကဆွဲပြီး ဆရီသွန်းက ကားမောင်းကာ မြို့ထဲသို့ရောက်လာခဲ့တော့သည်။

"ကားတွေကရှုပ်ထွေးနေတာပဲနော်"





"တစ်နေ့တခြားတိုးပွားလာတဲ့လူဦးရေရဲ့မြင်ကွင်းတွေပေါ့"

"အရေးကြီးတာတစ်ခု လုပ်ကြရအောင်"

"ဘာလုပ်ချင်လဲ မစ္စတာမျိုးလေး"

"ဗိုက်ပြဿနာကိုဖြည့်ရအောင်"

"စိတ်ချ အကောင်းဆုံးဆိုင်ကို ပို့ပေးမယ်၊ မြန်မာအစားအစာ စားမလား၊ အိန္ဒိယအစားအစာ စားမလား"

"မြန်မာအစားအစာက စားဖူးနေကျဆိုတော့ အိန္ဒိယအစားအစာပဲ စားမယ်၊ မင်းရှေ့ ဒီပါ"

"စားချင်တာစား၊ ဗိုက်ထဲရောက်သွားရင်ပြီးတာပဲဟာ"

ကားတွေရှုပ်ထွေးနေတဲ့လမ်းပေါ်မှ မောင်းထွက်ရင်း

"ဆရီသွန်း"

"ဘာများလဲ မစ္စတာဒီပါ"

"ကျုပ်တို့နောက်မှာ ကားတစ်စီးပါလာတယ်"

"ဟင်..."

ဆရီသွန်း ကားနောက်ကြည့်မှန်မှ လှမ်းကြည့်လိုက် တော့ ပြိုင်ကားအမိုးဖွင့်လေးတစ်စီးတွင် မိန်းကလေးနှစ်ဦးမောင်းပြီး လိုက်လာသည်ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေပါလား"

"ဒါသူတို့က မရိပ်မိအောင် လုပ်ထားတဲ့ လှည့်ကွက်ပဲ၊ ဒီကားကို ပုလိပ်အထူးရုံးချုပ်ထဲက ထွက်လာကတည်းက ပါလာတာ သတိထားမိလိုက်တယ်"

"ကားမောင်းပြိုင်ပွဲလေး လုပ်ရတော့မှာပေါ့"

ဆရီသွန်း ကားစက်ရှိန်ကို မြှင့်တင်လိုက်ပြီး ကားတွေကြားမှာ ပွတ်ကာသီကာလေး ကျော်ထွက်လာခဲ့သည်။

နောက်မှ ပြိုင်ကားလေးမှာ ဟန်ဆောင်နိုင်ခြင်းမရှိတော့ဘဲ အတင်းတိုးပြီး လိုက်လာလေသည်။

"မစ္စတာဒီပါ၊ မျက်လုံးအရမ်းကောင်းတယ်၊ ခုတော့ လုံးလုံးသေချာသွားပြီ၊ တွေ့ကြသေးတာပေါ့ ၊ တက္ကသိုလ်ကားပြိုင်ပွဲမှာ ဆရီသွန်းကို ကားမောင်းဘယ်သူမှ ယှဉ်ရဲတာမဟုတ်ဘူး"

"သေချာရဲ့လားဗျာ"

"မယုံရင် စောင့်ကြည့်"

ရဲရင့်ဒီပါကတော့ ကားထဲမှာ ပါလာသော အချိုရည်ဘူးကို ဖောက်ပြီး သောက်ကာနေလေသည်။

"ဘော်ဘူ...ဘော်ဘူ..."





အဝေးဆီမှ ရထားတစ်စီး ခုတ်မောင်းလာခဲ့သည်။

ရဲရင့်ဒီပါတို့ရှေ့တွင် ရထားသံလမ်းဂိတ်က ရှိနေသဖြင့် လွတ်အောင်မောင်းဖို့တော့ မလွယ်ပေ။

"မစ္စတာဒီပါနဲ့ မစ္စတာမျိုးလေး၊ မျက်လုံးသာမှိတ်ထားပေတော့၊ နောက်ကားက ဟာမတွေ ဘယ်လောက်တော်တယ်ဆိုတာကို စမ်းသပ်ရမယ်"

"ဘော်ဘူ...ဘော်ဘူ"

ရထားမှာ သံလမ်းဂိတ်နား အနီးဆုံးကို ရောက်လာ၍ ရထားသံလမ်းကို ပိတ်မည်အပြု

"ဝူး...."

"ဟာ...ဘုရား...ဘုရား..."

မျိုးလေး မျက်လုံးကို မှိတ်ပစ်ပြီး ဘုရားတ,လိုက်လေသည်။

"ဝုန်း..."

"ဟင်..."

"သွားပြီ"

ဆရီသွန်းတို့လိုပဲ ရထားလမ်းကို ဖြတ်ပြီးကျော်ဖို့ ကြိုးစားသည့် ပြိုင်ကားလေးမှာ ရထားနှင့်တိုက်မိပြီး လွင့်စင်သွားသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်ရသည်။

"သူတို့ရဲ့ညံ့ဖျင်းမှုကြောင့် ခံရတာပဲ စိတ်မကောင်းပါဘူး"

ဆရီသွန်း ကားကိုပြန်ပြီးကွေ့မောင်းလာခဲ့တော့သည်။

"သူတို့ဘက်က အနံ့ခံတော့ကောင်းတယ်"

"နယူးဒေလီမှာ ကြာကြာနေလို့တော့ မကောင်းတော့ဘူး"

"အတွင်းသစ္စာဖောက်တွေရှိနေလို့ပါ မစ္စတာဒီပါ"

ကားလေးမှာ ခုံးကျော်တံတားပေါ်မှ မြို့ထဲသို့ ပြန်ပြီးမောင်းဝင်လာခဲ့တော့သည်။

"ကျုပ်တော့ ဦးမြတ်ထက်အောင်ကို ဖမ်းဆီးချင်နေပြီ"

"ရှင့်လိုပဲလေ၊ သူတို့ဘယ်လို စီစဉ်မလဲဆိုတာကို ဒီညနေကျရင် အားလုံးသိရမှာပါ..."

"ထမင်းစားချင်တဲ့စိတ်တောင် ပျောက်သွားတယ်"

"ပျောက်မသွားပါနဲ့ရှင်၊ ရောက်တုန်းရောက်ခိုက်လေး အိန္ဒိယအစားအစာလေးကို စားသွားလိုက်ပါဦး..."

◇◇◇◇◇◇



# အခန်း ◂◂ ၇ ▸▸

တောင်တန်းကြားတွင် စစ်ရဟတ်ယာဉ်တစ်စီး ဝဲပျံလျက်..

ထိုရဟတ်ယာဉ်ပေါ်တွင် ရဲရင့်ဒီပါ၊ မျိုးလေး၊ ဆရီသွန်းနှင့် တောလမ်းပြကန္နးဓတ ဆိုသူတို့(၄)ဦး လိုက်ပါလာလျက်..

"တီ...တီ..."

ရဟတ်ယာဉ်ပေါ်မှ ဆင်းရန် အချက်ပေးလိုက်ပြီဖြစ်သည်။

ရဲရင့်ဒီပါတို့ အားလုံး အောက်ကို ခုန်ဆင်းရန် အသင့်နေရာယူလိုက်ပြီးသည်နှင့် ရဟတ်ယာဉ်မှာ ချောင်းရေပြင်တစ်ခုပေါ်သို့ ထိုးဆင်းသွားလေသည်၊ အမြင့်ပေ (၁၀၀) လောက်အရောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



"ဆင်း..."

တစ်ယောက်ပြီးတစ်ယောက် ရဟတ်ယာဉ်ပေါ်မှ ခုန်ဆင်းခဲ့ကြသည်။

"ဝုန်း...ဝုန်း...ဝုန်း..."

ရဟတ်ယာဉ်မှာ ရဲရင့်ဒီပါတို့ကို ချပေးပြီး ပျံဝဲတက်သွားလေသည်။

ချောင်းထဲမှာတော့ ရဲရင့်ဒီပါတို့(၄)ဦး ရေစီးအတိုင်း မျောပါလျက်...

"ရှေ့နားက ကမ်းပေါ်ကိုတက်မယ်"

ကနူးတေ လှမ်းပြီးပြလိုက်သောကမ်းသို့ ကူးခတ်ပြီးလာခဲ့ကြတော့သည်။

"ရေက ရေခဲမြစ်ထဲက ရေတွေကျနေတာပဲ၊ အေးစိမ့်နေတာပဲ"

"တော်သေးတာပေါ့၊ သားရေအကျီတွေဝတ်ထားလို့"

"အန္တရာယ်ကင်းကင်း ဆင်းနိုင်တာ ဒီနေရာပဲရှိလို့ ရွေးပြီးဆင်းရတာ"

ကမ်းပေါ်ရောက်ပြီး အပေါ်မှဝတ်ထားသော ရေစိုသားရေ





အကျီတွေကို ချွတ်လိုက်တော့သည်။

"ခရီးဆက်မယ်၊ ဒီကနေ တောင်ရဲ့အရှေ့ဘက်က မှုဟာရွာကိုရောက်အောင်သွားရမယ်၊ အဲဒီမှာညအိပ်ပြီး ခရီးဆက်မယ်"

ကနူးတေရှေ့မှသွားပြီး ရဲရင့်ဒီပါတို့ နောက်မှလိုက်ခဲ့ကြသည်။ တစ်နာရီလောက်လျှောက်လာပြီးနောက် ချောက်ကမ်းပါးတစ်ခုကို ရောက်ခဲ့ကြသည်။ ရှေ့ဆက်သွားဖို့အတွက် လမ်းမရှိတော့ပေ။

"ကြိုးနဲ့ဟိုဘက်ကို ကူးရမယ်"

အသင့်ပါလာသော ကြိုးပစ်သေနတ်ကို ပြင်ဆင်ပြီး ကနူးတေ တစ်ဖက်သစ်ပင်ကိုပစ်ခတ်လိုက်သည်။

"ဗိုး...ဒုတ်..."

တစ်ဖက်သစ်ပင်တွင်စိုက်ဝင်နေသော ကြိုးကိုခိုင်မခိုင် စမ်းသပ်ပြီးသေချာတော့မှ တစ်ယောက်ချင်း ကူးခဲ့လေသည်။

"အားပါးပါး...ကျသွားရင်တော့ အရိုးတောင် ရှာလို့လွယ်မှာ မဟုတ်ဘူး"

မျိုးလေး...အောက်ကိုငုံ့ကြည့်ပြီးပြောလိုက်သည်။

"ဒီလမ်းက ခက်ခက်ခဲခဲသွားရပေမယ့် အကြမ်းဖက်တောင်



www.burmeseclassic.com

www.burmeseclassic.com



တွေဘယ်လိုမှမသိနိုင်တဲ့လမ်း"

"မဟာရွာကရောငြိမ်းချမ်းရဲ့လား"

"ဒီရွာမှာက အကြမ်းဖက်ကောင်တွေတော့ မရှိဘူး၊ သူ့ပု
ကောင်တွေတော့ရှိတယ်၊ ဒီကောင်တွေက ဓားပြတိုက်မယ်၊ ဆ
ကြေးတောင်းမယ်၊ ဒီအလုပ်ပဲလုပ်တယ်"

နေ့လည်ခင်း တခဏနားပြီးနောက် ခရီးဆက်ခဲ့ကြပြ
သည်၊ ဆရီသွန်းမှာ ရဲရင့်ဒီပါတို့နှင့် ရင်ပေါင်တန်းပြီး လိုက်လာ
သည်။

"သတိထားနော်၊ နွယ်ရှင်တွေရှိတဲ့နေရာကို ရောက်ပြ
ဓားတွေထုတ်ထား"

ရဲရင့်ဒီပါတို့အားလုံးစစ်သုံးဓားတွေထုတ်ပြီးလျှောက်လာခဲ့

"ဝိုး..."

"အား..."

"ဟင်...ဆရီသွန်း"

သစ်ပင်တစ်ပင်မှနွယ်တစ်ချောင်းပြုတ်ကျလာပြီး ဆရီသွ
ကိုရစ်ပတ်ပြီးဆွဲခေါ်သွားသည်နှင့်

"ကဲကွာ..."





"ထောက်..."

"အမေ့..."

ရဲရင့်ဒီပါ ဓားကို ဇောရှမ်းပြီး ပစ်လိုက်သောကြောင့် နွယ်ကို
ဖြတ်ပိုင်းသလိုဖြစ်သွားပြီး ပြတ်ကျလေ၏။

"ဝိ...ဝိ...ဝိ..."

"ဟာ..."

နွယ်အရှင်တွေက တစ်ခုပြီးတစ်ခု ကျလာသဖြင့် လက်များ
အောင့်လာသည်အထိ ဆက်ပြီး ခုတ်ဖြတ်နေရသည်၊ ခုတ်လေ
များလာလေဖြစ်သဖြင့် သစ်ပင်အကွယ်တစ်ခုတွင် (၄)ယောက်လုံး
န်းကွယ်နေလိုက်ရသည်။

"ဒီအတိုင်းဆိုဖြစ်သွားဖို့ခက်ပြီ"

"တခြားလမ်းမရှိဘူးလားကနူး"

"မရှိဘူးဆရီသွန်း..."

အားလုံး အကျပ်ရိုက်နေစဉ် ရဲရင့်ဒီပါ နွယ်ရှင်တွေကို
သေချာစွာကြည့်ပြီး

"ဒီမှာစောင့်နေကြ"

"မစွတာဒီပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရီသွန်းကို လက်ကလေးကာပြပြီး နွယ်တွေကြားထဲမှ ကွေ့ပတ်ရောင်ထွက်ပြီး မလွတ်သည့်နွယ်တွေကိုပိုင်းဖြတ်သည်။ နွယ်ရှင်အညီကြီးတစ်ခုနားသို့ရောက်အောင်သွားခဲ့သည်။

"ဝို...ဒုတ်...ထောက်.."

နွယ်ရှင်အညီကြီးနားရောက်တော့မှ ဓားနှင့် ပိုင်းချလိုက်သည်။

"ရှိ..."

နွယ်အပြတ်ထဲမှ သွေးရောင်သဖွယ် အရည်တွေပန်းထွက်လာပြီး တခြားနွယ်တွေပါရပ်တန့်သွားတော့သည်။

"အားလုံးလာလို့ရပြီ"

"အံ့သြစရာပဲနော်၊ အဲဒီနွယ်ကို ဖြတ်လိုက်တာနဲ့ ကျန်တဲ့နွယ်တွေပါရပ်တန့်သွားတယ်၊ ဒီနွယ်က နွယ်ဘုရင်လို့ခေါ်မှာပေါ့"

"အမှန်တော့ ဒီနွယ်တွေအားလုံးရဲ့အဓိက နေရာပဲ"

"မစ္စတာဒီပါ၊ နွယ်နဲ့ပတ်သက်ပြီး ကျွမ်းကျင်လို့တော်သေးတာပေါ့"

"နွယ်နဲ့ပတ်သက်ပြီး ခုမှတွေ့ကြုံဘူးတာပါ"

"ဟင်...ဒါဆို..ဘယ်လိုလုပ်ပြီးသိနေတာလဲ"





"တွေးပြီးကြည့်တာလေ၊ နွယ်တွေထဲမှာ ထူးခြားတဲ့ နွယ်အညီကြီးကိုတွေ့ပြီး စဉ်းစားကြည့်လိုက်တာပေါ့"

"အေးဗျာ...ခင်ဗျားစိတ်ကူးကောင်းလို့တော်သေးတာပေါ့"

နွယ်အရှင်နေရာကိုအောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့တော့သည်။

မှောင်စပျိုးရိုန်လောက်တွင်မှ ဟာရွာအနီးသို့ရောက်ခဲ့ကြသည်။

"ရွာထဲဝင်လို့ဖြစ်ပါ့မလား"

"အခြေအနေကို အရင်သွားပြီးစုံစမ်းလိုက်ဦးမယ်၊ ဒီက စောင့်နေကြ"

ကနူးတေ .... ရဲရင့်ဒီပါတို့ကို ထားခဲ့ပြီး ရွာထဲသို့ ထွက်သွားလေသည်။

"မစ္စတာဒီပါ၊ ဟို သစ်ပင်ကြီးနားက စောင့်ကြရအောင်၊ အရမ်းအေးလာပြီ"

"ဟုတ်တယ်၊ ဒီဒေသက အချမ်းဓာတ်ပိုပြီးကဲသလိုပဲနော်"

"ဒီဒေသက ရေခဲတောင်တွေနဲ့ နီးကပ်နေလို့ တစ်နှစ်ပတ်လုံးအေးတာ၊ မိုးရာသီဆိုရင် ပိုပြီးဆိုးတယ်"

သစ်ပင်အောက်တွင် သုံးယောက်သားထိုင်ကာ အအေး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ကိုရင်စည်းခံနေကြရသည်။

"ရော့...ဒါလေးသောက်လိုက်ပါလား"

ဆရာသွန်းကအိန္ဒိယထုတ်ဗိုင်အရက်ပြားလေးကိုထုတ်ပေးလိုက်သည်။

"ဒီအချမ်းဒဏ်နဲ့ ဆိုမှုးမှာတော့မဟုတ်ဘူး၊ သွေးတော့နည်းနည်းပူသွားမယ်"

"ဟုတ်တယ် လက်တွေတောင် ကျင်ပြီးထုံလာပြီ"

ရဲရင့်ဒီပါတို့ ဗိုင်ကို တစ်ယောက်တစ်ငုံစီ သောက်လိုက်မှ ခန္ဓာကိုယ်ထဲမှအချမ်းဒဏ်း သက်သာသလိုဖြစ်သွားရလေသည်။

"ဟိုမှာ ကန္နးတေပြန်လာပြီ"

"အားလုံး အိုကေတယ်၊ သွားကြမယ်ဟေ့၊ အပြင်မှာဆက်ပြီး နေရင် ကျောက်ရုပ်တွေဖြစ်သွားမယ်"

ရွာထဲဘက်သို့ခပ်သွက်သွက်လေး ထွက်လာခဲ့တော့သည်။

"ရတည်းမယ့်အိမ်က အိန္ဒိယ စစ်မှုထမ်းဟောင်းကြီးအိမ်ပဲ အဆင်ပြေတယ်"

ရွာထဲသို့ရောက်တော့အပ်ကျသံတောင် မကြားရပေ။ အအေးဒဏ်ကြောင့် လူတွေ အပြင်ကို မထွက်နိုင်ကြ။





"ဒီရွာက ဒီလိုပဲ၊ ခုချိန်ဆို အပြင်ကို အရေးတကြီးကိစ္စမရှိရင် မထွက်ကြဘူး"

"အေးဗျာ...ဒီလောက်အေးတာမျိုး တစ်ခါမှ မကြုံဖူးပါဘူး"

"ဟိုရှေ့က အိမ်ပဲ"

အိမ်ကလေးကို သေချာစွာကြည့်လိုက်တော့ ရွှံ့စေးများဖြင့် မြှုလုပ်ထားသော အိမ်ကလေးပင်ဖြစ်သည်။

"ဒေါက်...ဒေါက်..."

ကန္နးတေ တံခါးခေါက်လိုက်သည်နှင့် ချိုင်းထောက်နှင့် ဟိန္ဒူအဘိုးကြီးတစ်ဦး ထွက်လာပြီး တံခါးဖွင့်ပေးသည်။

"လာကြကွယ်"

အိမ်ထဲရောက်မှ တကယ်ပင် နွေးထွေးသွားသည်။

"အလို့...တယ်ပြီးဟုတ်ပါလားကွ"

"ဒီရွှံ့စေးတွေက အအေးဒဏ်ကို နိုင်တယ်လေ"

"ကဲကဲ...နားကြဦးဟေ့၊ မင်းတို့စားဖို့ပြင်ဆင်လိုက်ဦးမယ်"

"အဘ...ဘာမှမပြင်နဲ့တော့၊ ကျုပ်တို့ဆီမှာ စားစရာပါတယ်"

အသင့်ပါလာသော အသားညှပ်ပေါင်မုန့်တွေနှင့် အသားဘူးတွေကိုဖောက်ပြီး ညစာသုံးဆောင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညစာစားသောက်ပြီးသည်နှင့် ကိုသိန်းစီနေရာပြင်ကာ ထိုင်နေကြသည်။

စစ်ပြန်ကြီးက ပြောင်းရှည်ဆေးတံကြီးကို ရှိုက်ဖွာပြီး ရဲရင့်ဒီပါတို့ကို အဒါးရေစွေးလေးကို တိုက်လေ၏။

ခါးသက်သက်ရှိသော်လည်း ခန္ဓာကိုယ်ထဲမှာရောခေါင်းမှာပါ ကြည်လင်သွားခဲ့သည်။

"အာပါး... ကောင်းလှချည်လား၊ ဘယ်လိုလက်ဖက်ခြောက်လဲ"

"ကျုပ်တို့ဆီမှာ ဘယ်ကလက်ဖက်ခြောက် သုံးနိုင်မှာလဲ၊ ဒါဟာ တောင်ပေါ်မှာပေါက်တဲ့ ဆေးမြစ်တစ်မျိုးလေး၊ အာရုံကြောအား ကောင်းတယ်လို့ ဆေးဆရာတွေက ပြောတာပဲ၊ ကျုပ်ကတော့ ခံတွင်းတွေ့လို့သောက်နေတာပါ"

"ရွာလေးက ခုလိုညဘက်ဆို အမြဲတိတ်ဆိတ်နေတာပဲလား အဘ"

"ဟုတ်တယ်၊ အရင်နှစ်တွေက ဒီလောက်မအေးဘူး၊ ဒီနှစ်ကတော့ အရင်နှစ်တွေထက် ဆယ်ဆလောက်ပိုပြီးအေးတယ်၊ တချို့ လူကြီးတွေဆို အအေးဒဏ်ကြောင့် သေကြတာ မနည်းဘူး၊ ဒီကတည်းက ညဘက်ဆို အပြင်ဘယ်သူမှ မထွက်ရဲတော့ဘူး"





"အဘ ဟိုသူပုန်ကောင်တွေ မလာကြဘူးလား"

"ဒီခွေးမသားတွေလား၊ မလာဘဲနေပါ့မလားကွ၊ မနက်ဖြန်ဆို ဆက်ကြေးပေးရတော့မယ်"

"ဟင်... ဆက်ကြေးပေးရင် ပိုက်ဆံပေးရတာလား"

"ကောင်လေးရယ်၊ ကျုပ်တို့ရွာမှာက ပိုက်ဆံဆိုတာ အလွန်ရှားပါတယ်"

"ဒါဆို ဘာတွေပေးရတာလဲ"

"သီးနှံနဲ့ ဂျုံတွေ ပေးရတာ၊ ကိုယ့်မိသားစု စားဖို့ တောင် မနည်း ရုန်းကန်နေရတဲ့ကြားထဲ သူတို့အတွက်ပေးရတာ တစ်ခါတစ်ခါ ရွာမှာ အငတ်ဘေးတောင်ကြုံရမလို ဖြစ်နေတယ်"

"အဘတို့ ဒီအတိုင်းမနေသင့်တော့ဘူး"

"ခက်တာက ရွာကလူတွေက သေနတ်သံကြားတာနဲ့ မျက်နှာမှာ သွေးမရှိကြတော့ဘူး၊ ဒါကြောင့် ဒီကောင်တွေ လုပ်သမျှကို ခံနေရတာပေါ့"

"အဘ ဒီကောင်တွေ လူအင်အား ဘယ်လောက်ရှိလဲ"

"ဘာမှ မရှိပါဘူးကွာ၊ (၁၀)ယောက်လောက်နဲ့ ဗိုလ်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ"

"မစွတာဒီပါ"

"ဆရီသွန်း ဘာပြောချင်တယ်ဆိုတာ ကျုပ်သိတယ်၊ ဒီကောင်တွေကိုရှင်းချင်တယ်မဟုတ်လား"

"ဟုတ်တယ်၊ မနက်ဖြန်ဆိုတော့ ကျွန်မတို့အတွက် တစ်ရက်ပဲအချိန်ပေးရမှာပါ"

"ကျုပ်တို့နောက်ဆုံးအချိန်ကို ဆက်သွယ်ထားတာ(၃)ရက် လိုသေးတယ်မဟုတ်လား"

"ဟုတ်တယ်ကနူးတေ"

"ဒါဆိုတစ်ရက်လောက်အချိန်ပေးလို့ရတာပဲ"

(၄)ယောက်လုံးသဘောတူညီမှုကြောင့်ရွာကိုဒုက္ခပေးနေသောလူများကိုရှင်းလင်းရန် စီစဉ်တိုင်ပင်ကြတော့သည်။

"ဒီကောင်တွေ မြင်းနဲ့လာတာလားအဘ"

"ဟုတ်တယ်၊မြင်းတွေနဲ့လာတာ"

"ရွာထဲမှာတော့မရှင်းချင်ဘူး၊လမ်းကနေစောင့်ပြီးရှင်းချင်တယ်၊ရွာထဲမှာဆိုအန္တရာယ်များတယ်"

"အပြင်ကနေထွက်ပြီး ရှင်းတာ အကောင်းဆုံးပဲ၊ ဒီကောင်





တွေကိုရှင်းလို့ကောင်းတဲ့နေရာတစ်ခုတော့ရှိတယ်"

"မနက်ကျရင်သွားကြတာပေါ့"

"ကဲ..ဒီညတော့အိပ်ရေးဝအောင်အိပ်ပြီးမနက်ကျရင်သွေးပူလေ့ကျင့်ခန်းလေးလုပ်ကြတာပေါ့"

ရွှံ့စေးအိမ်လေးထဲတွင် အတွေးကိုယ်စီဖြင့်အိပ်စက်ကြလေသည်။

◇⊙◈◈◈◈

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ◂◂ ၈ ▸▸

နံနက်ခင်း မြူနှင်းတွေပိတ်နေပြီး တစ်ယောက်ကို တစ်ယောက် အာရုံစိုက်ပြီးကြည့်နေရသည်။

ရဲရင့်ဒီပါတို့ ရောက်ရှိနေသော နေရာက တောင်ကုန်းမြင့်လေးတစ်ခုပေါ်တွင်ဖြစ်သည်။

"ဒီအတိုင်းပစ်ခတ်ရင်တော့ရမ်းပြီးပစ်သလိုဖြစ်နေလိမ့်မယ်"

"ဒီအတွက် မပူနဲ့တော့"

စစ်ပြန်ကြီးက သစ်ခြောက်တွေကို ပွေ့ပိုက်ပြီးသယ်ခဲ့သည်။

"ဒါတွေကဘာလုပ်ဖို့လဲ"

"မီးထင်းလို့ခေါ်တယ်၊ မီးတောက်ပြီဆိုရင် တစ်ဟုန်တိုး





လောင်းတာ၊ ဒီကောင်တွေ ရောက်လာလာတဲ့ မီးထင်းကို မီးရှို့လိုက်တာနဲ့ နှင်းတွေ အရည်ပျော်ပြီး မြင်ကွင်းရှင်းသွားမယ်၊ တစ်ခုတော့ရှိတယ်၊ ဒီမီးထင်းတွေကို မီးလောင်အောင်လုပ်ဖို့ကတော့ နည်းနည်းခက်ခဲမယ်"

"ရတယ်အဘ၊ ကျုပ်တာဝန်ထား"

"ကဲ...ဒါဆို...ဟိုမှာ မီးထင်းတွေရှိတယ်၊ သွားပြီးသယ်ကြ"

မီးထင်းတွေကို လမ်းဘေးတွင် စုပုံပြီး ထားလိုက်သည်။ ပြီးမှ သေနတ်ကျည်ဆံထဲမှ ယမ်းမှုန့်များကိုဖြန့်ကြဲထားလိုက်သည်။

အားလုံးပြင်ဆင်ထားပြီးသည်နှင့် နေရာပြန်ပြီးယူထားလိုက်သည်။

"ခွပ်...ခွပ်...ခွပ်"

"လာကြပြီ...ခွေးမသားတွေ၊ ဒီကောင်တွေကိုအပြတ်ရှင်းမှဖြစ်မယ်နော်၊ နောက်တစ်ကြိမ်လှုပ်ပြီးမလာနိုင်အောင်လုပ်ထားရမယ်"

"စိတ်ချ...အဘရေ..."

မြင်းစွာသံလေးတွေက နီးလာပေမယ့် သဲသဲကွဲကွဲ ဘာမှမမြင်ရပေ။ သူပုန်တွေက လမ်းကျွမ်းနေသူတွေမို့ နှင်းထုကြားထဲမှာ မြင်းနှင့် လာနိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါထင်းပုံတွေဆီက ယမ်းဖြူးထားနေရာကို သေနတ်နှင့် ချိန်ထားကာမြင်းစွာသံတွေက အနီးဆုံးသို့ရောက်သည်နှင့်

"ဒိုင်း..."

"ဝုန်း...ဒိုင်း...ဝုန်း..."

မီးထင်းများမှာ ယမ်းကြောင့် မီးကူးသွားပြီး တစ်ဟုန်ထိုးလောင်ကျွမ်းတော့သည်။

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံတွေက ဆူညံပွက်လောရိုက်သွားပြီး သူပုန်တွေ အကာအကွယ်မဲ့စွာဖြင့် တစ်ယောက်ပြီးတစ်ယောက် ကျလေတော့သည်။

တိုက်ပွဲက သိပ်ပြီးမကြာလိုက်၊ သူပုန် (၁၀)ဦးထဲမှ (၂)ဦးသာ ဒဏ်ရာနှင့်ကျန်ပြီး ကျန်သော (၈)ဦးမှာ သေဆုံးနေလေပြီ။

"ကဲ...အဘဒီနှစ်ကောင်ကိုအဘပဲဆက်ပြီးတာဝန်ယူလိုက်တော့ ကျွန်တော်တို့ခရီးဆက်မယ်"

"ဟာကွာ...ဒီတစ်ညတော့ နေပေးပါဦး၊ ရွာကလူတွေရဲ့ ကျေးဇူးပြုပွဲလေးကို လက်ခံပေးပါ"

တစ်ရက်တည်းနှင့်မထူးတော့သဖြင့် စစ်ပြန်ကြီး၏ ဖိတ်





ခေါ်မှုကိုလက်ခံလိုက်ကြလေသည်။

မုဟာရွာလေးအတွက် သူပုန်ဘေးက လွတ်မြောက်ခဲ့သလို စစ်ပြန်ကြီးက ဇနောက်တစ်ကြိမ် သူပုန်များ ရွာထဲသို့ဝင်ရောက်ပြီး ဗိုလ်မကျနိုင်အောင် ရွာသားအားလုံးညီညီညွတ်ညွတ်ရင်ဆိုင်ဖို့ကိုပြောဆိုခဲ့သည်။

ရဲရင့်ဒီပါနှင့် မျိုးလေးက ဘေးမှပွဲကြည့်ပရိသတ် အဖြစ်နဲ့ နေပြီး ဆရာသွန်းကတော့ ရွာသားတွေအားလုံး သတ္တိရှိလာအောင် စည်းရုံးပြောဆိုသဖြင့်အားလုံးတက်ကြွစွာဖြင့် သူပုန်ရန်ကိုကာကွယ်ရန် သဘောတူခဲ့ကြသည်။

"မင်းတို့ကို ဘုရားသခင်က ငါတို့ရွာလေးအတွက် လက်ဆောင်ပေးခဲ့တာပဲဟေ့၊ ခုဆိုရင် ခွေးမသားတွေကိုပြန်ပြီးတွယ်ရဲကြပြီ...ဟားဟားဟား..."

စစ်ပြန်ကြီးအားပါးတရရယ်မောလေတော့သည်။

"ဒီကရွာသားတွေရဲ့အစွဲတစ်ခုကိုလည်း ချွတ်ပေးခဲ့ကြဦးကွာ"

"ဘာအစွဲလဲအဘ..."

"တောင်တောဘီလူးကိုပူဇော်ရတဲ့ကိစ္စလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘာယ်လိုပူဇော်ရလို့လဲ"

"အရင်ကတော့(၃)လတစ်ခါ သိုးတစ်ကောင်ကိုလည်ဖြတ်ပြီး ဆက်သရတယ်၊ အဲဒါဘာမှအဓိပ္ပာယ်မရှိဘူး"

"မဆက်သရင် ဘာဖြစ်လို့လဲ"

"ဘီလူးကိုမဆက်သတဲ့လဆိုရင်ရွာမှာ တစ်ခုခုကြုံရတာပဲ ဟိုနတ်ဆရာက အဆိုးဆုံးပဲ၊ သိုးကိုလည်လှီးပြီး ဆက်သလို့ပြီးရင် သူပဲ စားရတာ၊ကြာတော့ သိုးတွေလည်းကုန်လာပြီ၊ ဒီကြားထဲရွာက မိန်းကလေးတွေကို သူက သိဒ္ဓိတင်ပေးတယ်ဆိုပြီး သူနဲ့သွားပြီးအိပ် ရသေးတယ်"

"ဟာ... ပုဂံခေတ်က အရည်းကြီးတွေလို ပုဂ္ဂိုလ်ပါလား"

"ငါနဲ့တော့ လုံးလုံး ဆန့်ကျင်ဘက်ပဲပေ့ါ၊ ဒါကြောင့် ငါ့ကို ဒီနတ်ဆရာက သိပ်ပြီးအစာမကြေဘူး၊ သူ့လူတစ်ဝက် ငါ့လူတစ်ဝက် ဖြစ်နေတာ"

ရဲရင့်ဒီပါတို့အတွက် နောက်ထပ်အချိန် မပေးနိုင်သော ကြောင့် နတ်ဆရာ၏ လိမ်ညာမှုကို ဖော်ထုတ်ပေးနိုင်မည် မဟုတ် တော့ပေ။ ရွာသားတွေအားလုံး ပျော်ရွှင်စွာဖြင့် တီးမှုတ်ပျော်ရွှင် ကြသည်။ အရှေ့ဘက်မှနေ ထွက်လာကာ နှင်းတွေကြဲပြီး သာသာ





ယာယာလေးဖြစ်နေခဲ့ပြီ။

မျိုးလေးနှင့် ကနေးတေကတော့ ရွာသားတွေနှင့်တွဲပြီး သောက်ပွဲ ဆင်နွှဲနေသည်၊ ရဲရင့်ဒီပါကတော့ ရွာအနောက်ဘက်သို့ လျှောက်လာခဲ့သည်။

"မစ္စတာဒီပါ"

"ဪ.... ဆရိုသွန်းဘယ်ကပြန်လာတာလဲ"

"ဟိုနတ်ဆရာအိမ်ဘက်က"

"ဘာလဲသွားပြီးလေ့လာတာလား"

"ဟုတ်တယ်"

"ဘာတွေတွေ့ခဲ့ရလဲ"

"တွေ့ခဲ့တယ်၊ ဒင်းက အစွန်းရောက်တွေအတွက် သူလျှိုပဲ"

"ဘာ...ဒါဆိုကျုပ်တို့ရောက်နေတာကိုသတင်းပို့မှာသေချာတယ်"

"သိပ်ပြီးသေချာတာပေ့ါ၊ သူ့အိမ်မှာ စက်တစ်လုံးတွေ့ခဲ့တယ်"

"ပို့များ ပို့ပြီးလောက်ပြီလား မသိဘူး"

"မပို့ရသေးဘူး၊ ကျွန်မ ဝင်ပြီးကြည့်တော့ စက်က တစ်ခုခု ချို့ယွင်းလို့ပြင်နေတဲ့ပုံစံပဲ"

"သူမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး၊ ဟိုဘက်ကန်မှာ ရေချိုးနေတာ"

"ဒီလူ့ကို အချိန်မီ တားမှဖြစ်မယ်"

"ဒါကို မစွတာဒီပါနဲ့ လာပြီးတိုင်ပင်တာပါ"

"ဆရာသွန်းဒီလူ့ဆီကို သွားမယ်"

"အင်း..."

နှစ်ယောက်သား နတ်ဆရာဆီသို့ ထွက်လာခဲ့ကြသည်။

နတ်ဆရာအိမ်ရှေ့ကိုရောက်တော့ နတ်ဆရာ အိမ်ထဲမှ ထွက်လာပြီး

"သူရဲကောင်းတွေပါလား၊ ကျုပ်ဆီကိုလာကြတာနဲ့တူတယ်"

"ဟုတ်တယ်"

"ဘာကိစ္စလဲ"

"နတ်မေးချင်လို့၊ အရမ်းကို မှန်တယ်ဆို"

"ကျုပ်က ခုချိန်မဟောဘူး"

"ဘာဖြစ်လို့လဲ နတ်က ပင့်လို့မရလို့လား"

"နတ်ကပင့်လို့ရပါတယ်....ဟောချိန်မရောက်သေးလို့—"

"ခင်ဗျား မဟောနိုင်ရန် ကျုပ်တို့က ဟောပေးရမှာ ခင်ဗျားက အစွန်းရောက်အဖွဲ့ဝင်မဟုတ်လား"





"ဟာ..မဟုတ်...ပါဘူး"

"ခင်ဗျားဘာမှမညာနဲ့၊ ခင်ဗျားဘယ်သူဆိုတာ သိပြီးပြီ"

နတ်ဆရာ အခြေအနေကိုသဘောပေါက်သွားပြီး နံရံမှဓား ကိုယူဖို့ကြိုးစားလိုက်သည်နှင့်

"ဖြောင်း"

"အီး..."

ရဲရင့်ဒီပါမှ နတ်ဆရာအရှိက်ကို ကန်ချလိုက်ပြီး ဖမ်းချုပ်လိုက်သည်။

"ဟော့ကောင်..မင်းငါတို့သတင်းပို့ပြီးပြီလား...ပြောစမ်း"

"အား...ကျွတ်...ကျွတ်...မပို့...ရသေးပါဘူး၊ ဆက်သွယ်ရေး ရေဒီယိုပျက်...ပျက်နေလို့ပါ"

"ရှင်တို့စခန်းက ဘယ်နားမှာရှိလဲ"

"ဒီကနေ မျောက်တောင်နောက်ဘက်မှာရှိပါတယ်"

"အရင်က ဒီနေရာမှာ စခန်းမရှိပါဘူး"

"ခု သူတို့ အနမြူဓာတ်ပေါင်းဖိုလုပ်ပြီး လက်နက်ဆန်းတွေ လုပ်ဖို့ပြင်ဆင်နေတဲ့နေရာသစ်ပါ"

"ဘာ..."



www.burmeseclassic.com

www.burmeseclassic.com

"ဟင်..."

ရဲရင့်ဒီပါတို့ မမျှော်လင့်သော သတင်းတစ်ခုကို ကြားလိုက်ရသည်။

"ဆရာသွန်း... သူ့ကို ခင်ဗျားပဲ တာဝန်ယူပေတော့"

"ကျုပ်...ကျုပ်ကို မသတ်ပါနဲ့ဗျာ"

"ရှင့်ကို မသတ်ပါဘူး၊ အေးအေးချမ်းချမ်းရှိတဲ့နေရာကို ခေါ်သွားမှာပါ"

ဆရာသွန်းသည် နတ်ဆရာကို အနောက်ဘက်ချောက်ကမ်းပါးနားသို့ ခေါ်ဆောင်လာပြီး

"ကဲ...ရှင့်တန်ခိုးနဲ့ ခုန်ပြီးဆင်းမလား၊ ကျွန်မက ပို့ပေးရမှာလား"

"တောင်းပန်ပါတယ်ဗျာ၊ မဆင်းပါရစေနဲ့"

"စိတ်မကောင်းပါဘူး၊ ရှင်ပြုခဲ့တဲ့ ရက်စက်မှုတွေအတွက်တော့ ရှင့်အလှည့်ပြန်ပြီးရောက်ပြီလို့ မှတ်ပါ...ကဲ..."

"အား..."

ဆရာသွန်း နတ်ဆရာကို ချောက်ထဲသို့ တွန်းချလိုက်လေတော့သည်။

◈◈◈◈◈



## အခန်း ◄◄ ၉ ►►

ရဲရင့်ဒီပါတို့ ရွာကလေးကို နှုတ်ဆက်ပြီး ညနေဘက်မှာ ထပ်ပြီးခရီးဆက်ခဲ့တော့သည်။

"ခုသွားမယ့်လမ်းက မြောက်တောင်ဘက်လမ်းပဲ"

"ဒီကောင်တွေစခန်းသစ်နဲ့ ရင်ဆိုင်ရတော့မှာပေါ့"

"သေချာသလောက်ပဲ"

"ဘယ်လိုလုပ်မလဲ မစ္စတာဒီပါ"

"နောက်တန်းဌာနချုပ်ကို သတင်းပို့ရင်ကောင်းမယ်၊

သစ္စာမွန်စာပေ
www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့သွားရမှာက ဒီပစ်မှတ်မဟုတ်ဘူး"

"ဒါဖြင့် ဆက်သွယ်ရေးရေဒီယိုနဲ့ သတင်းပို့"

ဆရီသွန်း ဆက်သွယ်ရေးရေဒီယိုဖြင့် ဌာနချုပ်ကို သတင်း
ပြီးဆက်လုပ်ရမည့်တာဝန်ကိုမေးလေသည်။

"ဆရီသွန်း ဘာတဲ့လဲ"

"ဒီစခန်းကိုရှောင်ပြီး သွားရမယ်"

"ဟာ...ဒါဆိုရင်တော့ ခရီးက ပိုပြီးကြမ်းမယ်၊ ပြီးတော
ဟိုလူရိုင်းနယ်မြေထဲကဖြတ်ရမှာ"

"ဘာ...လူရိုင်းနယ်မြေထဲက ဟုတ်လား"

"ဟုတ်တယ်၊ သိပ်ပြီး ကြောက်ဖို့ကောင်းတဲ့ကောင်တွေ
အာဖရိက လူရိုင်းတွေလားမှတ်ရတယ်၊ လူသားကိုဟိုကအစိမ်းစား
တာ၊ ဒီကောင်တွေက မီးကင်ပြီးစားကြတာလေ၊ လူတွေတာနဲ့ ဘီလူး
သရဲကိုစီးနေကြတာ"

"ဟူး..."

"မဖြစ်မနေ သွားရမှာဆိုတော့ရင်ဆိုင်ဖို့ပဲရှိတယ်ကန္နားတော"

"ဒါဆို သွားကြမယ်၊ ရှေ့မိုင်ဝက်လောက်ရောက်ရင် ချောင်း
အတိုင်းသွားရမှာပဲ"





"ချောင်းအတိုင်းဆိုရင် ဘယ်လိုသွားမလဲ"

"ဖောင်လုပ်ပြီး သွားရမယ်"

"သတ်မှတ်ရက်ကိုရောက်ပါ့မလား"

"လမ်းမှာအန္တရာယ်မကြုံဘူး၊ ဟိုအရိုင်းကောင်တွေအနှောက်
အယှက်လွတ်မယ်ဆိုရင်တော့ သတ်မှတ်ချိန်အတိုင်းရောက်မှာပေါ့"

ခရီးဆက်ပြီး ထွက်လာကြရင်း ချောင်းဆီသို့ ရောက်ကာ
ဝါးဖောင်တစ်ခုကိုပြုလုပ်ကာ ချောင်းအတိုင်းမျှောလာခဲ့ကြ၏။

ချောင်းတစ်ဖက်ကမ်းဆီမှ ကျေးငှက်သံတွေက သာယာ
နာပျော်ဖွယ်ကောင်းစွာ ကြားနေရလေသည်။

"တီ...တီ...တီ...တူ...တူး"

"ဟင်...ဘာသံတွေလဲ"

"ငှက်သံလိုလိုပဲနော်"

"ဒါ...ဟိုအရိုင်းကောင်တွေ အချက်ပေးသံပဲ"

ချောင်းထဲမှ ခရီးအတော်လေးကိုရောက်ချိန်တွင် စတင်ပြီး
ကြားလိုက်ရသော အန္တရာယ်အသံတစ်ခုပင်...

"အားလုံးသတိထားကြဟေ့"

ဖောင်ကိုရေလယ်ဘက်သို့ပြောင်းပြီးမျှောလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး...ဝိုး...ဒုတ်...ဒုတ်..."

"ဟင်...ဟာ..."

ဝါးဖောင်ဆီသို့ မြားတံတွေ အစုလိုက်အပြုံလိုက် ရောက်လာသဖြင့် ကမ်းဘက်ဆီသို့သေနတ်နှင့်ပစ်ခတ်လိုက်ရသည်။

"ဒိုင်း..ဒိုင်း...ဝုန်း..."

သေနတ်အပြင် မိုင်းဗုံးတွေပါမဖြစ်နေအသုံးပြုလိုက်တော့မှ ကမ်းဘက်ဆီမှမြားပစ်ခတ်မှုရပ်တန့်သွားသည်။

ရဲရင့်ဒီပါ ဖောင်တွင်စိုက်နေသော မြားတံလေးတွေကို ကြည့်၍

"လုပ်ထားတဲ့ပုံစံကတော့ မဆိုးဘူး၊ လက်ရာမြောက်သားပဲ၊ ခပ်တုံးတုံးလူရိုင်းတွေ မဟုတ်ဘူးဗျ"

"ဟုတ်တယ်၊ သူတို့အုပ်စုတွေက အမြင်တော့ကျယ်တယ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွေတောင် လုပ်ထားတယ်"

"ဒါနဲ့များ ဘာလို့လူသားကိုစားကြရတာလဲ"

"ဒါတော့ မပြောတတ်ဘူး"

"လူသား...ကောင်းလို့နေမှာပေါ့ဗျာ၊ ဟားဟားဟား..."

မျိုးလေးက နောက်ပြောင်ရယ်မောပြီးပြောလေသည်။





"ကျုပ်စိတ်ထဲမှာ ဒီလူရိုင်းကောင်တွေကို သံသယဖြစ်တယ်"

"ဟင်...မစ္စတာဒီပါကဘာယ်လိုသံသယဖြစ်တာလဲ"

"သူတို့ဟာ သိပ်ပြီး ရိုင်းစိုင်းတဲ့ လူရိုင်းအမျိုးအနွယ်တွေတော့ မဟုတ်လောက်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီနယ်မြေဟာ အရမ်းကိုခေါင်တဲ့နယ်မြေ အဆင့်မျိုးမဟုတ်သေးဘူး၊ တစ်ခုခု ဆက်စပ်ချက်ရှိရမယ်"

အချိန်က မှောင်စပျိုးလာပြီဖြစ်သဖြင့် ဖောင်လေးပေါ်တွင် အားလုံးသတိနဲ့လိုက်ပါလာခဲ့ကြသည်။

"ကနေ့တော ခင်ဗျားဒီကောင်တွေနယ်ကိုရောက်ဘူးလား"

"ရောက်ဘူးပါတယ် မစ္စတာဒီပါ"

"ရောက်ခဲ့တာ ကြာပြီလား"

"မကြာသေးပါဘူး၊ (၃)နှစ်လောက်ပဲရှိသေးတယ်"

"မုဆိုးအနေနဲ့လား"

"မဟုတ်ဘူး၊ ရေနံရှာဖွေတဲ့အဖွဲ့ကို လမ်းပြအဖြစ်နဲ့လိုက်ခဲ့တုန်းကပါ"

"ခင်ဗျားအတွေ့အကြုံလေးကိုပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းကိုပြန်ပြီးပြောရင် ခုထိကြက်သီးထတယ်ဗျာ၊ ကျုပ်လည်း ဒီလမ်းကြောင်းကို သွားဘူးပါတယ်၊ တစ်ခါမှ အရိုင်းအုပ်စုကို မတွေ့ခဲ့ဘူး၊ သူတို့လမ်းပြငှားပြီး သွားတော့မှ ဘယ်ကနေပေါ်လာလဲမသိပါဘူးဗျာ၊ ဒီနယ်ကိုရောက်တာ အားလုံးအဖမ်းခံခဲ့ရတယ်၊ ပထမတော့ လူရိုင်းရိုးရိုးတွေပဲထင်ပြီး နေခဲ့တာ၊ နောက်တော့ တကယ့်ကို ကြောက်စရာကောင်းတဲ့ လူတွေဖြစ်နေတာတွေ့ရတာပဲ"

"ရှင်တို့က ဘယ်နှစ်ယောက်သွားတာလဲ"

"အားလုံး စုစုပေါင်း (၆)ယောက်လေ၊ မိန်းကလေး(၂)ဦး ယောက်ျားလေးက ကျုပ်အပါအဝင် (၄)ယောက်"

"လက်နက်တွေမပါဘူးလား"

"ပါတယ်... ရိုးရိုးရိုင်ဖယ်သေနတ်နဲ့ ပစ္စတိုပဲပါတယ်"

"ရှင်တို့ဘယ်လိုကြောင့်အဖမ်းခံခဲ့ရတာလဲ"

"ညဘက် စခန်းချပြီးနေတုန်း ဝိုင်းပြီးဖမ်းကြတာ"

"ဆက်ပါဦး၊ သူတို့ရှင်တို့ကို ဖမ်းပြီးဘာလုပ်လဲ"

"ဖမ်းပြီးတစ်ရက် နှစ်ရက်လောက်ကတော့ ဘာမှမလုပ်ဘူး သစ်သားတိုင်တွေနဲ့လုပ်ထားတဲ့အချုပ်ခန်းထဲမှာ ထည့်ထားတယ်"





"အစားအသောက်ရော ကျွေးသေးလား"

"တစ်ခုတော့ ထူးဆန်းတယ်၊ ဒီလူရိုင်းတွေက ဂျုံတွေ ဘာတွေလုပ်တတ်တယ်နဲ့တူတယ်၊ ဂျုံနဲ့လုပ်ထားတဲ့မုန့်အလုံးတွေကို စားရတယ်၊ (၃)ရက်မြောက်နေ့ရောက်တော့မှပဲ သေမင်းနှုတ်ခမ်းဝကိုရောက်တော့တာပဲဗျာ၊ ပထမဆုံး အဖွဲ့ထဲက မိန်းကလေးတစ်ဦးကိုခေါ်ထုတ်ပြီး သတ်ဖြတ်လိုက်တယ်၊ ပြီးတော့ အလောင်းကိုမီးဖုတ်ပြီး အားရပါးရ စားကြတော့တာပဲဗျာ၊ ဒီလိုနဲ့ ကျုပ်တို့အဖွဲ့ထဲက (၃)ယောက်မြောက်သေတော့မှ အချုပ်ကိုဖောက်ပြီးပြေးခဲ့ကြရတာ၊ (၃)ယောက်လုံးတော့ မလွတ်ခဲ့ပါဘူး၊ တစ်ယောက်က သူတို့လက်ချက်နဲ့ပဲ လမ်းမှာသေဆုံးခဲ့တယ်၊ ကျုပ်ရယ်၊ နိုင်ငံခြားသား တစ်ယောက်သာ မြို့ကိုပြန်ရောက်ခဲ့တာ"

"ခင်ဗျားပြောတဲ့စကားအရဆိုရင် လူရိုင်းအစစ်တွေမဟုတ်ဘူး"

"ဟင်..."

"ဟာ..."

"ဘယ်လိုလူတွေလဲမစ္စတာဒီပါ"

"လူရိုင်းယောင်ဆောင်ပြီးနေတဲ့အဖွဲ့တစ်ဖွဲ့ပဲဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား၊ ကျုပ်က မျက်မြင်တွေ့ခဲ့တာနော်"

"သေချာသလောက်ရှိပါတယ်၊ ခင်ဗျားပြောတဲ့စကားအရော သူတို့သုံးတဲ့လက်နက်တွေရော၊ လူရိုင်းတွေသုံးတဲ့လက်နက်မျိုးနဲ့ တူနေတာပဲရှိတယ်၊ အစစ်တွေမဟုတ်ဘူး။ မြားတွေက တစ်ချောင်းချင်းလုပ်ထားတာ မဟုတ်ဘူး၊ စက်နဲ့ ပုံထုတ်ပြီး ထုတ်လုပ်ထားတာလေ"

ရဲရင့်ဒီပါစကားကြောင့် အားလုံးအံ့အားသင့်သွားကြလေသည်။

"ပထမဆုံးထူးခြားချက်က အရှက်ပေးသံက ပါးစပ်နဲ့အော်တဲ့အသံမျိုးမဟုတ်ဘူး၊ တူရိယာတစ်ခုခုက ထွက်တဲ့အသံမျိုး"

ထိုအချိန်တွင် ကမ်းတစ်ဖက်ဆီမှ ရေသံလိုလိုကို ရဲရင့်ဒီပါ ကြားလိုက်ရသည်။

"အားလုံး လက်နက်တွေပြင်ထားတော့၊ မျိုးလေး...မီးကျည်ကိုပါ တစ်ပါတည်းပြင်ထား"

ရဲရင့်ဒီပါတို့သည် အသင့်အနေအထားပြုလုပ်ပြီး ရေသံကို နားစွင့်နေလေတော့သည်။

"ဝီ....တူ"





"မီးကျည်ကိုဖောက်တော့"

"ဖောက်..."

မျိုးလေး မီးကျည်ကို ဖောက်လိုက်သည်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားပြီး ကမ်းနံဘေးမှ လှေတို့ဖြင့်လာနေသော အရိုင်းကောင်တွေကို တွေ့မြင်လိုက်ရတော့သည်။

"ပစ်..."

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံတွေ ဆူညံပွက်လောရိုက်သွားပြီး အော်ဟစ်သံများ၊ ညာသံပေးသံများပါပေါ်ထွက်လာသည်။ ဒါပေမယ့် ရဲရင့်ဒီပါတို့၏ စနစ်တကျ ပစ်ခတ်မှုကြောင့် အရိုင်းကောင်များမှာ ဖောင်နားသို့ မကပ်နိုင်၊ အတင်းအထပ်ထပ်ကြိုးစားပြီးကပ်ပေမယ့် မရပေ။

"ကမ်းကိုမီးမြှက်လိုက်ရင်ကောင်းမယ်"

"ဟာ... မလုပ်ပါနဲ့ ကနူးတော၊ တောမီးကူးစက်သွားရင် မကောင်းဘူး၊ ဒီကောင်တွေ ကပ်လို့မရနိုင်ပါဘူး"

တစ်နာရီနီးပါးလောက်တိုက်ပွဲမှာ ပြင်းထန်ခဲ့ပေမယ့်အရိုင်းကောင်တွေလက်လျှော့ပြီးတပ်ပြန်ဆုတ်သွားသည်။

"ဟူး... တကယ့်ကောင်တွေပဲဟေ့၊ အသေခံပြီးများ



www.burmeseclassic.com

www.burmeseclassic.com



ကပ်တယ်လို့"

"သာမန်လူတွေဆိုရင်မြားလုံကိုင်ပြီးသေနတ်ကိုရင်ဆိုင်ရဲမှာမဟုတ်ဘူး၊ ဒီကောင်တွေကတော့ အရှိန်းစိတ်ပေါက်နေလို့သာဘာအသိဉာဏ်မှမရှိဘဲကပ်ခဲ့ကြတာပေါ့"

"ဒီကောင်တွေ အသိဉာဏ်ကင်းမဲ့တာက သေချာတယ် ကနူးတေ ခုလိုဖြစ်အောင် စိတ်ကြွဆေးတွေတိုက်ထားတဲ့ပုံပဲ"

"ဟင်..."

"ကျုပ်ပြောတဲ့စကားတွေကို ခင်ဗျား သိပ်ပြီးယုံကြည်မှာမဟုတ်ဘူး၊ သေချာတဲ့အဖြေပေးဖို့ ကျုပ်ဘက်မှာ သက်သေပြစရာမရှိသေးဘူး၊ဒါပေမယ့် လွဲခဲတဲ့ကိစ္စတစ်ခုပါ"

"ဒီညတော့အိပ်လို့ဖြစ်ပုံမလား၊ဖောင်လေးပေါ်မှာ ဇိမ်ခံပြီးတောင် မစီးရတဲ့ဘဝပါလားဟေ့"

"မအိပ်လို့တော့မရဘူး၊ အလှည့်ကျအိပ်ပေါ့၊ နှစ်ယောက်တစ်တွဲအိပ်မယ်၊ မင်းနဲ့ကနူးတေ အရင်အိပ်၊ ငါနဲ့ ဆရီသွန်း အရင်စောင့်မယ်၊ ကနူးတေ"

"ပြောပါဒီပါ"

"ဖောင်ကိုဘယ်ထိဆက်ပြီးမျောရမှာလဲ"





"မနက်မိုးလင်းမှကမ်းအခြေအနေကိုကြည့်ပြီးကပ်မယ်ဗျာ"

"ကောင်းပြီ... အိပ်၊ နားကြ"

ကောင်းကင်ထက်က ကြယ်စင်အလင်းကလေးများနှင့် ဖောင်ဖွဲ့လေးကိုမျောလာခဲ့ကြ၏။

◇◇◇◇◇◇

www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းငွေ့ငွေ့လေး ကျနေတဲ့ နံနက်ခင်းကို စောင့်

အားလုံးဖောင်ပေါ်မှာရှိနေကြလေပြီ။

"ကျေးရူးရှင်တွေ နောက်ထပ် ဒုက္ခမပေးလို့ အိပ်

အောင် အိပ်လိုက်ရတယ်"

"ဒီကောင်တွေလက်လျှော့မှာတော့မဟုတ်ဘူး၊ တစ်

တစ်ဖုံတော့ဒုက္ခပေးမှာသေချာတယ်"

"ရေနွားမှာ ကမ်းကပ်ရင်ကောင်းမယ်၊ ဒီကနေ ခြေ

ခရီးဆက်ရမယ်၊ ရေ့ဆိုရေတံခွန်ချောက်ကိုရောက်ပြီ"

ဖောင်ကိုကမ်းသို့ကပ်ပြီးကမ်းပေါ်သို့တက်ခဲ့ကြလေသ

"ကနူးတော၊ ကျုပ်တို့ ဒီကောင်တွေ နယ်နိမိတ်ထဲက

လောက်ပြီလား"





"မစွတာ၊ မျိုးလေး၊ မလွတ်သေးဘူးဗျ၊ ရှေ့က တောင်ကြော

ကိုကျော်ပြီးမှလှုပ်မှာ"

တောလမ်းအတိုင်းခရီးဆက်ခဲ့ကြရင်း

"ဟင်.."

"ဟာ..."

မထင်မှတ်သောမီးခိုးလုံးကြီးထွက်ပေါ်လာသောကြောင့်

"အဟွတ်...အဟွတ်"

အားလုံး မွန်းကျပ်သွားကြတော့သည်။ တစ်ယောက်ကို

တစ်ယောက်မမြင်ကြရတော့ပေ။

"ဒီပါ"

"မျိုးလေး... သတိထား...အဟွတ်"

ရဲရင့်ဒီပါ မီးခိုးငွေ့ကို မရှူမိအောင် ကြိုးစားပြီး အပြင်ကို

ရအောင်ထွက်ခဲ့၏။ အားလုံးလူစုကွဲသလိုဖြစ်သွားပြီဖြစ်သည်။

ရဲရင့်ဒီပါ အနိမ့်ဘက်ကုန်းပေါ်မှဆင်းရင်း အောက်သို့ ဟန်

ချက်ပျက်ပြီး လိမ့်ဆင်းသွား၏။ သူ ကျသွားသောနေရာမှာ ချောက်

ကမ်းပါးသဖွယ်ဖြစ်နေသောကြောင့်လက်ကိုတွေ့တဲ့နေရာတစ်ခုကို

ဆုပ်ကိုင်လိုက်ရာ နွယ်သစ်ပင်တစ်ခုကို ဆုပ်ကိုင်မိလျက်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး..."

အားတင်းပြီးအပေါ်သို့ရအောင်ပြန်ပြီးတက်ခဲ့သည်။ အပေါ်ဘက်မှအသံတချို့ကိုကြားရသောကြောင့် ဘေးဘက်ရှိချောက်နံရံကိုကျောနှင့်ကပ်ပြီးနေလိုက်သည်။

"ချောက်ထဲကျလို့ သေလောက်ပြီ၊ ဟိုကောင် (၂)ကောင်ကိုပဲခေါ်ခဲ့..သွားမယ်"

"ဟင်..."

သူတို့ပြောနေသောစကားမှာ ဟိန္ဒူစကားတွေဖြစ်သည်။

အပေါ်ဘက်မှခြေသံတွေ လုံးလုံးပျောက်ကွယ်သွားတော့မှ အပေါ်သို့ရောက်အောင်ပြန်ပြီးတက်ခဲ့သည်။

အပေါ်သို့ရောက်တော့ ချိုင်းကြားမှ သေနတ်ကို စစ်ကြည့်တော့ပြုတ်မကျသဖြင့် တော်သေးသည်။ ခဏမျှသစ်ပင်ခြေရင်းတွင်ထိုင်ပြီးအမောဖြေနေစဉ်

"ဒီပါ.."

"ဟင်... ဆရီသွန်း"

ချုံကွယ်မှထွက်လာသော ဆရီသွန်းကိုတွေ့လိုက်ရသည်။

"ကန္နားတေနဲ့ မျိုးလေးကိုလူရိုင်းတွေဖမ်းသွားပြီ"





"ဒီကောင်တွေ လူရိုင်းမဟုတ်ဘူး၊ ဟိန္ဒူစကားပြောတယ်"

"ဟုတ်တယ်....ကျွန်မလည်းကြားလိုက်တယ်"

"မင်း...မေ့ဆေးငွေ့မရှူမိဘူးလား"

"မရှူမိအောင် လုပ်ခဲ့ရတာပေါ့၊ ကျောင်းသူဘဝတုန်းက ရေငုပ်ခဲ့ရတဲ့အကျိုးကျေးဇူးတွေပဲလေ၊ ကျွန်မတို့ဘာဆက်လုပ်မလဲ"

"သူတို့ကိုရအောင်ပြန်ကယ်ရမယ်၊ မင်းမှာ လက်နက်တွေရှိသေးလား"

"ရှိတယ်.. ချုံထဲမှာ အိတ်ပါထားခဲ့တာ"

ရဲရင့်ဒီပါသည် လက်နက်အိတ်ကို ပခုံးပေါ်တင်ပြီး လူရိုင်းအတုတွေနောက်ကို ခြေရာခံပြီးလိုက်ခဲ့ကြလေသည်။

"ဒီလူတွေ ဘာအကြံအစည်နဲ့များ လူရိုင်းယောင်ဆောင်နေတာလဲမသိဘူး"

"အကြံအစည်တစ်ခုခုတော့ရှိမှာပဲ"

"လူသားစားတာရော ဟုတ်ရဲ့လားမသိဘူး"

"ဖြစ်နိုင်ပါတယ်၊ လူစိတ်ပျောက်တဲ့ မူးယစ်ဆေးဝါးတွေကို သုံးစွဲခိုင်းပြီးစားခိုင်းတာဖြစ်မှာပေါ့"

"သူတို့နောက်မှာ ကြိုးကိုင်တဲ့သူရှိနေတာသေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာသလောက်ပဲ"

ရဲရင့်ဒီပါကို ခြေရာခံပြီးလိုက်ခဲ့ကြရင်း

"ဟို...ဟိုမှာ..."

အဝေးချိုင့်ဝှမ်းကြီးအောက်တွင် လူရိုင်းကျေးရွာလေး သဖွယ်ပြုလုပ်ထားတာကိုတွေ့မြင်ရလေသည်။

ကုန်းမြင့်ထက်မှ အောက်သို့နွယ်တွေကို အားပြုပြီး ဆင်းခဲ့ကြရတော့သည်။

လူရိုင်းစခန်းနှင့်အနီးဆုံးနေရာတွင် နေပြီး အခြေအနေကို အကဲခတ်လျက်...

"ဝေး...ဝါး..."

"ဒုံး...ဒုံး...ဒုံး..."

လူရိုင်းအတုတွေက အော်ဟစ်ကခုန်နေကြလျက်

"ဟို...ဟိုမှာ...ကနူးတောနဲ့မျိုးလေး"

ဝိုင်ကြီးတစ်ခုတွင်ကြိုးတုပ်ပြီး ချည်နှောင်ထားပေမယ့် နှစ်ယောက်လုံးသတိမရကြသေးပေ။ လူရိုင်းတစ်ယောက်က ရေပုံးကို ဆွဲလာပြီး မျိုးလေးကို အရင်ခေါင်းမှလောင်းချလိုက်သည်။

ဒီပါ...ဟိုလူကိုကြည့်စမ်း"





ပြောက်ကျားဝတ်စုံနှင့်ခါးတွင် ပစ္စတိုထိုးထားသော အိန္ဒိယ အမျိုးတစ်ဦးကိုတွေ့လိုက်ရသည်။

"သူ့ကိုကျွန်မ တွေ့ဘူးသလိုပဲ၊ ဟာ..ဟုတ်ပြီ၊ တမူဒါဆိုတဲ့ သိန်းဘုရင်ပဲ၊ ထောင်ဖောက်ပြီး လွတ်သွားတာကြာပြီ၊ အစွန်းရောက် တောင်တွေကို ဘိန်းနဲ့ ဘဏ္ဍာငွေရှာပေးနေတဲ့လူပဲဒီပါ"

"အကြမ်းဖက် အဖွဲ့ဝင်ပေါ့"

"အဖွဲ့ဝင်အဆင့်တောင် မကဘူး၊ ထိပ်တန်းခေါင်းဆောင် အဆင့်မှာရှိတယ်၊ သူ့ကို ထောင်ထဲက ရအောင် ကယ်သွားတယ်ဆို တော့ သူ့အဆင့်က မသေးလှဘူး"

မျိုးလေးကို လူရိုင်းအတုနှစ်ယောက်က ခေါ်သွားပြီး တဲ တစ်လုံးထဲသို့ဝင်သွားသည်။

"ဆရီသွန်းမင်းရှေ့ပေါက်က စောင့်နေ၊ ငါအထဲကိုရအောင် ဝင်ပြီး ဒို့လူနှစ်ယောက်ကိုရအောင်ကယ်ထုတ်ခဲ့မယ်"

"ကောင်းပြီဒီပါ..."

ဆရီသွန်းကိုထားခဲ့ပြီးရဲရင့်ဒီပါ တဲတွေနောက်ကနေ အလစ် အငိုက်ဖမ်းပြီး ဝင်ခဲ့သည်။ တဲနားတွင် လက်ပစ်ဗုံးဖြင့်ခိုင်းထောင်ပြီး မျိုးလေးကိုခေါ်ဆောင်သွားသည့်တဲနားသို့ချဉ်းကပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်...မင်းမြန်မာပြည်ကလွှတ်လိုက်တဲ့စုံထောက်မဟုတ်လား"

"မဟုတ်ဘူး...မဟုတ်ဘူး..... ငါတို့က သုတေသနလုပ်ဖို့တောထဲကိုလေ့လာရေးလာခဲ့တာ"

"ဟားဟားဟား....မင်းညာလို့ရမယ်ထင်နေလား၊ မင်းတို့အိန္ဒိယပြည်ထဲ စပြီးရောက်ကတည်းက သတင်းကရပြီးသား ဟိုကောင်မ ဆရီသွန်းနဲ့လာခဲ့တာမဟုတ်လား"

"ဟုတ်တယ်..ဗျာ"

"မင်းတို့လာရင်းကိစ္စက ဘာလဲ"

"ကျုပ်တို့လူကိုလာပြီးဖမ်းတာ"

"ဦးမြတ်ထက်အောင်လား"

"ဟုတ်တယ်"

"ဟားဟားဟား....တကယ့်ကိုအံ့ဩဖို့ကောင်းတဲ့ရူးသွပ်မှု တစ်ခုပဲ၊ မင်းတို့မြန်မာနယ်နိမိတ်မဟုတ်ဘူးကွ၊ ဖမ်းချင်တိုင်းဖမ်းလို့ ရမလား"

"ရအောင်ပြန်ပြီးခေါ်မယ်"

"ဘာကွ... သိပ်ပြီး ကြီးကျယ်မနေနဲ့၊ အခြေအနေကိုကြည့်





လေ့လာလိုက်ဦး၊ သေမင်းခံတွင်းဝမှာ ရောက်နေပြီ၊ ညကျရင် မင်းအသားကိုဟိုကောင်တွေကျွေးရမယ်"

တမှုဒါ...မျိုးလေးမျက်နှာကိုကြည့်ပြီး

"ဟော့ကောင်တွေ၊ ဒီကောင့်ကိုရှင်းဖို့ပြင်ထား..ရာဂျူး"

"ဆရာ ပြောပါ"

"မင်းကောင်တွေကိုဆေးတိုက်ပြီးဒီကောင့်အသားကိုစား နိုင်းလိုက်"

"စိတ်ချ..ဆရာ"

"မနေ့က လက်နက်တွေပို့လိုက်တာသိမ်းဆည်းပြီးပြီလား ရာဂျူး"

"သိမ်းဆည်းပြီးပါပြီ၊ ရှေ့ကတဲမှာ"

"ဒီလက်နက်တွေကိုဂရုစိုက်နော်၊ အဲဒါအဖွဲ့အတွက် အရေး ကြီးတဲ့ယမ်းတွေပဲ၊ အိန္ဒိယမြို့တွေကိုအသေခံဖောက်ခွဲရေးတွေလုပ် ဖို့ငါသွားမယ်၊ မနက်ဖြန်လောက်မှပြန်လာခဲ့မယ်"

"ဆရာ...ဟိုတစ်ကောင်ရော.."

"ဆက်ပြီးသာ ရှင်းလိုက်....၊ သွားပြီကွာ၊ ပျောက်နေတဲ့ ဟိုကောင်မကိုရအောင်ရှာခဲ့ကြ"



www.burmeseclassic.com

www.burmeseclassic.com

"တောနင်းပြီးရှာမယ်ဆရာ"

တမှုဒါထွက်သွားပြီးမျိုးလေးကိုအခန်းထဲမှာတိုင်တွင်ကြိုးဖြင့်ချည်နှောင်ထားကာ

"မင်းကို အရင်သတ်ရမှာဆိုတော့ ခဏလေးနေခဲ့ကွာ၊ ငါ့အတွက် အရေးကြီးတာလုပ်လိုက်ဦးမယ်"

ရာဂျူး အိတ်ထဲမှ ဘိန်းဖြူမှုန့်ကို ထုတ်ပြီးဆေးထိုးအပ်နှင့်ထိုးသွင်းရန်လုပ်နေလေသည်။ တဲထဲတွင်ရာဂျူးမှလွဲပြီးဘယ်သူမှမရှိကြတော့ပေ။ ရဲရင့်ဒီပါပြတင်းပေါက်မှကျော်၍အထဲကိုဝင်လိုက်သည်။

"ဟင်...မင်း...မင်း..."

ရဲရင့်ဒီပါ ... ရာဂျူးကို စကားပြောချိန်မပေးတော့ပေ။ တစ်ချက်တည်းနှင့် သိပ်လိုက်သည်။

"ဒီပါ... ဟူး...တော်ပါသေးရဲ့ကွာ"

"အချိန်မရှိဘူးပြန်ထွက်မယ်"

"နေဦး...ဟိုမှာငါတို့လက်နက်အိတ်ကွ"

မျိုးလေး ... ချိတ်ဆွဲထားသော လက်နက်အိတ်ကို ဖြုတ်ယူပြီးတဲပြတင်းပေါက်မှထွက်ခဲ့သည်။

"မျိုးလေး... မင်း...ဟိုလက်နက်တဲကို ဒီကနေလှမ်းပြီး ပစ်





လိုက်လေ"

"သေနတ်နဲ့ပစ်ရင် ပေါက်ကွဲပါ့မလား"

"မင်းကတော့ ရူးပြန်ပြီ၊ မင်းသေနတ်မှာ ရောင်ခြည်တန်းပါတယ်လေကွာ"

"ဟာ...ဆောရီးကွာ.."

"မင်း...ပစ်ပြီးတာနဲ့ ငါကနူးတောကိုဝင်ပြီးကယ်မယ်"

"စိတ်ချ"

"ပစ်တော့"

"ရှိ..."

"ဝုန်း..."

မျိုးလေးပစ်လိုက်သောရောင်ခြည်တန်းနှင့်အတူပေါက်ကွဲသံကြီးမှာ ကြောက်မက်ဖွယ်ရာကောင်းလောက်အောင် ပေါ်လာခဲ့တော့သည်။

ထိုပေါက်ကွဲသံကြီးနှင့်အတူစခန်းတစ်ခုလုံးရှုပ်ထွေးသွားသည်။

"ဒိုင်း...ဒိုင်း...ဒက်...ဒက်.."

ဆရိုသွန်းက အပြင်ဘက်မှ လှမ်းပြီးပစ်ခတ်သလို မျိုးလေးကလည်းဆက်တိုက်ပင်ပစ်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါ...ကန္နးတေနားသို့ရောက်ပြီး

"ကန္နးတေ"

"မစ္စတာဒီပါ"

ကြိုးစကို ဓားဖြင့်ဖြတ်တောက်ပြီး လှမ်းကြည့်လိုက်တော့ ယမ်းများထားသောတဲထဲမှ မီးလောင်ကျွမ်းပြီး စခန်းတစ်ခုလုံးကို စက္ကန့်ပင်မခြားကူးစက်လောင်ကျွမ်းသွားလေတော့သည်။

(၄)ယောက်လုံး ဆုံသည့်နေရာရောက်တော့ လောင်ကျွမ်းပေါက်ကွဲမှုတွေက အင်အားကြီးမားစွာ ရှိနေသေးသည်။

"ဟိုမှာ တမူဒါ ပြေးပြီ"

တောင်ကုန်းမြင့်ထက်သို့ပြေးတက်သွားသော ဘိန်းဘုရင် တမူဒါကို တွေ့လိုက်ရပြီး ဆရီသွန်းလက်ထဲမှ ပြောင်းရှည်ကိုယူကာ ပစ်ချလိုက်သည်။

"ဒိုင်း...ဝုန်း..."

ရဲရင့်ဒီပါက သေစေလောက်သောနေရာကို ပစ်ခဲ့ခြင်း မဟုတ် ပေမယ့် ကံဆိုးစွာ တမူဒါခါးတွင် ချိတ်ထားသော လက်ပစ်ဗုံးကို ထိမှန်သွားခြင်းကြောင့် ပေါက်ကွဲသံကြီးနှင့်အတူ ဘိန်းဘုရင် တမူဒါဘဝနိဂုံးချုပ်သွားလေသည်။





"သူ့ရဲ့ကံပဲကွာ"

"ဒီလိုလူမျိုးသေတာပဲကောင်းတယ်"

လူရိုင်းစခန်းကြီးကိုအဝေးအမြင့်မှကြည့်လိုက်တော့ပြာကျ သလောက်ဖြစ်သွားပြီး လူရိုင်းအတုတွေလည်း ပြေးလွှားပျောက်ကွယ်သွားလေသည်။

"ဒီကောင်တွေရဲ့ဘဝလည်း ကျွတ်လွတ်သွားတာပေါ့"

"မစ္စတာဒီပါ"

"ဘာများလဲ၊ ကျေးဇူးတင်စကားပြောမလို့လား"

"ခင်ဗျားဟာ နတ်မျက်စိပိုင်ဆိုင်ထားတဲ့သူပဲ"

"ဘာလို့လဲ ကန္နးတေ"

"ခင်ဗျားပြောခဲ့တာတွေဟာ အားလုံးမှန်နေလို့ပါ"

"ဒါကတော့ဗျာ၊ ဆက်စပ်ပြီးတွေးကြည့်တာပါ၊ ထောက်လှမ်းရေးသမားတစ်ဦးမှာ ဒီလောက်အရည်အချင်းကတော့ ရှိရမယ်လေ၊ ခရီးဆက်ကြရအောင်"

ကန္နးတေမှာ ရဲရင့်ဒီပါပခုံးကို ဆုပ်ကိုင်လိုက်ပြီး

"လေးစားလောက်တဲ့ လူတစ်ယောက်ပါဗျာ၊ သွားကြမယ်"

◇◈◈◈◈◈



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ◂◂ ၁၀ ▸▸

အစွန်းရောက်အကြမ်းဖက်သမားများ၏စခန်းသို့ခရီးဆက်ခဲ့ကြသော ရဲရင့်ဒီပါတို့ (၄)ယောက်လုံးခရီးပန်းနေကြလေပြီ။

"ဒီပါ....ကျွန်မတို့နားမှဖြစ်တော့မယ်"

"ဟုတ်တယ် ဒီပါ....ငါတို့ဆက်ပြီးသွားနေရင် တကယ်ရင်ဆိုင် တဲ့အခါးကျရင် လက်ပန်းကျသလိုဖြစ်နေလိမ့်မယ်"

"ကနူးတေ ကျုပ်တို့နားလို့ရမယ့်နေရာ ရှာဗျာ"

"ကျုပ်ကတော့ဒီတောထဲမှာ မနေစေချင်ဘူး"

"ဘာလို့လဲ"

"ဒီနယ်မြေက မကောင်းဘူး၊ မြေတွင်းသားတွေက ကြော





ဖို့ကောင်းတယ် မစ္စတာဒီပါ"

"ခင်ဗျားပြောတဲ့မြေတွင်းသားဆိုတာ ဘာလဲဗျ"

"မြေအောက်မှာရှိတဲ့အကောင်တွေ...ဒီမြေကိုမြေရှိုင်းနယ်နိမိတ်လို့ သတ်မှတ်ထားတာ၊ ညဘက်ဆိုရင် ဒီကောင်တွေအပြင်ထွက်ပြီးအန္တရာယ်ပြုတတ်ကြတယ်"

"ဒါဆို ဘယ်မှာနားမှာလဲ"

"နောက်ထပ် နာရီဝက်ခရီးဆက်ရင် ရှေးဟောင်းသချိုင်းကြီးတစ်ခုကိုရောက်လိမ့်မယ်၊ အဲဒီမှာ နားကြတာပေါ့"

"ဒီလောက်တောနက်ကြီးထဲမှာ ဘယ်လိုလုပ်ပြီး သချိုင်းကရောက်နေရတာလဲ"

"ဒုတိယကမ္ဘာစစ်တုန်းက စစ်သချိုင်းလို့ပြောတာပဲ၊ တိတိကျကျတော့မသိဘူး၊ သရဲတော့အရမ်းခြောက်တယ်နော်"

"ဒါတွေကို သိပ်ပြီး အယုံအကြည်မရှိပါဘူးဗျာ၊ ကဲ မိုးမချုပ်ခင် သွားကြရအောင်"

အားလုံးရိက္ခာရောရေပါပြတ်နေကြလေပြီ။

"ကနူးတေဟိုရောက်ရင် ခင်ဗျားအစာအတွက် ရှာဦးလေ"

"စိတ်ချဒီပါရေ၊ ယုန်သားလေးတော့စားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယုန် ပေါ်လို့လား"

"အရမ်းကိုပေါတဲ့နေရာပဲ"

ပင်ပန်းနွမ်းနယ်သည့်ကြားထဲက သချိုင်းဆီသို့ ရောက်အောင်လာခဲ့ကြသည်။

"တီ...တီ..."

ဌာနချုပ်ဆက်သွယ်ရေးစက်မှ ခေါ်သံကြောင့် ဆရီသွန်းနား ထောင်လိုက်သည်။

"ဘာသတင်းပို့လဲ"

"နောက်နှစ်ရက်ဆိုရင် စစ်ဆင်ရေးစမယ်"

"ဟင်..."

"ဟာ..."

"ကျွန်မတို့ဆီက ရန်သူနယ်မြေသတင်းအချက်အလက်တွေကို အမြန်ဆုံးပို့ပေးပါတဲ့၊ ခုစစ်ဆင်ရေးက အထူးစစ်ဆင်ရေးတဲ့"

"ကနူးတော ကျုပ်တို့မီပါ့မလား၊ ပထမပေးထားတဲ့ သတ်မှတ်ချိန်ပြောင်းသွားပြီဆိုတော့ ရန်သူစခန်းကို ရောက်ဖို့ဖြစ်နိုင်ပါ့မလား"

"ဒီညနားပြီးရင် မနက်ခရီးဆက်၊ ညပိုင်းလောက်ဆို ရောက်နိုင်ပါတယ်"





"ဟူး..."

ဦးမြတ်ထက်အောင်ကို မြန်မာပြည်သို့ မခေါ်နိုင်မှာကို တွေးပြီး ရဲရင့်ဒီပါစိတ်ပူမိသည်။

"ဒီပါ... မင်းစိတ်ပူပန်နေတယ် မဟုတ်လား"

"ဟုတ်တယ် မျိုးလေး၊ ငါတို့ခုလို အသက်နဲ့ရင်းပြီးလာတာ ဦးမြတ်ထက်အောင်ကို အရှင်ဖမ်းနိုင်ဖို့လေ၊ ခုစစ်ဆင်ရေးပုံစံက တစ်ယောက်မကျန် ရှင်းပစ်မယ့် ထိုးစစ်ဆိုတော့ ဝင်ပြီးဖမ်းနိုင်ဖို့က အခြေအနေမကောင်းတော့ဘူး"

"အင်းပေါ့ကွာ၊ ငါတို့ဘက်က အတတ်နိုင်ဆုံး ကြိုးစားလို့ မဖြစ်လာတာကတော့ မတတ်နိုင်ဘူးပေါ့ကွာ"

"မခွတာ ဒီပါ"

"ဆရီသွန်း ပြောပါ"

"ရှင့်ကို ကျွန်မ ကြိုးစားပြီးကူညီပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်၊ ကျွန်မတို့ဟာ လူမျိုးမတူ၊ နိုင်ငံမတူပေမယ့် ခုချိန်မှာ သေဖော်ရှင်ဖက်ရဲဘော်တွေပါ၊ ရှင်ရဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မှောင်စပျိုးလောက်မှ စစ်သချိုင်းဟောင်းတစ်ခုကို ရောက်ရှိခဲ့လေသည်။ အဆောက်အအုံတစ်ခုကို တွေ့ရပေမယ့် နစ်ပေါင်းများစွာ သဘာဝဒဏ်ကြောင့် ပျက်စီးနေလေပြီ။

အဆောက်အဦထဲသို့ ဝင်ကာ အနားယူဖို့ပြင်ဆင်ကြတော့သည်။

"အားလုံးနားကြကျူပ်ညစာအတွက်ထွက်ပြီးရှာလိုက်ဦးမယ်"

တစ်နေ့လုံးဘာမှမစားသောက်ခဲ့ရသဖြင့်ဆာလောင်နေကြလေပြီ။

နာရီဝက်နီးပါးလောက် ကနူးတေ ထွက်သွားပြီးပြန်ရောက်လာတော့ယုန် (၄) ကောင်ကိုလက်တွင် ကိုင်ပြီးပြန်ရောက်လာသည်။

"မြန်လှချည်လား"

"ဒီကောင်တွေကို အဒိုက်ဖမ်းလာတာလေ၊ ဂူပျက်ထဲမှာ စုပြီး ဝပ်နေတုန်း လှောင်ပိတ်မိသွားတာ၊ ကဲ...မီးမွှေးပြီး တစ်ယောက်တစ်ကောင်နှုန်း စားကြတာပေါ့"

အဆောက်အဦထဲမှာပဲ ထင်းခြောက်တွေကိုစုပုံပြီးယုန်ကို မီးကင်ပြီးစားကြရသည်။

"တကယ်ကောင်းပါလားဟော့၊ ချိုနေတာပဲ"





"ဗိုက်ဆာခနလို့လားမသိဘူး၊ စားလို့ကောင်းလိုက်တာဟော့"

"စားတာ:ခတော့ဟုတ်ပါပြီ၊ ရေကပြဿနာနော်"

"မပူပါနဲ့ဗျို... ရေရှိတဲ့နေရာတွေ့ခဲ့တယ်၊ မစ္စတာမျိုးလေး ကျူပ်နဲ့လိုက်ခဲ့ဗျာ"

ကနူးတေနဲ့မျိုးလေး...ထွက်သွားပြီး ရဲရင့်ဒီပါတို့အဆောက်အဦပျက်ကြီးထဲတွင် ကျန်ရစ်ခဲ့သည်။

"အင်္ဂလိပ်တွေ နေထိုင်ခဲ့တဲ့ ပုံစံပဲနော်"

"ဟုတ်တယ်၊ အိန္ဒိယသစ်တောကြိုးဝိုင်းတစ်ခုဖြစ်မယ်"

"ရှူး..."

ရဲရင့်ဒီပါ၊ ဆရိသွန်းကို အသံမပြုရန် အချက်ပြလိုက်ပြီးတစ်ဆက်အခန်းပျက်ဆီသို့ ကပ်သွားလိုက်သည်။

"ဖြောင်း..."

"အား...သေပါပြီ..."

"ဟင်..."

အခန်းတံခါးပျက်ထဲမှ မိန်းကလေးတစ်ဦးကို ရဲရင့်ဒီပါ တွေ့ပြီးဆွဲထုတ်လိုက်ခြင်းဖြစ်သည်။

မိန်းကလေးမှာအိန္ဒိယလူမျိုးတစ်ဦးပင်



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ဘယ်သူလဲ"

"ကျွန်မ…ဟို…ဟို… သူပုန်စခန်းကနေ ထွက်ပြေးလာတာပါ"

"ဘာ…"

"ဟိုအကြမ်းဖက်စခန်းကလား"

"ဟုတ်ပါတယ်၊ ကျွန်မကို ဂျာဇူကာ မတရားသိမ်းပိုက်ထားတဲ့ကြားက သူတို့ကို အယုံသွင်းပြီး ခြေဦးတည့်ရာထွက်ပြေးရင်း ဒီကိုရောက်လာတာပါ"

"မင်းက ဘယ်မှာနေလဲ"

"ခါမူရာ ရွာလေးကပါ"

"သူပုန်စခန်းရဲ့အနီးကရွာလေးပေါ့"

"ဟုတ်ပါတယ်"

"မင်းက ရွာကိုမပြန်ဘဲ ဘာလို့ဒီထိအောင်ပြေးရတာလဲ"

"ကျွန်မ ရွာကိုပြန်လည်း သူတို့လက်ထဲကိုပြန်ရောက်မှာပဲဆိုပြီး ခုလို လွတ်ရာကိုပြေးခဲ့တာပါ၊ ကျွန်မကိုပြန်ပြီး မပို့ပါနဲ့ရှင်တောင်းပန်ပါတယ်"

"မင်းကိုပြန်ပို့စရာမရှိပါဘူး၊ ငါတို့ အစိုးရဘက်ကပါ"

"ဝမ်းသာလိုက်တာရှင်"





"တစ်ခုတော့ မင်းဆီက အကူအညီလိုချင်တယ်"

"ဟုတ်ကဲ့…ပြောပါ"

"မင်း ဂျာဇူကာ စခန်းမှာ ဘယ်လောက်ကြာအောင်နေခဲ့လဲ"

"(၁)နှစ်နီးပါး…"

"ဒါဆို အဝင်အထွက်ပေါက်တွေကို မင်းသိနေမှာပေါ့"

"ဟုတ်ကဲ့ သိပါတယ်"

"မင်း… ငါတို့ကို အဲဒီ သူပုန်စခန်းရဲ့ဝင်ပေါက်ထွက်ပေါက်တွေကို ပြောပြနိုင်မလား"

"ပြောပြပါ့မယ်"

"ကျေးဇူးတင်ပါတယ် မိန်းကလေး၊ မင်းဘာမှ စိတ်မပူပါနဲ့၊ မကြာခင် ဂျာဇူကာ စခန်းကို အစိုးရတပ်တွေ သိမ်းပိုက်တော့မှာပါ"

"တကယ်ပြောနေတာလားရှင်"

"တကယ်ပြောနေတာ၊ ဂျာဇူကာ စခန်းမှာ မြန်မာတစ်ယောက်ရှိတယ်မဟုတ်လား"

"ရှိတယ်၊ ဟို…ဦးမြတ်ထက်အောင် ဆိုလားပဲ"

"ဟုတ်တယ်"

"သူ အခု နိုင်ငံခြားသားတစ်ဦးနဲ့အတူရှိတယ်၊ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



အနပ်မြူလား ဘာလားတော့မသိဘူး၊ ထုတ်လုပ်ဖို့ရောက်နေတာတဲ့ ကျွန်မတို့ရွာဘက်ကိုမကြာခဏဆိုသလိုရောက်တယ်"

"ဟော့…ဘယ်လိုလုပ်ပြီးလူတစ်ယောက်တိုးရတာလဲ"

ကနုးတောနှင့်မျိုးလေး ရေခပ်ရာမှပြန်လာပြီးအံ့အားသင့်နေလေ၏။

"သူကအကြမ်းဖက်သူပုန်စခန်းကနေ ပြေးလာတာတဲ့"

"ဟာ…ဒါဆို ငါ တို့အတွက် အကူအညီရတာပေါ့၊ မင်း ဘာစားပြီးပြီလဲ"

"ဘာမှမစားရသေးဘူး၊ ရှင်တို့စားနေတာကိုကြည့်ပြီးဗိုက်ထဲမှာ ခြောင်းဆန်နေတာပဲ"

"ရော့…ငှက်ပျောသီးစားလိုက်၊ လမ်းမှာတွေ့လို့ခူးခဲ့တာ"

မျိုးလေးက မိန်းကလေးကိုငှက်ပျောသီးပေးရင်း

"မင်းနာမည်ဘယ်လိုခေါ်လဲ"

"ရှုဒီနာ…ပါ"

◇ ◈ ◈ ◈ ◈ ◈



ခါမူရာ ရွာကလေးကိုမိုးချုပ်မှရောက်ကြသည်။

"ရှုဒီနာ..မင်းရွာထဲကို လူမတွေ့အောင်ဝင်တဲ့လမ်း မရှိဘူးလား"

"ရှိတယ်အစ်ကို…ဘုရားကျောင်းနောက်ဘက်ကနေဝင်ရင် ကျွန်မတို့အိမ်ကိုရောက်ပြီ"

"မင်းအိမ်က စိတ်ချရရဲ့လား"

"စိတ်ချရပါတယ်၊ ကျွန်မတို့မိသားစုက အဲဒီသူပုန်တွေကို အရမ်းမုန်းတီးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သွားကြမယ်"

ရှုဒီနာ ခေါ်ဆောင်သောလမ်းအတိုင်းလိုက်လာခဲ့ရင်း

"အားလုံးဝင်ကြ"

ကားတစ်စီး၏မီးရောင်ကိုလှမ်းပြီးတွေ့လိုက်ရသဖြင့် ဝပ်နေ
လိုက်၏။ ကားပေါ်တွင် လက်နက်အပြည့်အစုံနဲ့ သူပုန်တွေကို မြင်
လိုက်ရသည်။ ကားက ပျောက်ကွယ်သွားမှ ပြန်ပြီးထလာခဲ့ကြသည်။

"ဒီလိုတောထဲမှာတောင် ကားတွေဘာတွေနဲ့ပါလား"

"ဘင်္ဂလားဒေ့ရှ်နယ်စပ်ကိုရောက်တော့မယ်လေ"

"ဟင်..."

"ခုနကကောင်တွေက အိန္ဒိယထဲကကောင်တွေမဟုတ်ဘူး
ဘင်္ဂလားဒေ့ရှ်ဘက်ကကောင်တွေ"

ဘုရားကျောင်းကြီးအနောက်ဘက်မှ ရှုဒီနာတို့အိမ်သို့လာခဲ့
သည်။

"ဒီနာ"

"မာမား..."

သားအမိနှစ်ယောက်ဖက်ပြီးငိုကြွေးနေစဉ်

"သူ...သူတို့က"





"သမီးကိုကယ်ခဲ့တဲ့သူတွေပါ၊ အစိုးရတပ်ဖွဲ့က"

"ဩော်...လာကြလာကြ"

အိမ်ထဲသို့အမြန်ဆုံးဝင်ပြီး တံခါးပိတ်လိုက်လေသည်။

"ဆရာသွန်း...မင်းဌာနချုပ်ကို သတင်းပို့ဖို့ပြင်ထား"

"အင်း..."

ရဲရင့်ဒီပါတို့ရောက်ရှိပြီဆိုသည်ကို ဆက်သွယ်ရေးရေဒီယို
မှတစ်ဆင့် သတင်းပို့လိုက်ပြီး သူတို့လှုပ်ရှားချိန်မှာ (၂၄) နာရီပဲအချိန်
ရလေတော့သည်။

"ဒုံး..."

"ဟင်..."

အိမ်ရှေ့တွင် ကားရပ်သံကြောင့် တံခါးပေါက်မှ ထွက် ပြီး
ကြည့်လိုက်တော့ အကြမ်းဖက်သူပုန် (၅) ယောက် ဂျစ်ကားဖြင့်
ရောက်ရှိလာခြင်းဖြစ်သည်။

"အိမ်ကိုလာတော့မဟုတ်ဘူး"

"ဘယ်ကိုလာတာလဲ မာမာ"

"ငါတို့ခြေရင်းအိမ်က ဘိန်းရောင်းတဲ့အိမ်ကိုလာပြီး ဘိန်းရှူ
ကြတာ"



www.burmeseclassic.com

www.burmeseclassic.com


"ဒီကားက စခန်းကိုပြန်မှာလား"

"ဟုတ်ဘယ်၊ ကင်းလှည့်ထွက်လာတဲ့ကားပါ"

"ဒါဆို အဆင်ပြေတာပေါ့"

"ဒီပါ..မင်းဘာလုပ်မှာလဲ"

"ငါဒီကားအောက်ကနေလိုက်ပြီးဝင်သွားမယ်၊ မင်းတို့အပြင်မှာလုပ်စရာရှိတာတွေကိုလုပ်ထားကြတော့၊ ငါဦးမြတ်ထက်အောင်ကိုရအောင်ဖမ်းခဲ့မယ်"

"ဒီပါ.."

"မျိုးလေး... ဒီလိုမှ မစွန့်စားရင် ဦးမြတ်ထက်အောင်ကို ဖမ်းဆီးနိုင်ဖို့ မလွယ်တော့ဘူး၊ ဆရိသွန်း မင်းလုပ်ရမယ့်တာဝန်ကို ဆက်လုပ်ပေတော့၊ ငါ့ကိုမငဲ့ကွက်နဲ့၊ သတ်မှတ်ချိန်မှပြန်မရောက်ဘူးဆိုရင် စစ်ဆင်ရေးအတိုင်းသာလုပ်ကြ"

ရဲရင့်ဒီပါ အပြင်သို့တစ်ချက်ကြည့်လိုက်တော့ သူပုန်တွေ အိမ်ထဲသို့ ဝင်ပြီး ဘိန်းရှူနေလေ၏။

ရဲရင့်ဒီပါအမှောင်ထုကိုအကာအကွယ်ယူပြီး ကားအောက်ကိုလိုမ့်ပြီးဝင်ကာနေလိုက်သည်။

နာရီဝက်လောက်ကြာတော့ အကြမ်းဖက်ကောင်တွေ ပြန်



ထွက်လာပြီး ကားမောင်းထွက်သွားလေသည်။ ခြေနှင့်လက်ကို မြဲနေအောင်ထားပြီးလိုက်ပါသွားခဲ့သည်။

ကားမှာ မိနစ် (၂၀)နီးပါးလောက်သွားပြီး စခန်းဝဆီသို့ ရောက်သည်။

"ဟေ့..ရာဂျစ်ငါတို့အတွက်ရော"

"ပါတယ်ရော့.."

အထုပ်တစ်ထုပ်ကို ပစ်ပေးပြီး ကားမောင်းဝင်လာခဲ့ကြသည်။

ကားရပ်ပြီး အားလုံးဆင်းသွားတော့မှ ရဲရင့်ဒီပါ ကားအောက်မှထွက်ခဲ့ပြီးစခန်းတဲနားမှာ ကပ်လိုက်လေသည်။

ရှဒီနာပြောသော အနေအထားအတိုင်း အကဲခတ်ပြီး ဦးမြတ်ထက်အောင်ရှိသောနေရာသို့သွားဖို့က မလွယ်ကူလှပေ။

အကြမ်းဖက်သူပုန်တွေက စခန်းနေရာအနှံ့အပြားမှာ အုပ်စုနှင့်ရှိနေသောကြောင့် လှုပ်ရှားဖို့မလွယ်ကူလှပေ။

"ဟင်.."

ရဲရင့်ဒီပါပုန်းနေသောနေရာဆီသို့သူပုန်တစ်ယောက်ခေါင်းငိုက်စိုက်ဖြင့်လျှောက်လာသဖြင့် ရဲရင့်ဒီပါ ခေါင်းထဲတွင် အကြံတစ်ခု


www.burmeseclassic.com

www.burmeseclassic.com

ရသွားပြီး ထိုသူပုန်ကို နောက်မှ အသံတိတ်ရိုက်ချလိုက်သည်။ ပြီးမှ အမှောင်ထုထဲသို့ဆွဲခေါ်သွားပြီးအဝတ်အစားလဲလိုက်သည်။

အားလုံးပြီးစီးသည်နှင့်ဦးထုပ်ကိုခပ်ငိုက်ငိုက်လေးဆောင်းပြီးထွက်လာခဲ့သည်။

"ဟိုကောင်…ဘာလုပ်နေတာလဲ၊ဟိုမှာလက်နက်ကြီးတွေရောက်တော့မယ် သွားပြီးလုပ်"

"ဟုတ်ကဲ့"

သူပုန်ခေါင်းဆောင်က လှမ်းပြီးအော်လိုက်သောကြောင့် အနောက်ဘက်သို့ပြေးလွှားသွားနေသော သူတွေနှင့်ရောထွေးပြီး လိုက်ခဲ့သည်။ စခန်း၏အပြင်ဘက် ကွင်းပြင်တွင် ရဟတ်ယာဉ်(၂)စီး ဆိုက်ထားပြီး သေတ္တာတွေကိုသယ်ယူနေကြသည်။

"ဟင်…"

ဦးမြတ်ထက်အောင်နှင့်အီတာလျံ၊ ဒေးဗစ်ဆီး၊ ဂျာဂူကာတို့ (၃)ယောက်အတူတူရပ်ကာနေသည်။

ရဲရင့်ဒီပါသေတ္တာတစ်လုံးကိုပခုံးပေါ်ထမ်းပြီးသယ်လာခဲ့သည်။ စခန်းထဲသို့ရောက်တော့ မှောင်ရိပ်ထဲသို့ဝင်ကာ ဦးမြတ်ထက်အောင် နေထိုင်ရာအိမ်ဘက်သို့လာခဲ့တော့သည်။





အကြမ်းဖက်သူပုန်တွေ လက်နက်သယ်ယူနေသဖြင့် ရဲရင့်ဒီပါအတွက် အဒါးငံ့အရေးရခဲ့သည်။

ဦးမြတ်ထက်အောင် နေထိုင်သောအိမ်ထဲသို့ဝင်ပြီးအခန်း လွတ်တစ်ခုတွင် ပုန်းပြီးစောင့်နေလိုက်သည်။

အချိန်တော်တော်ကြာထိအောင် စောင့်ပေမယ့် ပေါ်မလာပေ။ အပြင်ဘက်သို့ခေါင်းထွက်ပြီးကြည့်တော့ စားသောက်ပွဲတွေနှင့် အောင်ပွဲခံနေသည်ကိုမြင်တွေ့လိုက်ရသည်။

ရဲရင့်ဒီပါစိတ်ရှည်စွာ ဆက်လက်စောင့်ရတော့သည်။

"တီ…"

"ဟင်…

သူ့နာရီ ဆက်သွယ်ရေးစက်မှ အရေးပေါ်ဆက်သွယ်မှု ကြောင့်ကြည့်လိုက်ရာ…စစ်ဆင်ရေးကိုမနက်(၆း၀၀)နာရီထိုးတာနဲ့ စတင်မှာဖြစ်ကာ၊ လေကြောင်းမှစတင်ပြီးတိုက်ခိုက်မည်ဖြစ် သည်။

"ဘော်…ဘူ…"

"ဟင်…"

အပြင်ဘက်မှအရေးပေါ်အချက်ပေးသံကိုပါ ထပ်ပြီးကြား ရပြန်သည်။


www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပြင်ထားကြ"

"ရှိ..."

ခရာမှုတ်သံတွေနှင့်အတူ အကြမ်းဖက်သူပုန်တွေ စစ်ပွဲ တစ်ပွဲအတွက်ပြင်ဆင်နေရာယူကြကုန်လေပြီ။

အစိုးရဘက်မှစစ်ဆင်ရေးကို သိရှိသွားလို့ဖြစ်မည်။

"လက်နက်ကြီးတွေ ပြင်ဆင်ထားကြ၊ အစိုးရတပ်တွေ ကို တစ်ယောက်မကျန်အောင် ချေမှုန်းရမယ်၊ ဟားဟားဟား..."

ဂျာဇူကာ သူ့လူတွေကို အော်ဟစ်ပြောဆိုပြီး ရယ်မောနေ လေသည်။

အဲဒီတာလျှံဆေးဗစ်ဆီးမှလက်နက်ကြီးတွေကိုတပ်ဆင်ပေး ပြီး ဦးမြတ်ထက်အောင်မှ အဆိပ်ငွေ့လက်နက်တွေကို တပ်ဆင်ပေး သည်။

"ဟင်..."

ရဲရင့်ဒီပါ ထိုလက်နက်တွေကို ကာကွယ်ပေးနိုင်မှ အစိုးရ တပ်တွေအတွက်အခြေအနေကောင်းနိုင်မှာဖြစ်သည်။

အားလုံးပြင်ဆင်ပြီး၍ နေရာယူထားကြပြီဖြစ်သည်။ ဒေးဗစ်ဆီးနှင့်ဦးမြတ်ထက်အောင် သူတို့အခန်းဆီသို့ပြန်လာသဖြင့်





ရဲရင့်ဒီပါ အပြင်သို့ပြန်ထွက်ကာ လက်နက်ကြီးတွေကို ဖျက်ဆီးနိုင် ရေးအတွက်ကြိုးစားရတော့သည်။

"ဟော့ကောင် မင်းဒီမှာနေဦး၊ ငါအပေါ့သွားမလို့"

ရဲရင့်ဒီပါအတွက် ကံကောင်းသွားလေပြီ။ လက်နက်ကြီးကို အသင့်စောင့်ကြပ်ပေးနေသော ကောင်က သူ့နေရာတွင် စောင့်နိုင်း သောကြောင့် လက်နက်ကြီးနားသို့ကပ်ပြီးပစ်ခတ်မည့်ကောင်ကို

"မင်းဆေးမချဘူးလား"

"ချချင်တာပေါ့ကွာ၊ ချမယ့်ဆဲဆဲ အရေးပေါ်လာလို့ ဒီမှာ လာပြီးစောင့်နေရတာ"

"အစိုးရတပ်တွေ မလာနိုင်သေးပါဘူး၊ မင်းချချင်ရင် သွားလေ၊ ငါစောင့်ပေးထားတယ်၊ သိပ်တော့ မကြာစေနဲ့"

"အေးပါကွာ၊ ခဏလေးရှူပြီးတာနဲ့ လာခဲ့မယ်၊ မင်း ဘယ်မှ မသွားနဲ့"

"စိတ်ချပြီးသာသွား"

ပစ်ခတ်ရေးသမားနှစ်ယောက်လုံးမရှိတော့မှ မိုင်းတစ်တွဲကို လက်နက်ကြီးထဲမှာတပ်ဆင်လိုက်သည်။

လက်နက်ကြီးကိုစွပြီးပြတ်သွားပေမယ့် အဆိပ်ငွေ့ ...က်



www.burmeseclassic.com

www.burmeseclassic.com



နက်ကြီးကိုဖျက်ဆီးဖို့ကျန်သေးသည်။

အဆိပ်ငွေ့လက်နက်ကိုတော့ ကွန်ပျူတာဖြင့် ထိန်းချုပ်ပြီး ပစ်ခတ်မှာဖြစ်သောကြောင့် ကွန်ပျူတာကိုင်တွယ်မည့်သူက ဦးမြတ်ထက်အောင်... သူ့လက်က နာရီကိုကြည့်လိုက်တော့ မနက် (၄း၀၀) နာရီထိုးနေလေပြီ။

သူ့လှုပ်ရှားမှုက နောက်ထပ် နှစ်နာရီသာ ကျန်လေတော့ သည်။ ရဲရင့်ဒီပါ... လက်နက်ကြီးသမားတွေပြန်ပြီးရောက်လာ သည် နှင့် သူပြန်အထွက်မှာ

"ဟင်...မင်း....."

သူပုန်ကောင်က ရဲရင့်ဒီပါကိုမသက်ာဖြစ်သွားပြီး

"ဟေ့ကောင်...မင်းရပ်စမ်း၊ မင်းဦးထုပ်ချွတ်စမ်း"

ရဲရင့်ဒီပါအတွက် နောက်ဆုံးအခြေအနေကိုရောက်ရှိ သွားပြီး

"ငါဘယ်သူလဲဆိုတာ ဒီမှာကြည့်"

"ဖြောင်း...အင့်...ခွပ်..."

"ဒိုင်း..."

"ဟာ..."





တစ်ယောက်ဆီမှသေနတ်ကျည်ဆံထွက်သွားပြီး ရုတ်ရုတ် သဲသဲဖြစ်သွားလေ၏။

"ဒိုင်း...ဒိုင်း..."

ရဲရင့်ဒီပါကို ဝိုင်းပြီး ပစ်ခတ်လေ၏။ လေးဖက်လေးတန်မှ ဝိုင်းပြီးပစ်ခတ်နေသောကြောင့် ထွက်ပေါက်မရှိတော့ပေ။

ရဲရင့်ဒီပါ သူ၏သေနတ်ကိုထုတ်ပြီး ပစ်တော့မှ

"ဗိုး...ဝုန်း..."

လက်နက်တိုက်ကို အရင်ဆုံး ပစ်ခတ်လိုက်ပြီး ပေါက်ကွဲမှု နှင့်အတူ ထွက်ပေါက်ကိုရှာလေ၏။

"ဒိုင်း...ဒိုင်း..."

"ဒီပါ...ဒီဘက်ကိုပြေးခဲ့"

"ဟင်...ဆရီသွန်းနဲ့မျိုးလေး"

ဆရီသွန်း မျိုးလေးနှင့် ကနူးတေတို့ လိုက်လာပြီး ပစ်ခတ် ပေးတော့မှနောက်ဘက်ထွက်ပေါက်ကိုရခဲ့လေသည်။

"ခွေးကောင်တွေအသေရအောင်ပစ်စမ်း"

ဂျာဂူကာ အော်ဟစ်ပြီးပြောနေလေသည်။

ရဲရင့်ဒီပါတို့(၄)ယောက်ကိုသဲကြီးမဲကြီးပစ်ခတ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးလေးနဲ့ ဆရိသွန်း မင်းတို့ အမြန်ဆုံးထွက်ဖို့လုပ်တော့၊ အချိန်ကနီးလာပြီ"

"ဒီပါ... ဒီလိုလာခဲ့တော့၊ မင်းနဲ့ငါက သေတူရှင်တူပဲ မထွက်ဘူး"

"ဟုတ်တယ်၊ ကျွန်မလည်း မထွက်ဘူး၊ ရှင်နဲ့အတူရှိနေမယ်"

ကျည်ဆံတွေက မိုးရွာသလိုပစ်ခတ်နေသည်။

"ငါ့ကိုကာပစ်ပစ်ပေးထား၊ ငါဦးမြတ်ထက်အောင်နေရာကို ရအောင်သွားမယ်"

"ဒီပါ..."

မျိုးလေး...ဒီပါပခုံးကိုပုတ်လိုက်ပြီး ကာပစ်ပစ်ပေးနေသည်။

ရဲရင့်ဒီပါမှာကျည်ဆံများကြားမှပြေးထွက်ပြီးဦးမြတ်ထက်အောင် နေရာကိုရောက်အောင်သွားခဲ့သည်။

ဦးမြတ်ထက်အောင်နှင့် ဒေးဗစ်ဆီးက အပြင်တွင် ရပ်ပြီး ကြည့်နေကြသည်။

ရဲရင့်ဒီပါလှမ်းပြီး တွေ့နေရပေမယ့် အနီးကိုသွား၍မရပေ။

ဦးမြတ်ထက်အောင်ရှေ့တွင် အစွန်းရောက်ကောင်တွေက





ဘန်ကာထဲမှပစ်ခတ်နေသောကြောင့် ရှေ့ကိုဆက်ပြီးတက်လို့မရ

ရဲရင့်ဒီပါ အနိုးနိုက်ကို စောင့်ရတော့မည်ဖြစ်သည်။ ဒါပေမယ့် ခုလိုပစ်အားနှင့် သူငယ့်ကြာကြာတောင့်ခံနိုင်ဖို့မလွယ်ပေ။

မနက်(၅း၀၀)နာရီထိုးနေပေမယ့် တစ်နာရီတည်း ဆိုသော အချိန်ကိုတောင့်ခံနိုင်ဖို့မဖြစ်နိုင်တော့ပေ။

"မင်းတို့ အညှဲ့ခံလိုက်ရင် မသတ်ဘူး၊ ဆက်ပြီး ခုခံနေ ရင်တော့ သေအောင်သတ်မယ်"

လက်ကိုင်စပီကာနှင့်လှမ်းပြီးအော်နေလေပြီ။

"ဟင်...ဆရိသွန်း..."

ဆရိသွန်း လက်မြှောက်ပြီးထွက်သွားသည်ကို တွေ့လိုက်ရခြင်းကြောင့် အံ့အားသင့်သွားသည်။

မျိုးလေးနှင့်ကနူးတောကတော့ ပုံမှန်ပဲရှိနေသည်။

ဆရိသွန်း ဘာသဘောနဲ့လုပ်ဆောင်သည်ဆိုတာကို နားလည်နိုင်အောင် ဖြစ်သွားပေမယ့် ဆရိသွန်းဆီမှာ အကြံတစ်ခုရှိနေသည်ကိုသဘောပေါက်လိုက်သည်။

"ကျန်တဲ့ကောင်တွေ ခေါင်းမစားနဲ့၊ မင်းတို့အတွက် အကျိုးရှိဘူးနော်... မင်းတို့စစ်တပ်ကို အားကိုးမနေနဲ့၊ အားလုံး မသာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ငါဆီကိုလာတိုက်ကြတာ၊ ဟားဟားဟား...”

ဂျာဂူကာ အောင်မြင်သောလေသံကြီးဖြင့်ပြောနေချိန်တွင် ဆရီသွန်းကို နှစ်ယောက်က ခေါ်ဆောင်သွားသည်။

“ဘယ်သူများလဲမှတ်တယ်၊ အသည်းလေးပဲ၊ မင်းက အရင်လိုပဲ လုနေတာကိုး”

ဂျာဂူးကာ ဆရီသွန်း လက်ဖဝါးလေးကို ကိုင်တွယ်ပြီး နမ်းလေသည်။

“မင်းကောင်တွေကိုအညှံ့ခံခိုင်းလိုက်ပါ”

“ကျွန်မ ပြောပေးပါ့မယ်”

ဆရီသွန်း....ရဲရင့်ဒီပါတို့ဘက်ကို လှမ်းပြီး ပြောမလို့နှင့်

“ကဲဟာ...”

“ဟင်...မင်း...မင်း...ခွေးမ...”

“ရှင် မလှုပ်ရှားနဲ့တော့နော်၊ ရှင့်လူတွေကိုပြောလိုက်၊ ကျွန်မလူတွေကို မပစ်ရင် ရှင့်ကိုမသတ်ဘူး”

“မင်းကွာ...တောက်...ဟေ့ကောင်တွေ မပစ်နဲ့ရပ်လိုက်”

ရဲရင့်ဒီပါ ထိုအခွင့်အရေးကို အပြည့်အဝအသုံးချရတော့မည်ဖြစ်လေသည်။





“ဒီပါ ရှင်တို့ ထွက်သွားကြပါ”

ရဲရင့်ဒီပါ နေရာမှထပြီး ဆရီသွန်းဆီသို့ လျှောက်ခဲ့သည်။

“ရှင် ဘာလာလုပ်တာလဲ၊ ထွက်သွားလေ...”

“မင်းနဲ့အတူ အဖမ်းခံမယ်၊ ငါထွက်မသွားဘူး”

“အို...ဒီပါ...ရှင်...”

ရဲရင့်ဒီပါ အမှန်တော့ ဆရီသွန်းဆီကို သွားခြင်းမဟုတ်၊ ဦးမြတ်ထက်အောင်တို့နားကို ချဉ်းကပ်ဖို့အတွက် ဆက်ပြီးလာခဲ့ခြင်းဖြစ်သည်။ ဒါကို ဆရီသွန်းက သဘောပေါက်ပေမယ့်

“ဒီပါ...ရှင်ပြန်ထွက်သွားပါ”

“မင်းနဲ့ငါက သေတူရှင်တူ လာခဲ့တာပဲ၊ မသွားနိုင်ဘူး”

“ဟားဟား...ဒါမျိုးမှ ကြိုက်တာကွ”

ဦးမြတ်ထက်အောင်နားသို့ရဲရင့်ဒီပါ ရောက်တော့မှ

“ဟင်...”

“ခင်ဗျားကိုသိပ်ပြီးတွေ့ချင်လို့လိုက်ခဲ့တာပါ၊ ဦးမြတ်ထက်အောင်မလှုပ်နဲ့နော်၊ လှုပ်တာနဲ့ ကျုပ်က ခင်ဗျားအသက်ကို ထုတ်ယူ သွားရမှာပဲ၊ ဒါမှ တာဝန်ကျေမှာ”

ရဲရင့်ဒီပါ....ဦးမြတ်ထက်အောင်ကိုသေနတ်နှင့်တေ့ပြီး ချိန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"မင်း ငါ့ကို ဖမ်းပြီးခေါ်သွားလို့ရော မြန်မာပြည်က ခြေလျှင်လျှောက်ပြီး သွားလို့ရတဲ့နေရာမှ မဟုတ်တာကွာ၊ စိတ်ကူးယဉ်မနေပါနဲ့၊ ဒီပခန်းထဲက မင်းထွက်ဖို့တောင် မလွယ်ဘူး"

"ခင်ဗျားကို မြန်မာပြည်ကို ရအောင်ကို ပြန်ခေါ်သွားမှာပါ ဦးမြတ်ထက်အောင်"

"ဟားဟားဟား....အင်းလေ...စောင့်ကြည့်ရတာပေါ့ကွာ၊ နေ မင်းတို့ ဘာလုပ်မှာလဲ၊ ငါ့ကိုခေါ်သွားမှာလား"

"ဟုတ်တယ်၊ ခင်ဗျားကိုခေါ်သွားမှာ"

"လိုက်ပြီကွာ.."

"သိပ်ပြီးကောင်းတဲ့ သဘောထားပဲ"

ဦးမြတ်ထက်အောင် နားထင်ကို သေနတ်နှင့်တေ့ပြီးအပြင်သို့ခေါ်လာခဲ့စဉ်....

"ဒီပါ နောက်မှာ.."

"ဖြောင်း.."

"အီး...အင့်.."

ဒေးပစ်ဆီးက ရဲရင့်ဒီပါကို အတင်းခုန်ပြီး ကန်လိုက်သော





ကြောင့် လက်မတင်လေးနောက်ကျသွားပြီး ရှေ့သို့စိုက်ကျသွားသည်။

"ဟားဟားဟား.... ဘယ်လိုလဲ၊ မြန်မာပြည်ကိုပြန်ပြီးခေါ်မယ့် ကောင်က ဒီလောက်လေးတောင် ဘာမှ မလုပ်နိုင်တော့ပါလား။ ကြာတယ်ကွာ.."

ဦးမြတ်ထက်အောင် ခါးကြားမှ သေနတ်ကိုထုတ်ပြီး ရဲရင့် ဒီပါကို ပစ်ရန် ပြင်ချိန်တွင်

"ဂျာနူကာ...ရှင့်လူကိုရပ်နိုင်းလိုက်နော်"

"ဟော့...ကဲကွာ.."

"အင့်..."

ဆရီသွန်းကို ဂျာနူကာ အတင်းတိုက်ခိုက်ပြီး သေနတ်ကို လုယူလိုက်လေသည်။

"ဘယ်လိုလဲ ဟော့၊ အရသာရှိသွားပြီလား"

ရဲရင့်ဒီပါရော ဆရီသွန်းပါ သူတို့လက်ထဲသို့ရောက်ရှိသွားလေပြီ။

ထို့အပြင် မျိုးလေးနှင့်ကန္နားတေပါ ဒဲဖမ်းခံလိုက်ရပြီဖြစ်သောကြောင့်

"ခေါ်ခဲ့ကွာ၊ ဒီကောင်တွေကို"



www.burmeseclassic.com

www.burmeseclassic.com



ဂျာဂူကာ သူ့ပုစ္စတိုကို ထုတ်ပြီး တစ်ခါတည်း ရှင်းပစ်ဖို့ ပြင်တော့သည်။

"နေဦး…ဂျာဂူကာ ကိုယ်က မြန်မာနိုင်ငံသားဆိုတော့ မသတ်ခင်လေး မျက်နှာကိုတဝကြီးကြည့်လိုက်ဦးမယ်ဟားဟားဟား…"

ရဲရင့်ဒီပါ လက်က နာရီကို ကြည့်လိုက်တော့ (၆း၀၀)နာရီ ထိုးရန် ၁ မိနစ်သာလိုတော့သည်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသင့်ပြင်ထားလိုက်သည်။

"ဝေါ…"

"ဟာ…"

"တိုက်လေယာဉ်တွေ လာနေပြီ…"

အော်ပြောချိန်မှာ နောက်ကျသလိုဖြစ်သွားလေပြီ။ တိုက်လေယာဉ်များမှ ဒုံးကျည်များနှင့် စတင်ပြီး ပစ်ခတ်လေတော့ သည်။

တိုက်လေယာဉ်များမှ ပစ်ခတ်မှုကြောင့် စခန်းတစ်ခုလုံး ပေါက်ကွဲမှုတွေ၊ မီးလောင်မှုတွေ ဖြစ်သွားသလို မြေပြင်ထိုးစစ်မှ လည်း ဝင်ရောက်တိုက်ခိုက်လေသည်။

"ဒိုင်း…ဒိုင်း…"

"ဝုန်း…"





လက်နက်ကြီးဘက်မှ ပေါက်ကွဲသံများနှင့်အတူ အကြမ်းဖက်သူပုန်များအတုံးအရုံးကျဆုံးကုန်ပြီး အဓိကလက်နက်တစ်ခုသာ ကျန် တော့သည်။ ထိုလက်နက်ကို ပစ်ခတ်မည့် ဦးမြတ်ထက်အောင် ကွန်ပျူတာဆီသို့ ပြေးသွားသည်ကို တွေ့လိုက်ရသဖြင့် ရဲရင့်ဒီပါ နောက်မှ ပြေးလိုက်သွားသည်။

အခန်းထဲကိုဝင်ကာ အဆိပ်လက်နက်ပစ်ခတ်ရန် ကွန်ပျူတာ ခလုတ်ကိုနှိပ်မည်အပြု…

"ကဲ…ဖြောင်း…"

ဦးမြတ်ထက်အောင်ရှေ့သို့ စိုက်ကျသွားပြီး လက်ထဲမှ ကွန်ပျူတာလွတ်ကျသွားသည်။

"ဝုန်း…"

ရဲရင့်ဒီပါ ကွန်ပျူတာကိုယူကာ အနီးရှိ ချောက်ထဲသို့ ပစ်ချ လိုက်ပြီး ဦးမြတ်ထက်အောင် ကုတ်ကိုဆွဲပြီး

"ကျုပ်က ပြောထားတဲ့စကားကို ဘယ်တော့မှ အပျက်မခံဘူး"

"ချောက်…"

ခါးကြားမှ လက်ထိပ်ကိုဖြုတ်၍ ဦးမြတ်ထက်အောင်နှင့် အတူတွဲပြီး ခတ်လိုက်ကာ အပြင်သို့ ထွက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

ပေါက်ကွဲသံတွေနှင့်အတူအစွန်းရောက်အကြမ်းဖက်သူပုန်စခန်းတစ်ခုလုံး ပျက်စီးနေလေတော့သည်။

"ဟင်...ဆရီသွန်း..."

ဆရီသွန်းကို ဂျာဒူကာ စားစာခံလုပ်ပြီး ထွက်ပြေးဖို့ပြင်ဆင်နေသည်။

"ဒီပါ..."

"မျိုးလေး... မင်းသူ့ကို ရအောင်ခေါ်ထုတ်သွားပါ၊ ငါ ဆရီသွန်း နောက်ကိုလိုက်သွားမယ်"

မျိုးလေးလက်ထဲသို့ ဦးမြတ်ထက်အောင်ကို လွှဲပြောင်းပေးလိုက်ပြီး နောက်မှလိုက်သွားလေသည်။

"ဟော့ကောင်...မင်းရှေ့တိုးတာနဲ့ ငါအသသတ်ပဲနော်..."

"ဒီပါ ... ပစ်ထည့်လိုက်၊ ကျွန်မကို မငဲ့နဲ့၊ ဒီလိုလူ လွတ်သွားလို့မဖြစ်ဘူး..."

ရဲရင့်ဒီပါ.. စိတ်ကိုတည်ငြိမ်စွာထားပြီး သေနတ်ခလုတ်ကို လက်ကလေးကွေးချလိုက်သည်။

"ဒိုင်း..."





"အား..."

ဂျာဒူကာ လက်ထဲမှ သေနတ်လွင့်စင်သွားလေတော့သည်။ ထို့နောက် ဆရီသွန်း... ဂျာဒူကာကို သေနတ်နှင့်ချိန်ပြီး ခေါ်ဆောင်လာလေသည်။

"ဒိုင်း..."

"အား..."

"ဟင်...ဒီပါ..."

အိတ်တာလျှံ ဒေးဗစ်ဆီးက လှမ်းပြီး ပစ်ခြင်းကြောင့် ရဲရင့်ဒီပါ ရင်ဘတ်ကိုထိမှန်သွားလေသည်။

"ဒိုင်း...အား..."

ကနူးဝေက နောက်မှ ဒေးဗစ်ဆီးကို ပစ်ချလိုက်တော့၏။ သူပုန်စခန်းကြီးတစ်ခုလုံးကို အစိုးရတပ်မှ သိမ်းပိုက်လိုက်ပြီဖြစ်သည်။

"ဒီပါ...ဒီပါ..."

"ကျုပ် ဘာမှမဖြစ်ပါဘူး"

"ရှင်ရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်ဒီပါကိုကျည်ကာအကျီလေးမှ ကယ်တင်လိုက်ခြင်းဖြစ်သည်။ ကောင်းကင်ထက်တွင် အလင်းရောင်တွေက ပေါ်ထွက်လာခဲ့လေပြီ။ (၃) နာရီကြာတိုက်ပွဲက ပြီးဆုံးသွားခဲ့သည်။

"ဒတ်...ဒတ်..."

စခန်းသို့ရဟတ်ယာဉ်တစ်စီးပျံဝဲဆင်းသက်လာပြီး သတင်းထောက်များနှင့် သက်ဆိုင်ရာထောက်လှမ်းရေးမှူးများလိုက်ပါလာကြလေသည်။

"လေးစားပါတယ် မစ္စတာ ရဲရင့်ဒီပါ၊ ခင်ဗျားတို့ရဲ့စွန့်စားမှုကြီးက အိန္ဒိယပြည်မှာ ကမ္ဘည်းတင်စေခဲ့မှာပါ"

"ကျေးဇူးတင်ပါတယ်"

"သတင်းကောင်းပြောရဦးမယ်"

"ဘာများလဲ"

"ကမ္ဘာ့အန္တရာယ်ခေါင်းဆောင်ကြီးကိုနိုင်ငံတကာ ထောက်လှမ်းရေးအဖွဲ့က ဝင်ဖမ်းဆီးလိုက်ပြီ"

"ဝမ်းသာစရာပေါ့ဗျာ"

"ရှုးသွပ်နေတဲ့လူရဲ့ဇာတ်သိမ်းကိုရောက်သွားခဲ့ပြီလို့ဆိုရမှာပေါ့"





"ကဲ...မစ္စတာရဲရင့်ဒီပါ... ခင်ဗျားတို့လူကိုပြန်ပြီးခေါ်သွားနိုင်ပြီပေါ့ဗျာ..."

◇◈◈◈◈◈

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ◂◂ ဇာတ်သိမ်း ▸▸

ရဲရင့်ဒီပါနှင့်မျိုးလေးတို့ကို လေယာဉ်ကွင်းဆီသို့ အထူးရဲတပ်ဖွဲ့ကားနှစ်စီးနှင့် လိုက်ပြီးပို့ဆောင်ပေးလေ၏။

ရှေ့ကားပေါ်တွင် အိန္ဒိယတာဝန်ရှိသူတွေလိုက်ခဲ့ပြီး နောက်ကားတွင် ရဲရင့်ဒီပါ၊ မျိုးလေးနှင့် ဦးမြတ်ထက်အောင်တို့ လိုက်ပါခဲ့သည်။

လေယာဉ်ကွင်းကိုရောက်တော့ အထူးလေယာဉ်ဖြင့်ပြန်ရမည်ဖြစ်သည်။

"သွားခွင့်ပြုပါ.."

"ကောင်းပါပြီ..မစ္စတာရဲရင့်ဒီပါ.."

"ခုလို..... အိန္ဒိယနယ်နိမိတ်ထဲမှာ ဖမ်းဆီးခွင့်ပြုပေးတာကျေးဇူးတင်ပါတယ်"





"ကျုပ်တို့က ကျေးဇူးပြန်ပြီးတင်ရမှာပါဗျာ ခင်ဗျား... အစွန်းရောက်သူပုန်စခန်းတစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့သလို ကျွန်တော်တို့ရဲဘော်တွေ အဆိပ်ငွေ့ဒဏ်က ကာကွယ်ခဲ့တဲ့ခင်ဗျားရဲ့လုပ်ဆောင်ချက်တွေကို မှတ်တမ်းတင်ထားပါတယ်၊ ဒီမှာ နယူးဒေလီသတင်းစာလေ၊ လက်ဆောင်အဖြစ် ယူသွားလိုက်ပါဦး"

ထောက်လှမ်းရေးမှူးချုပ်ပေးသော သတင်းစာကိုယူကြည့်လိုက်တော့ ရဲရင့်ဒီပါနှင့်မျိုးလေး၊ ဆရီသွန်း၊ ကနူးတောတို့ကို ဂုဏ်ပြုဖော်ကျူးထားသော သတင်းတွေကိုတွေ့မြင်လိုက်ရသည်။

"ဪ... ဆရီသွန်းတစ်ယောက်မတွေ့ပါလား"

"သူက ခင်ဗျားတို့ကို နှုတ်ဆက်ဖို့မအားလို့မလာနိုင်ဘူး"

"ကျွန်တော် နှုတ်ဆက်ခဲ့ပါတယ်လို့ပြောလိုက်ပါ"

"ကောင်းပါပြီ.."

လေယာဉ်ကြီးပေါ်သို့တက်ပြီး သိပ်မကြာ မြန်မာပြည်သို့စတင်ပြီးပျံသန်းလေတော့သည်။

"ဒီပါ..."

"ဟင်...ဆရီသွန်း.."

လေယာဉ်မယ်ဝတ်စုံနှင့်တွေ့လိုက်ရခြင်းကြောင့်ဒီပါအား



www.burmeseclassic.com

www.burmeseclassic.com



သင့်သွားရသည်။

"ဘယ်လိုဖြစ်ရတာလဲ"

"ရှင်တို့အတွက် လုံခြုံရေးလိုက်ပါရတာလေ၊ မြန်မာပြည်မှာ (၅)ရက်လောက် နေခွင့်ရဦးမှာ၊ ဒီတစ်ခါတော့ ရှင့်အလှည့်ပဲနော်၊ မစွတာရဲရင့်ဒိပါ..."

"ကိုယ်မြေကိုရောက်ရင် ကိုယ့်ဘက်က တာဝန်ကျေစေရမှာပေါ့ဗျာ"

"ကျွန်မဘက်က တာဝန်တွေလည်းကျေခဲ့ပါတယ်နော်..."

နှစ်ယောက်သားပြိုင်တူပြုံးလိုက်မိတော့သည်။

တဖတ်ပရိသတ်များအား အစဉ်လေးစားလျက်

နှိုင်းမဟာ

BURMESE CLASSIC

www.burmeseclassic.com